# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု**
>
> စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။
>
> ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၂၇)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို နီပေါနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း နီပေါနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ကတ္တမန္ဒူမြို့၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့လည်း ချစ်ကြည်ရေးခရီးစဉ်နှင့် တစ်ဆက်တည်း တက်ရောက်မည်ဖြစ်သည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)၌ အမှာစကားပြောကြား



**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

နှီးနှောဖလှယ်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးသာဦး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ကော်မတီတို့မှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်များအဖွဲ့နှင့် နည်းပညာရှင်အဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊


စာမျက်နှာ ၃ ကော်လံ ၁ ▲




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ်၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) တွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပ


စာမျက်နှာ ❖ ၇





မြန်မာ့အလင်း

# ငွေကြေးလဲလှယ်နှုန်း အာမခံစနစ်

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများကြား ကုန်သွယ်မှုပြုလုပ်ရာ၌ အဓိက အားဖြင့် အမေရိကန်ဒေါ်လာငွေကို အသုံးပြု၍ အရောင်းအဝယ်ပြုလုပ်ကြပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံခြားတိုင်းပြည်များမှ သွင်းကုန်များပြားချိန်တွင် အမေရိကန်ဒေါ်လာဝယ်လိုအား သိသိသာသာ မြင့်တက်လာမှုနှင့်အတူ ကျပ်ငွေဖြင့် ဖလှယ်သော အမေရိကန်ဒေါ်လာ၏ တန်ဖိုးသည်လည်း ရုတ်တရက်တက်လာတတ်ပါသည်။ ဤကဲ့သို့ ကျပ်ငွေဖြင့် ဖလှယ်သော အမေရိကန်ဒေါ်လာ၏တန်ဖိုး ဆောင့်တက်ခြင်းမျိုး ဖြစ်လာပါက စီးပွားရေးကဏ္ဍတစ်ရပ်လုံးအတွက် အခက်အခဲများ ဖြစ်ပေါ်စေတတ်ပါသည်။

အဆိုပါ အခြေအနေမျိုးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် နိုင်ငံတော်ဗဟိုဘဏ်က ငွေကြေးလဲလှယ်နှုန်းအာမခံစနစ် **(Currency Swap)** ကို ကျင့်သုံးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဤငွေကြေးလဲလှယ်နှုန်းအာမခံစနစ်ကို ဥပမာပေး၍ ရှင်းလင်းတင်ပြလိုပါသည်။ ဘဏ်နှစ်ခုကြား ငွေကြေးလဲလှယ်နှုန်းအာမခံစနစ် ကျင့်သုံးပုံကို တင်ပြလိုပါသည်။ နှစ်ဖက်ညှိနှိုင်းသဘောတူမှုအရ ပထမဘဏ် ဗြိတိသျှပေါင်ငွေ ၁၀ သန်း ရရှိချိန်၌ ကျန်ဘဏ်က အမေရိကန်ဒေါ်လာငွေ ၁၄ သန်း ရရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဘဏ်နှစ်ခုကြား ဗြိတိသျှပေါင်၊ အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းသည် ၁ ဒသမ ၄ ဖြစ်ပါသည်။ ညှိနှိုင်းသဘောတူထားသော ကာလကုန်ဆုံးပါက ဤငွေလဲလှယ်နှုန်းဖြင့် မိမိတို့ ရယူထားသော ငွေကြေးပမာဏကို ပြန်လည်ပေးချေရမည် ဖြစ်ပါသည်။ အဆိုပါစနစ်အရ သတ်မှတ်ကာလအတွင်း ညှိနှိုင်းအတိုးနှုန်း တစ်ရပ်ပေးရသော်လည်း သတ်မှတ်ကာလကုန်ဆုံးချိန်၌ မိမိတို့ငွေပမာဏ မည်မျှပေးချေရမည်၊ ငွေပမာဏ မည်မျှပြန်ရမည်ကို အတိအကျ သိရှိနိုင်ပါသည်။ အကျိုးရလဒ်မှာ သတ်မှတ်ကာလအတွင်း ဈေးကွက်ငွေလဲလှယ်နှုန်း မည်မျှပြောင်းလဲသည်ဖြစ်စေ၊ အဆိုပါဘဏ်နှစ်ခုကြား၌မူ ငွေလဲလှယ်နှုန်းသည် နှုန်းသေအဖြစ်သာ ရှိနေမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဈေးကွက်အတွင်း ငွေလဲလှယ်နှုန်း ကမောက်ကမ ဖြစ်ခြင်းဒဏ်မှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်ဗဟိုဘဏ်က စီစဉ်ဆောင်ရွက်လျက်ရှိသော ငွေကြေးလဲလှယ်နှုန်း အာမခံစနစ်အရ ပုဂ္ဂလိကဘဏ်များက နိုင်ငံတော်ဗဟိုဘဏ်သို့ မြန်မာကျပ်ငွေပေးထားမည်ဆိုပါက နိုင်ငံတော်ဗဟိုဘဏ်က အဆိုပါ ပုဂ္ဂလိကဘဏ်များသို့ အမေရိကန်ဒေါ်လာငွေကို ညှိနှိုင်းငွေလဲလှယ်နှုန်းဖြင့် ပြန်လည်ပေးအပ်မည် ဖြစ်ပါသည်။ လက်ရှိ အစီအစဉ်အရ ၁၄ ရက် သို့မဟုတ် တစ်လအတွင်း နှစ်ဖက်စလုံးသည် ညှိနှိုင်းအတိုးနှုန်းနှင့်အတူ ရယူထားသော ငွေကြေးများကို အပြန်အလှန် ပြန်လည်ပေးအပ်ကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဈေးကွက်အတွင်း အမေရိကန်ဒေါ်လာ ငွေဝယ်လိုအား ရုတ်တရက် မြင့်တက်လာပါက ပုဂ္ဂလိကဘဏ်တို့သည် နိုင်ငံတော်ဗဟိုဘဏ်မှ ရယူထားသော အမေရိကန်ဒေါ်လာငွေတို့ကို ထုတ်ရောင်းပေးခြင်းဖြင့် ဈေးကွက်ငွေကြေးလဲလှယ်နှုန်းကို ထိန်းညှိပေးနိုင်စွမ်းရှိလာမည် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၌ ငွေကြေးလဲလှယ်နှုန်း တည်ငြိမ်ရေးသည် အရေးကြီးသော လိုအပ်ချက်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေကြေးလဲလှယ်နှုန်းအာမခံစနစ် **(Currency Swap)** ကို ကျင့်သုံးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လာခြင်း ဖြစ်ပါသည်။ တရားဝင်ထုတ်ပြန်ချက်များအရ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့မှ ဩဂုတ်လ ၂၁ ရက်အတွင်း နိုင်ငံတော်ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များသို့ အမေရိကန်ဒေါ်လာငွေ ၈ ဒသမ ၃၅ သန်း ရောင်းချပေးပြီး ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဗဟိုဘဏ်က ငွေကြေးလဲလှယ်နှုန်းအာမခံစနစ် ကျင့်သုံးနိုင်ရန် စီစဉ်ဆောင်ရွက်လာခြင်းအပေါ် ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာသိမ်းကျော် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။ **မိုး/ဇလ**

# အင်ဒိုနီးရှားနိုင်ငံ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

အင်ဒိုနီးရှားနိုင်ငံ၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အင်ဒိုနီးရှားနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E. Prof. Dr. IzaFadri နှင့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးနှင့် ဇနီးတို့က အင်ဒိုနီးရှားနိုင်ငံ၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရိုးရာမုန့်ကို လှီးဖြတ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။




ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် WFD မှ အထက်တန်းအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် လန်ဒန်မြို့ ဝက်စ်မင်စတားဒီမိုကရေစီဖောင်ဒေးရှင်း (WFD) မှ အထက်တန်းအကြံပေးပုဂ္ဂိုလ် မစ္စတာဖရန်ကလင်ဒီဗရီးနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ညှော်ခန်းမတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကမ္ဘာ့နိုင်ငံများစွာ၌ လွတ်လပ်သော စောင့်ကြည့်ထိန်းကျောင်းရေး အင်စတီကျူးရှင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများ၏ အခန်းကဏ္ဍများ၊ လုပ်ပိုင်ခွင့်များ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လည်းကောင်း၊ နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ပမှတင်သွင်းသည့် စက်ဆီချောဆီများအား နမူနာရယူ၍ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိစ္စနှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်/ ကုမ္ပဏီများ၏ ပြည်ပမှစက်ဆီချောဆီ တင်သွင်းခြင်းနှင့် ပတ်သက်၍ စိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိရာတွင် စက်ဆီချောဆီ New Brand ပထမအကြိမ်တင်သွင်းမှုကိုသာ နမူနာရယူ၍ အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး အရည်အသွေးမှန်ကန်ပါက ထုတ်ယူဖြန့်ဖြူးသုံးစွဲခွင့် ပြုခဲ့ပါသည်။

၂။ ယခုကဲ့သို့ ပြည်ပမှတင်သွင်းသည့် စက်ဆီချောဆီများနှင့် ပတ်သက်၍ တင်သွင်းသည့် စက်ဆီချောဆီတိုင်း အရည်အသွေး ကောင်းမွန်မှန်ကန်မှုရှိစေပြီး ပြည်တွင်းဈေးကွက်အတွင်း သုံးစွဲသူပြည်သူလူထု၏ ယုံကြည်မှုပိုမိုရရှိစေရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့မှစ၍ တင်သွင်းသည့်အကြိမ်တိုင်း နမူနာရယူပြီး အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း နှင့် အရည်အသွေးမှန်ကန်မှုရှိမှသာ ထုတ်ယူဖြန့်ဖြူး သုံးစွဲခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1) ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲ ကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား MRTV၊ MITV ၊ Ch-9 ၊ Skynet Up to Date ၊ MBizz ၊ မြန်မာ့အသံရေဒီယိုနှင့် FM အစီအစဉ်များ၊ မြန်မာ့အသံတိုင်းရင်းသားအစီအစဉ် ၊ MIR ရေဒီယိုနှင့် MOI Webportal Myanmar Facebook ၊ MRTV Facebook၊ Myanmar Digital News Facebook ၊ Myanmar President Office ၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကိုယ်စားပြုလူငယ်များ ရသစာပေဆွေးနွေးဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကိုယ်စားပြုလူငယ်များ ရသစာပေဆွေးနွေးဝိုင်းကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးဝိုင်း ကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အချိန်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား MRTV ၊ MITV၊ Ch-9၊ Skynet Up to Date၊ MBizz၊ မြန်မာ့အသံရေဒီယိုနှင့် FM အစီအစဉ်များ၊ မြန်မာ့အသံတိုင်းရင်းသားအစီအစဉ်၊ MIR ရေဒီယိုနှင့် MOI Webportal Myanmar Facebook ၊ MRTV Facebook၊ Myanmar Digital News Facebook၊ Myanmar President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

▲ *ရှေ့စာမျက်နှာမှ*

ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဆရာများ သမဂ္ဂမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**ဒုတိယပိုင်းဆက်လက်ကျင်းပ**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဦးဆောင်၍ ၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

နီးနှောဖလှယ်ပွဲတွင် ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက အဆင့်မြင့်ပညာရေး မြှင့်တင်ရေးနှင့် ပါမောက္ခချုပ်များ ကော်မတီ၏ အခန်းကဏ္ဍ စာတမ်းကို လည်းကောင်း၊ Professor Liviu Matei နှင့် Dr. Michael Marett-Crosby တို့က International Collaboration, master plans and higher education - the example of the University of Yangon စာတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်နှင့် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းတို့က သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာဥမ္မာကျော်က အမျိုးသားပညာရေး ဥပဒေနှင့် အဆင့်မြင့်ပညာကျောင်းများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှု စာတမ်းကို ဖတ်ကြားတင်သွင်းရာ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်နှင့် နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသီဂီတို့က သဘာပတိ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။

**စာတမ်းဖတ်ကြားတင်သွင်း**

ထို့နောက် မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက ဒေသအလုပ်အကိုင်လိုအပ်မှုနှင့် လိုက်လျောညီထွေဖြစ်သည့် ပညာရပ်ဆိုင်ရာ သင်တန်းများနှင့် ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်း မြင့်မားရေး စာတမ်းကို ဖတ်ကြားတင်သွင်းရာ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်နှင့် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးတို့က သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ) အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုစဉ်။** သတင်းစဉ်

**သင်ရိုးညွှန်းတမ်းရေးဆွဲ**

ယင်းနောက် အဆင့်မြင့်ပညာ ဦးစီးဌာန (ဆရာအတတ်ပညာ) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီက ပညာရေးကောလိပ်များကို ပညာရေး ဒီဂရီကောလိပ်များအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲ ဆောင်ရွက်ထားရှိမှု အခြေအနေစာတမ်းကို ဖတ်ကြားတင်သွင်းရာ ပညာရေးတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဆင့်မြင့်ပညာ ဦးစီးဌာန (ဆရာအတတ်ပညာ) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းနှင့် ပညာရေးကောလိပ်(သဃၤန်းကျွန်း)မှ ကျောင်းအုပ်ကြီး ဒေါက်တာခင်သူဇာစောက သဘာပတိ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။

ထို့နောက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက အဆင့်မြင့်ပညာကဏ္ဍတွင် ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှု အခွင့်အလမ်းများ ရရှိရေးအတွက် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်သည့်ဦးရေ တိုးမြှင့်လာရေး ဆောင်ရွက်ချက်များစာတမ်းကို ဖတ်ကြားတင်သွင်းရာ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး နည်းပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းနှင့် မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးတို့က သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။

အဆိုပါ ၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) ကို ဩဂုတ် ၂၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခုခေတ်နဲ့ကိုက်ညီတဲ့ မှန်ကန်တဲ့ ပညာရှာနည်းတွေကို သင်ပေးရမယ်ဆိုတာဟာ အဆင့်မြင့်ပညာမှာ တာဝန်ယူနေတဲ့ ဆရာ ဆရာမတွေအတွက် အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်

နေပြည်တော် ဩဂုတ် ၂၄

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC-2) ၌ ကျင်းပသည့် ၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

"ဒီနေ့ ဆွေးနွေးမယ့်ကိစ္စတွေက ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးတယ်ဆိုတာ ထူးထူးထွေထွေပြောဖို့ မလိုဘူးထင်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍ ဆိုပေမယ့် ကျွန်မတို့ အခက်အခဲရှိတာက ဘာလဲဆိုတော့ မူလတန်းကနေ ပညာဆိုတာ စရတာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ မူလတန်းကတည်းက ပညာရေးစနစ် အားနည်းတဲ့ အခါကျတော့ အဆင့်မြင့်ရောက်တော့မှ ကျွန်မတို့ရဲ့လူငယ်တွေကို အဆင့်မြင့်အောင် လုပ်ပေးဖို့ဆိုတာ ပိုပြီးတော့ ခက်ခဲပါတယ်။ ဒါကြောင့် အဆင့်မြင့်ကဏ္ဍမှာ ရုန်းကန်ရတဲ့ ဆရာ ဆရာမများ၊ ပညာရေးဝန်ကြီးဌာနအပါအဝင် အခက်အခဲတွေရှိတယ်ဆိုရင် ကျွန်မတို့ရဲ့ ကျောင်းသူ ကျောင်းသားတွေအတွက်လည်း အခက်အခဲရှိပါတယ်။ အခြေခံက မကောင်းခဲ့တော့ မကောင်းခဲ့တဲ့အခြေခံကို ကျော်လွှားပြီးတော့ ဘယ်လိုလုပ်ပြီး ကောင်းတဲ့နိဂုံးကို ရောက်မလဲဆိုတာကို စဉ်းစားဖို့ပဲ ဖြစ်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာပါဝင်နေတဲ့ ပုဂ္ဂိုလ်များအားလုံးရဲ့တာဝန်ဟာ အင်မတန်မှ ကြီးပါတယ်။

**အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက်**

"ပညာရေးအောင်မြင်ဖို့ဆိုရင် အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက်က ရှိရမယ်။ ကျွန်မတို့ လူငယ်တွေစိတ်ထဲမှာ ရှိရမယ်။ လူငယ်တွေထဲမှာ ယုံကြည်ချက်ရှိဖို့ဆိုတာဟာ သွန်သင်ဆုံးမတဲ့ မိဘများနဲ့ ဆရာ ဆရာမများဟာလည်း ဒီယုံကြည်ချက် ရှိရမယ်။ အောင်နိုင် နိုင်တဲ့လူငယ်တွေဖြစ်လို့ အောင်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိဖို့ လိုပါတယ်။

**လူမှုအသိုင်းအဝိုင်းမှာ ပညာကိုတန်ဖိုးထား**

"လူ့အသိုင်းအဝိုင်းတစ်ခု တိုးတက်ဖို့အတွက် ဘယ်လိုပညာတွေလိုသလဲဆိုတာ ကျွန်မတို့ စဉ်းစားဖို့အများကြီး လိုပါတယ်။ ကိုယ့်နိုင်ငံရဲ့အားနည်းချက်တွေကို ပြန်ကြည့်ရမယ်။ နောက်ပြီး ကိုယ့်နိုင်ငံရဲ့အားသာချက်တွေကိုလည်း ကြည့်ရမယ်။ ပညာရေးနဲ့ ပတ်သက်လို့ ကျွန်မတို့နိုင်ငံရဲ့ အားသာချက်၊ ကျွန်မတို့ယဉ်ကျေးမှုရဲ့အားသာချက်ဆိုတာ သမိုင်းအစလောက်ကတည်းက ကျွန်မတို့ရဲ့လူမှုအသိုင်းအဝိုင်းမှာ ပညာကို အင်မတန်မှ တန်ဖိုးထားခဲ့ပါတယ်။ ပညာရဲရင့် ပွဲလယ်တင့် စသဖြင့် ပညာကို ကျွန်မတို့ အထူး တန်ဖိုးထားတယ်။ ပညာဆိုတာဟာ အတန်းထဲမှာသင်တဲ့ ပညာတင် မဟုတ်ပါဘူး ဆိုတာလည်း ကျွန်မတို့အားလုံး နားလည်ဖို့လိုတယ်။ ကျွန်မတို့ ကလေးတွေ နားလည်ဖို့လည်း လိုပါတယ်။

**သင်ခန်းစာယူတာနဲ့ အတုခိုးတာမတူ**

"အခုလက်ရှိ ကျွန်မတို့နိုင်ငံရဲ့အခြေအနေက မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းမှာ ပြည့်ပြည့်ဝဝ ပညာကို အဆင့်မီမီ မသင်ခဲ့ရတဲ့ကလေးတွေကို တက္ကသိုလ်ရောက်တဲ့အခါ ဘယ်လိုအဆင့်မီသွားအောင် လုပ်မလဲဆိုတော့ ဒါဟာ ကျွန်မတို့နိုင်ငံအတွက် အကြီးမားဆုံး စိန်ခေါ်မှုကြီးပါပဲ။ အခုခေတ်မှာ ခေတ်စားနေတဲ့ စကားလုံးဖြစ်တဲ့ ကျော်လွှားပြီးသွားနိုင်တဲ့နည်းတွေကို ရှာရမယ်ဆိုပြီးတော့ ပြောကြတယ်။ ကျွန်မ တစ်ခါတလေ စဉ်းစားတယ်၊ အရှေ့မှာရှိတဲ့ ခလုတ်တံသင်းကို ခုန်ပြီးတော့ ကျော်လွှားသွားတယ်ဆိုတာက တခြားသူတွေသွားခဲ့တဲ့ လမ်းပုံစံအတိုင်းပဲ သွားနေတယ်ဆိုတဲ့ အထင်တွေအပေါ်မှာများ အခြေခံနေလားဆိုပြီးတော့ စဉ်းစားမိပါတယ်။ ဒါကြောင့် ကျွန်မတို့က ဒီလို ခုန်ပျံကျော်လွှားတာထက် ကိုယ့်လမ်းကို၊ ကိုယ့်ရဲ့သင့်တော်တဲ့လမ်းကို ရှာပြီး၊ ဒီလမ်းကို ဖောက်ပြီးတော့၊ ပြုပြင်ပြီးတော့ သွားဖို့ မကောင်းဘူးလားဆိုတာ ကျွန်မတို့ စဉ်းစားဖို့ ကိစ္စဖြစ်ပါတယ်။အဲဒီလို လုပ်တဲ့အခါ တခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေ၊ အောင်မြင်မှုတွေနဲ့ ရှုံးနိမ့်မှုတွေကိုကြည့်ပြီး သင်ခန်းစာယူနိုင်ပါတယ်။ သင်ခန်းစာယူတာနဲ့ အတုခိုးတာ မတူပါဘူး။ သင်ခန်းစာယူတယ်ဆိုတာ သူများတွေရဲ့ အဖြစ်အပျက်တွေကို ကြည့်ပြီးတော့ ဒီအဖြစ်အပျက်တွေအပေါ်မှာ အခြေခံပြီး ကိုယ့်အခြေအနေကို အကောင်းဆုံး ဘယ်လိုဖြစ်အောင်လုပ်မလဲဆိုတာ ဒါသင်ခန်းစာ ယူတာပါ။ အတုခိုးတယ်ဆိုတာ တစ်ခါတလေ ကိုယ်ရဲ့အခြေအနေနဲ့ သင့်တော်သလား၊ မသင့်တော်သလား မစဉ်းစားဘဲနဲ့ သူတို့ ဒီလိုလုပ်လို့ သူတို့ နိုင်ငံချမ်းသာတာ၊ တို့လည်း ဒီလိုလုပ်မယ်ဆိုတာ အဲဒါမဖြစ်နိုင်ပါဘူး။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အခြေအနေ မတူပါဘူး။ တစ်နိုင်ငံတိုးတက်တဲ့ အချိန်ကာလနဲ့ နောက်တစ်နိုင်ငံ တိုးတက်တဲ့ အချိန်ကာလဟာ မတူပါဘူး။ ကျွန်မတို့ နိုင်ငံတိုးတက်ဖို့ စိုင်းပြင်းနေတဲ့ အချိန်ကာလဟာ ကျွန်မတို့ ဒေသအတွင်းက ၁၉၈၀ ကျော်နှစ်တွေမှာ တိုးတက်ခဲ့တဲ့၊ အောင်မြင်ခဲ့တဲ့ နိုင်ငံတွေ ရင်ဆိုင်ရတဲ့ ပြဿနာတွေနဲ့ မတူပါဘူး။ ဒါကြောင့် ကျွန်မတို့ဟာ ကိုယ့်နိုင်ငံနဲ့ ကိုက်ညီတဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။

**ကိုယ့်ပတ်ဝန်းကျင်ရဲ့လွှမ်းမိုးမှုက အင်မတန်မှအရေးပါ**

"အခုဆိုရင် ကျွန်မတို့တွေ့ရတာက ကျောင်းမှာရှိတဲ့ ကလေးတွေ၊ မူလတန်းကျောင်းကလေးတွေနဲ့ အလယ်တန်းကျောင်းကလေးတွေရဲ့ စိတ်ထားအင်မတန်မှ အားတက်စရာရှိပါတယ်။ သူတို့ကိုယ်သူတို့ ယုံကြည်မှုရှိတယ်။ သူတို့ သင်ချင်တဲ့စိတ်ရှိတယ်။ သွက်လက်တယ်၊ ဖျတ်လတ်တယ်၊ ထက်မြက်တယ်။ အထက်တန်းကျတော့ ဘယ်လိုရှိသလဲဆိုတာ ဆရာ၊ ဆရာမတွေပိုပြီးတော့ သိမှာပါ။ တက္ကသိုလ်ရောက်တဲ့အခါ ဘယ်လိုရှိသလဲ။ သင်ယူချင်တဲ့စိတ်တွေ ရှိရဲ့လားဆိုတာ အရေးကြီးဆုံးပါပဲ။ လူတွေက ကောင်းတယ်၊ ဆိုးတယ်၊ ထက်တယ်၊ တုံးတယ် ကျွန်မခွဲခြားပြီး မမြင်ပါဘူး။ သင်လို့ရတဲ့ ပုဂ္ဂိုလ်နဲ့ သင်လို့မရတဲ့ ပုဂ္ဂိုလ်တွေဆိုတာ အသက်အရွယ်နဲ့လည်း မဆိုင်ပါဘူး။ အချို့တွေက အသက် ၉၀ ကျော်ပေမယ့် သင်လို့ရပါသေးတယ်။ အချို့တွေက ငယ်ငယ်လေးနဲ့ သင်လို့မရပါဘူး။ သင်လို့ရတဲ့စိတ်နဲ့ သင်လို့မရတဲ့စိတ်ကြားမှာ ဘာကွာခြားသလဲဆိုတော့ ကိုယ့်ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုက အင်မတန်မှ အရေးပါတယ်။ ငယ်ငယ်ကတည်းက သင်ချင်တဲ့စိတ်ကို ပြုစုပျိုးထောင်ခြင်းခံရတဲ့ ကလေးတွေဟာ အသစ်လည်း သင်ချင်တဲ့ စိတ်တွေရှိလာတယ်။ ငယ်ငယ်ကတည်းက သင်ချင်တဲ့စိတ်ကို အားပေးတာမဟုတ်ဘဲနဲ့ စူးစမ်းချင်တာ၊ မေးမြန်းချင်တာ သိချင်တာတွေကို စပ်စုရကောင်းလား အပိုတွေမေးရ ကောင်းလားဆိုပြီးတော့ အဲဒီလို တုံ့ပြန်မှုတွေနဲ့ ကြုံခဲ့ရတဲ့ ကလေးတွေဟာ ခပ်မြန်မြန် သိချင်တတ်ချင် ထိုးဖောက်ချင်တဲ့စိတ်တွေ တုံးသွားတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ အဆင့်မြင့်ပညာရေးတိုးတက်ဖို့ဆိုရင် သင်ချင်တဲ့စိတ်တွေကို အားပေးစေချင်ပါတယ်။

**အရည်အချင်းတွေကို အပြည့်အဝသုံး**

"နောက်ပြီး ရှုံးနိမ့်ဖို့ကို မကြောက်ပါနဲ့။ ရှုံးနိမ့်တယ်ဆိုတာ ကျွန်မတို့နိုင်ငံမှာ ဘယ်လိုဖြစ်နေလဲဆိုတော့ အထူးသဖြင့် စာမေးပွဲစနစ်ကြောင့်မို့ ရှုံးနိမ့်တယ်ဆိုတာ သူများနဲ့ယှဉ်ပြီး ကိုယ့်ကိုမြင်ကြတဲ့ဟာမျိုး၊ သူ့ထက် အမှတ်နည်းလို့ရှိရင် ကိုယ်က ရှုံးတယ်၊ သူကနိုင်တယ်ပေါ့။ ဒီလိုမဟုတ်ဘဲနဲ့ ကိုယ့်ရဲ့အရည်အချင်းနဲ့ပဲ ကိုယ်ပြန်ပြိုင်ပါဆိုတာ ကျွန်မ ခဏခဏပြောပါတယ်။ ကိုယ့်မှာရှိတဲ့ အရည်အချင်း၊ ကိုယ်ထုတ်နိုင်တဲ့စွမ်းရည် အဲဒါတွေနဲ့ပဲ ကိုယ်ပြန်ပြိုင်ပါ။ ကိုယ့်မှာရှိသလောက် အရည်အချင်းတွေကို အပြည့်အဝသုံးကြပါ။ ကိုယ့်ကိုယ်ကိုယ် အတော်ဆုံးဖြစ်အောင် လုပ်ကြပါ။ ကိုယ်နဲ့ပဲ ကိုယ်ပြိုင်တာဟာ အကောင်းဆုံးပါပဲ။ ဘေးကလူတွေနဲ့ ပြိုင်နေတာဟာ ကိုယ့်ရဲ့ အရည်အချင်းတွေကိုလည်း မေ့တတ်တယ်။ ဘေးကလူတွေကိုပဲ ကြည့်ပြီး သူဘယ်လိုဖြစ်လို့ရှိရင် တို့လည်း ဒီလိုဖြစ်ရမယ်။ သူဒီလောက်ရရင် တို့လည်း ဒီလိုရရမယ်။ အဲ့ဒီလို စိတ်တွေကို အားမပေးပါနဲ့။ အဲဒီလိုဟာက တစ်ယောက်နဲ့တစ်ယောက် မနာလိုတဲ့ စိတ်တွေကို အားပေးရာရောက်ပါတယ်။ ဒါဟာ လူ့အသိုင်းအဝိုင်းတစ်ခုအတွက် အားနည်းချက်တစ်ခုပါပဲ။ တစ်ဦးနဲ့တစ်ဦး မနာလိုတဲ့စိတ်တွေရှိနေရင် တစ်ယောက်ရဲ့ အောင်မြင်မှုတွေကို မုဒိတာမပွားနိုင်ရင် လူ့အသိုင်းအဝိုင်းအပေါ်မှာ သက်ရောက်မှုတွေ အများကြီး ရှိပါတယ်။

**ကိုယ့်ကိုယ်ကိုယ်သုံးသပ်ဖို့ဟာလည်း အရေးကြီး**

"အဆင့်မြင့်ပညာနဲ့ပတ်သက်ပြီး ပညာရေးနဲ့ပတ်သက်ပြီး လူကြီးလူငယ် မခွဲခြားဘဲ မြင်စေချင်ပါတယ်။ တက္ကသိုလ်ကျောင်းတက်နေမှလည်း မဟုတ်ဘူး။ အဆင့်မြင့်ပညာဆိုတာ ဆည်းပူးလို့ကုန်နိုင်တဲ့ပညာမျိုး မဟုတ်ဘူးဆိုတာ သတိပေးချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဘယ်ဘက်မှာ စွမ်းအားတွေ လိုနေသလဲဆိုတော့ အဓိကလိုနေတဲ့ နေရာတစ်ခုကတော့ အမှန်ပြောရရင် နိုင်ငံ့ဝန်ထမ်းတွေပါပဲ။ နိုင်ငံ့ဝန်ထမ်းတွေဆိုတာ နှစ်ပေါင်းများစွာ အရင်တုန်းက ပညာရေးစနစ်ကနေ ဖြတ်ကျော်ခဲ့ပြီးတော့ အခု နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်နေတဲ့အဆင့်ကို ရောက်လာပြီ။ နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်နေတဲ့အဆင့်ကို ရောက်တဲ့အခါ ပြီးပြည့်စုံမှုရှိရဲ့လားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသုံးသပ်တဲ့ဝန်ထမ်းတွေလည်း ရှိလာလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ အဲဒီလို သုံးသပ်ဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီလို သုံးသပ်မှလည်း ကိုယ့်ကိုယ်ကိုယ်ဆက်ပြီး ပြုပြင်နိုင်မှာပါ။ အဆင့်မြင့်ပညာရေးစနစ်ဆိုတာဟာ ကျောင်းမှာနေတဲ့ ကျောင်းသားတွေသာမဟုတ် တက္ကသိုလ်တွေမှာရှိနေတဲ့ ကျောင်းသူ ကျောင်းသားတွေသာမဟုတ်၊ နိုင်ငံမှာရှိနေတဲ့ ပြည်သူအားလုံးကို ဦးတည်ပြီးတော့ စဉ်းစားပြီးတော့ အကောင်အထည်ဖော်ပေးစေချင်ပါတယ်။

**မူလတန်းနဲ့ အဆင့်မြင့်ကို ခွဲခြားပြီး မမြင်စေချင်**

"အခု ပညာရေးစနစ်နဲ့ပတ်သက်ပြီး ပိုပြီးတော့ သုံးစွဲလာတာတွေရှိပါတယ်။ ပိုပြီး သုံးစွဲလာတာထက် မှန်မှန်ကန်ကန်သုံးစွဲတာက ပိုပြီးအရေးကြီးပါတယ်။ ရှိတဲ့ ပိုက်ဆံကို ကျွန်မတို့နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လိုသုံးစွဲရမလဲဆိုတာ စဉ်းစားဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ အခြေခံကောင်းမှ၊ အစကောင်းမှ အနှောင်း သေချာမယ်ဆိုတာ အခြေခံကောင်းဖို့ လိုပါတယ်။ ကျွန်မတို့ရဲ့ ပညာရေးစနစ်အရ ကျွန်မတို့ရဲ့စံနှုန်းစံထားတွေအရဆိုရင် တက္ကသိုလ်ဆရာ၊ ဆရာမတွေကို မူလတန်းဆရာ ဆရာမတွေထက် အများကြီးအထင်ကြီးကြတယ်။ ဒီဟာလည်း မှန်တယ်လို့ မယူဆပါဘူး။ မူလတန်းကျောင်းမှာ တော်တဲ့ ဆရာ ဆရာမတွေဟာ ကလေးတွေရဲ့အနာဂတ်ကို ကောင်းကောင်း ခိုင်ခိုင်မာမာ အုတ်မြစ်ချပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်ပါတယ်။ ဒီအုတ်မြစ်အပေါ်မှာ ဆက်ပြီးတော့ မူလတန်းကျောင်း၊ အထက်တန်းကျောင်း တက္ကသိုလ်ကနေပြီးတော့ အဆောက်အအုံမျိုးတွေကို ဆောက်ပေးရတာပါ။ အဆင့်မြင့်ပညာကဏ္ဍမှာပါဝင်နေတဲ့ ပညာရေးဝန်ထမ်းများ၊ ပညာရေးနဲ့ ပတ်သက်လို့ စိတ်ဝင်စားကြတဲ့ ပြည်သူပြည်သားတွေဟာ မူလတန်းနဲ့ အဆင့်မြင့်ကို ခွဲခြားပြီး မမြင်စေချင်ပါဘူး။ တစ်ဆက်တည်းအဖြစ် မြင်စေချင်ပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတဲ့ ဖြစ်စဉ်တစ်ခုအနေနဲ့ မြင်စေချင်ပါတယ်။

**ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရမှာဖြစ်**

"ပွင့်ပွင့်လင်းလင်းပြောရရင် ဆရာ ဆရာမတွေ ကိုယ်တိုင်ကိုယ်က အားနည်းတဲ့ ပညာရေးစနစ်ကနေ ပေါက်ဖွားလာခဲ့ကြတာ များပါတယ်။ ဒါပေမယ့် နောက်မကျသေးပါဘူး။ ကိုယ့်အရည်အချင်းတွေကို မြှင့်တင်နိုင်ခွင့်ဆိုတာ တစ်ချိန်လုံးရှိနေပါတယ်။ အဲဒီတော့ လေ့လာကြပါ၊ မြှင့်တင်ဖို့ကြိုးစားကြပါ။ ကိုယ့်အရည်အချင်းကို မြှင့်တင်ခြင်းအားဖြင့် ကိုယ့်နိုင်ငံရဲ့အရည်အချင်းကို မြှင့်တင်ပေးတယ်ဆိုတဲ့စိတ်နဲ့ ဂုဏ်ယူကြပါ။ ဒါကို အင်မတန်အားပေးချင်ပါတယ်။ နောက်ဆုံးကျတော့ စိတ်ဓာတ်ပါပဲ။ ကျွန်မတို့ ဆရာ ဆရာမတွေရဲ့စိတ်ဓာတ်၊ ကျောင်းသူ ကျောင်းသားတွေရဲ့စိတ်ဓာတ်က မှန်ကန်တယ်ဆိုရင် အောင်မြင်မှာ သေချာပါတယ်။ အောင်မြင်တယ်ဆိုတဲ့ ယုံကြည်ချက်လည်းရှိစေချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းတိုင်ပင်ပြီး သင်ယူသွားမယ်ဆိုရင် မလွဲမသွေအောင်မြင်မှာပါ။ ကူညီမယ့် မိတ်ဆွေတွေ ကမ္ဘာတစ်ဝန်းမှာ ရှိပါတယ်။ နောက်ဆုံးတော့ မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကူညီတာလောက် ပြင်ပက ကူညီတာဟာ ဘာမှမထိရောက်နိုင်ပါဘူး။ အဲဒါကြောင့် တစ်ကမ္ဘာလုံးနဲ့ လက်တွဲပြီးလုပ်တဲ့အခါ မိတ်ဆွေသဖွယ်၊ လုပ်ဖော်ကိုင်ဖက်တွေသဖွယ် ညီညီညာညာ ခင်ခင်မင်မင်နဲ့ လုပ်သွားတယ်ဆိုရင် နောက်ဆုံးကျတော့ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရမှာ ဖြစ်ပါတယ်။

**သုတေသနကို ဦးစားပေး**

"အဆင့်မြင့်ပညာမှာ အရေးကြီးတာက သုတေသနပါပဲ။ သုတေသနလုပ်တယ်ဆိုတာဟာ သုတေသနလုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ အသစ်အဆန်း လမ်းတွေ ဖွင့်ပေးဖို့ပဲဖြစ်ပါတယ်။ သုတေသနဆိုတာ အဆုံးမဟုတ်ပါဘူး။ အသစ်အဆန်းတွေအတွက် အစပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ သုတေသနကို အားပေးဖို့ဆိုပြီး ပညာရေးမူဝါဒထဲမှာထည့်ထားပါတယ်။ နှစ်ပေါင်းများစွာ သုတေသနကို လျစ်လျူရှုခဲ့တဲ့အခါ ပြည်သူ ပြည်သားတွေရဲ့မွေးရာပါ ထွင်ဉာဏ်တွေက တုံးသွားပါတယ်။ ဒါကြောင့် သုတေသနကို ဦးစားပေးချင်တယ်။ အဲဒီလိုဦးစားပေးတဲ့အခါ ကျွန်မတို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဘာသာရပ်တွေနဲ့ ကိုက်ညီတဲ့ ကိစ္စရပ်တွေကို အထူးအလေးပေးပြီး သုတေသနလုပ်ပေးစေချင်ပါတယ်။ ဒါမှလည်း ကျွန်မတို့ လက်တွေ့ကျကျတိုးတက်မယ်။ ကိုယ့်နိုင်ငံရဲ့ အခြေအနေကို တိုးတက်အောင်လုပ်ပေးနိုင်မယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး ကျွန်မတို့ ပညာရေးလောကကြီးမှာ ထွန်းပေါက်နိုင်မှာဖြစ်ပါတယ်။ သုတေသနလုပ်တယ်ဆိုတာ သုတေသနလုပ်ဖို့အတွက် အထောက်အကူပစ္စည်းတွေ အများကြီးလိုတယ်ဆိုတာ ထူးထူးထွေထွေပြောဖို့မလိုပါဘူး။ ဒီအချိန်မှာ ဒီကိစ္စမှာ ပုဂ္ဂလိကစီးပွားရေးပိုင်းကလည်း ပါဝင် ပတ်သက်နိုင်တယ်ဆိုတာ သတိပေးချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာဆိုရင် သုတေသနနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက ပံ့ပိုးတာတွေ အများကြီးရှိပါတယ်။ ဒီလိုပဲပံ့ပိုးမှုတွေ ရအောင်လုပ်ရမယ်။ ကျွန်မတို့နိုင်ငံ အနာဂတ်အတွက် ရုန်းကန်တဲ့အလေ့အကျင့်ကို အုတ်မြစ်ချပေးရမယ်။ ဒါလည်း အဆင့်မြင့်ပညာအတွက် အရေးကြီးတဲ့ကိစ္စရပ်တစ်ခု ဖြစ်တယ်။ သုတေသနနဲ့ပတ်သက်ပြီး ပြောရရင် စာကြည့်တိုက်တွေအကြောင်း ပြောရမှာဖြစ်တယ်။ ***စာမျက်နှာ ၅ သို့***



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**"ပွင့်ပွင့်လင်းလင်းပြောရရင် ဆရာ ဆရာမတွေကိုယ်တိုင်ကိုယ်က အားနည်းတဲ့ပညာရေးစနစ်ကနေ ပေါက်ဖွားလာခဲ့ကြတာ များပါတယ်။ ဒါပေမယ့် နောက်မကျသေးပါဘူး။ ကိုယ့်အရည်အချင်းတွေကို မြှင့်တင်နိုင်ခွင့်ဆိုတာ တစ်ချိန်လုံးရှိနေပါတယ်။ အဲဒီတော့ လေ့လာကြပါ၊ မြှင့်တင်ဖို့ ကြိုးစားကြပါ။ ကိုယ့်အရည်အချင်းကို မြှင့်တင်ခြင်းအားဖြင့် ကိုယ့်နိုင်ငံရဲ့ အရည်အချင်းကို မြှင့်တင်ပေးတယ်ဆိုတဲ့ စိတ်နဲ့ ဂုဏ်ယူကြပါ"**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီ ၂၄ ပါတီမှ တာဝန်ရှိသူများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခု ကြားဖြတ်ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၂၄ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးနှင့် တစ်သီးပုဂ္ဂလခုနစ်ဦး စုစုပေါင်း ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြမည်ဖြစ်ကြောင်း၊ မဲစာရင်းကို အောက်တိုဘာလတွင် ဒုတိယအကြိမ် ထပ်မံကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း၊ ကြားဖြတ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေနှင့် မိမိတို့မဲဆန္ဒရှင်များကို မဲစာရင်းတွင်ပါဝင်ရေးအတွက် မဲစာရင်းကြည့်ရှုကြရန် တိုက်တွန်းပေးစေလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် စက်တင်ဘာ ၃ ရက်မှစတင်၍ မဲဆွယ်စည်းရုံးနိုင်မည်ဖြစ်ပြီး မဲဆွယ်စည်းရုံးရန် ရက်ပေါင်း ၆၀ သတ်မှတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးပါတီများ သဘောတူလက်ခံပြီးသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ်များနှင့်အညီ လေးစားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ပါတီကို ထောက်ခံအားပေးကြသော ပြည်သူလူထုကိုလည်း ပဋိပက္ခမဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းဆော်ဩ ဆောင်ရွက်ကြရန်လိုကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၃)ပါ ပြစ်မှုများမဖြစ်ပွားစေရန်နှင့် အခန်း(၁၄)ပါ တရားမဲ့ပြုကျင့်မှုများ မပြုလုပ်ရန်ကိုလည်း အလေးထားဆောင်ရွက်စေလိုပါကြောင်း။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့သကဲ့သို့ ယခုကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်အနေဖြင့် ပြဿနာရပ်များ ပေါ်ပေါက်လာပါက ပဋိပက္ခအသွင်သို့ မရောက်ရှိစေရေးနှင့် ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းရေးတို့အတွက် အလေးအနက်ထား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ကြရန်လိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ထားရေး၊ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်ခန့်ထားရေးတို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များအနေဖြင့် မဲရုံတွင်း မဲဆွယ်စည်းရုံးသည့်ပုံစံမဖြစ်ရေးသည် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကိုလည်း သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ မဲပေးစဉ်ကာလအတွင်း မဲရုံတာဝန်ရှိသူများကလည်းကောင်း၊ အခြားသော မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် မဲဆန္ဒရှင်များကသော်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်ကို ချက်ချင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်မှသာ ဘက်လိုက်မှုကင်းမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲပြီးကာလများတွင် ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို ကော်မရှင်သို့ တင်ပြရမည်ဖြစ်၍ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျမှတ်တမ်းပြုစု ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ရွေးကောက်ပွဲ ကျင်းပရန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ကြားဖြတ်ရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

### မထင်မှတ်ဘဲ စာအုပ်တွေရောင်းနေတာ တွေ့ရ

"ကျွန်မတို့နိုင်ငံမှာ စာကြည့်တိုက်တွေ ခေါင်းပါးနေတဲ့ ခေတ်ကြီးကနေ အခုမှစပြီး ထွက်လာတာပါ။ စာကြည့်တိုက်တွေ ခေါင်းပါးတယ်။ စာအုပ်ဆိုင်တွေ ခေါင်းပါးတယ်။ ကျွန်မတို့ ပြည်သူပြည်သားတွေဟာ ထုံးတမ်းအစဉ်အလာအရ ကျွန်မတို့ယဉ်ကျေးမှုအရ စာပေအင်မတန်မြတ်နိုးပါတယ်။ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုထဲမှာကို လမ်းဘေး စာအုပ်ဆိုင်တွေသွားပြီး လေ့လာတာဟာ အင်မတန်မှ အရေးကြီးတဲ့ စိတ်အပန်းဖြေစရာ အလုပ်တစ်ခုလိုဖြစ်နေပါတယ်။ အခုနောက်ပိုင်း ဒါတွေဟာ တဖြည်းဖြည်းတိမ်ကောသွားတယ်။ စာအုပ်ဆိုင်တွေ ရှိသင့်သလောက်မရှိဘူး။ နိုင်ငံခြားခရီးထွက်ရင် နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ကျွန်မသိထားတဲ့အချက်အလက်တွေနဲ့ ယှဉ်ပြီးတော့ သိပ်မကြည့်ဘူး။ အဲဒီနိုင်ငံမှာ စာအုပ်ဆိုင်တွေ ဘယ်လောက်များသလဲ၊ ဘယ်လောက်လွယ်လွယ်နဲ့ ကိုယ်လိုချင်တဲ့စာအုပ်တွေ ဝယ်လို့ရသလဲဆိုတာကို အမြဲကြည့်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဆင်းရဲတာနဲ့ ချမ်းသာတာ မတူပါဘူး။ ဆင်းရဲတယ်လို့ထင်ရတဲ့ နိုင်ငံတွေမှာ စာအုပ်ဝယ်တဲ့နေရာမှာ အင်မတန်လွယ်ပါတယ်။ ဘယ်နေရာမှာမဆို စာအုပ်ဆိုင်တွေရှိတယ်။ ဘယ်နေရာမှာမဆို မထင်မှတ်ဘဲ စာအုပ်တွေရောင်းနေတာ တွေ့ရတယ်။ အဲဒါဆိုရင် ဒီနိုင်ငံတွေဟာ တကယ်ပဲဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေပဲ၊ ဒီနိုင်ငံတွေရဲ့အလားအလာဟာ အင်မတန်မှ ကောင်းနေတယ်လို့ ကျွန်မသတ်မှတ်တယ်။

### အသက်မွေးဝမ်းကျောင်းပညာ

"အဆင့်မြင့်ပညာသင်တဲ့အခါ စာဖတ်ချင်ဖို့ စာဖတ်တတ်ဖို့ အားပေးပါဆိုတာကို အမြဲတိုက်တွန်းတာဖြစ်ပါတယ်။ အဆင့်မြင့်ပညာရေးနဲ့ဆိုင်တဲ့ ဌာနတွေဟာ ပိုပြီးတော့ ကိုယ့်ဟာကို လွတ်လွတ်လပ်လပ် ကိုယ့်ရဲ့သဘောအရ၊ ကိုယ့်ရဲ့ယုံကြည်ချက်အရ ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်ဖို့ စဉ်းစားထားတာရှိပါတယ်။ အဲဒီလို စဉ်းစားတဲ့နေရာမှာ တက္ကသိုလ်များနဲ့တန်းတူ အဆင့်မြင့်ပညာရေးစနစ်မှာ အသက်မွေးဝမ်းကျောင်းပညာ ကျောင်းတွေကို တန်ဖိုးထားစေချင်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေဟာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှလိုအပ်တယ်။ အင်မတန်တန်ဖိုးရှိပါတယ်။ ကမ္ဘာမှာ ဖွံ့ဖြိုးတိုးတက်ဆုံးနိုင်ငံအချို့ဟာ အသက်မွေးဝမ်းကျောင်းပညာကို အင်မတန်အလေးထားပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ အားသာချက်က ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ အသက်မွေးဝမ်းကျောင်းပညာဘက်ကို ကျွန်မတို့ ပြည်သူ ပြည်သားများ၊ ကျောင်းသူ ကျောင်းသားတွေတင်မက ကျောင်းသူ ကျောင်းသား မိဘတွေဟာ အဲဒီဘက်ကိုလှည့်လာပြီး အသက်မွေးဝမ်းကျောင်းပညာရဲ့ တန်ဖိုးကို သိလာတာဟာ ကျွန်မတို့နိုင်ငံအတွက် အင်အားကြီးတစ်ခုပါပဲ။ ဒီအပေါ်မှာ ကျွန်မတို့ ဆောက်တည်ဖို့လိုပါတယ်။

### ပုဂ္ဂလိကဘက်ကလည်း ကူညီစေချင်

"အာရှတိုက် နိုင်ငံတော်တော်များများမှာ အသက်မွေးဝမ်းကျောင်းပညာကို တက္ကသိုလ်ပညာနဲ့စာရင် အဆင့်နိမ့်တယ်၊ ဒုတိယတန်းဆိုပြီး မြင်တာတွေရှိတာကြောင့် တကယ်တော့ မိမိနိုင်ငံရဲ့ လိုအပ်ချက်နဲ့ ပညာရေးစနစ်က မွေးထုတ်လိုက်တဲ့ ကျောင်းသူ ကျောင်းသားတွေဟာ မကိုက်ညီမှုဖြစ်နေပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီလိုစိတ်ဓာတ်တွေ အင်မတန်နည်းပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကို ပိုပြီးတော့ တန်ဖိုးထားတာ၊ အလေးထားတာ တွေ့ရပါတယ်။ အင်မတန်အားတက်ပါတယ်။ ဒါကို ဆက်ပြီးတော့ ပညာရေးဝန်ကြီးဌာနက အားပေးရုံတင်မက ပုဂ္ဂလိကဘက်ကလည်း ကူညီစေချင်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေကို ပုဂ္ဂလိကဘက်က ပိုပြီးတော့ စိတ်ဝင်စားစွာနဲ့ အားပေးတာ တည်ထောင်တာကို ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

### ထိထိရောက်ရောက် ပညာပေးနိုင်တဲ့ စနစ်တစ်ခုဖြစ်အောင် ကြိုးစား

"အဝေးသင်ပညာရေးစနစ်နဲ့ ပတ်သက်လို့ ရှင်းလင်းစရာတစ်ခုဖြစ်လာပါတယ်။ နှစ်ပေါင်းများစွာ ကျွန်မတို့နိုင်ငံရဲ့အဝေးသင်ပညာရေးစနစ်ဆိုတာ အလွယ်တကူဘွဲ့ရရေးစနစ်ဖြစ်ခဲ့ပါတယ်။ အလွယ်တကူရတဲ့ဘွဲ့ဆိုတာ ခက်ခက်ခဲခဲ ကြိုးစားပြီးရယူတဲ့ ဘွဲ့နဲ့တော့ မတူဘူးပေါ့။ တော်တော်များများက အဝေးသင်ပညာရေးစနစ်က ဘွဲ့ယူတာ၊ အဲဒါကို အပြစ်ဆိုတာမဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေ ပညာကို တန်ဖိုးထားတာကို ပြတဲ့ဟာပါပဲ။ ဘွဲ့တစ်ခုရတယ်ဆိုရင် ကိုယ့်ဘဝမှာ အဆင့်တစ်ခုကျော်လွှားသွားနိုင်ပြီ၊ တကယ်ပဲ ပညာပြည့်စုံသွားပြီဆိုတဲ့အမြင်ဟာ ဆိုးဝါးတဲ့အမြင်မဟုတ်ပါဘူး။ ဒါဟာ ပညာကို တန်ဖိုးထားတာပဲ။ သို့သော် အဝေးသင်ပညာရေးစနစ်ဟာ တကယ်ပဲ ထိထိရောက်ရောက် ပညာပေးနိုင်တဲ့စနစ်မဖြစ်ခဲ့ပါဘူး။ အခုအဝေးသင်ပညာရေးစနစ်ဟာလည်း သာမန်တက္ကသိုလ်တွေမှာလိုပဲ ထိထိရောက်ရောက် ပညာပေးနိုင်တဲ့စနစ်တစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အဲဒီလို ကြိုးစားဆောင်ရွက်တဲ့နေရာမှာ အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

### ဆရာ ဆရာမတွေရဲ့အရည်အချင်းကို မြှင့်ပေးဖို့လို

"ဆရာ၊ ဆရာမတွေကိုလည်း ပြန်ပြီးအရည်အချင်းမြှင့်ပေးရတဲ့ လုပ်ငန်းကြီးဟာ စိန်ခေါ်မှုကြီးတစ်ခုပါပဲ။ ကျောင်းသူ ကျောင်းသားတွေရဲ့ ပညာအရည်အချင်းမြှင့်ဖို့ဆိုရင် ဆရာ ဆရာမတွေရဲ့ အရည်အချင်းကို မြှင့်ပေးဖို့လိုပါတယ်။ အဲဒီမှာလည်း ကျွန်မတို့ အင်မတန်ရုန်းကန်နေရပါတယ်။ ဆရာ ဆရာမတွေဟာ အများအားဖြင့် ကိုယ့်မိသားစု တာဝန်တွေနဲ့ ဖြစ်နေပြီဆိုတော့ ကျောင်းသူ ကျောင်းသားတွေလို အချိန်ပြည့် ပညာရေးကို အာရုံမစိုက်နိုင်ပါဘူး။ ဒါပေမယ့် နိုင်ငံရဲ့လိုအပ်ချက်အရ တတ်နိုင်သလောက် ကိုယ့်ရဲ့အရည်အချင်းမြှင့်တင်ရေးအတွက် ဆရာ ဆရာမတွေကို ကြိုးစားစေချင်ပါတယ်။ ဒီလိုကြိုးစားခြင်းအားဖြင့် ကိုယ်လည်းကျေနပ်မှုရမယ်၊ ကိုယ်မွေးထုတ်လိုက်တဲ့ ကျောင်းသူ ကျောင်းသားတွေဟာလည်း ကျွန်မတို့နိုင်ငံရဲ့ အကျိုးကို တစ်သက်ဆောင်ယူနိုင်ရုံသာမက ကမ္ဘာ့လူသားများရဲ့ အကျိုးကို ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်လာနိုင်တယ်ဆိုတာကို နှလုံးသွင်းပြီး ကြိုးစားစေချင်ပါတယ်။

### ကလေးတွေရဲ့နှလုံးသားမှာ စွဲသွားအောင်လုပ်

"တစ်နေ့နဲ့တစ်နေ့ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကို ကြည့်လိုက်တဲ့အခါ ကျွန်မအားအရဆုံးကိစ္စတွေထဲမှာ ပညာရေးတိုးတက်မှုပဲ ဖြစ်ပါတယ်။ တချို့က ဒါကို သတိထားမိချင်မှ သတိထားမိကြပါမယ်။ ကျွန်မသတိထားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ကျောင်းရဲ့ကလေးတွေဟာ စိတ်အားထက်သန်မှုမှာ ပိုပြီးတော့ မိမိကိုယ်ကိုယုံကြည်မှု အဲဒါတွေကိုကျွန်မတွေ့ရတယ်။ ဒါတွေကို ကျွန်မတို့ ပြုစုပျိုးထောင်ရမယ်။ ကလေးတွေ အောင်မြင်စေချင်လို့ရှိရင် ငါတို့ဟာ အောင်မြင်နိုင်တဲ့သူတွေဖြစ်တယ်ဆိုတဲ့ ယုံကြည်မှု ငယ်ငယ်ကတည်းကနေ ကလေးတွေရဲ့နှလုံးသားမှာ စွဲသွားအောင် လုပ်ပေးဖို့ဖြစ်ပါတယ်။ အစကတည်းက လုပ်နည်းကိုင်နည်းမမှန်ရင် နောင်ပြုပြင်ဖို့ အင်မတန်ခက်ပါတယ်။

### ပညာရေးစနစ်ရဲ့အကြီးဆုံး စိန်ခေါ်မှုကြီးဖြစ်

"အခုအဆင့်မြင့်ပညာအဆင့်မှာရောက်နေတဲ့ လူငယ်တော်တော်များများဟာ အားနည်းတဲ့ ပညာရေးစနစ်ရဲ့ သားကောင်တွေပဲလို့ တစ်နည်းအားဖြင့် ပြောလို့ရပါတယ်။ ဒီလူငယ်တွေကို အရင်တုန်းက ရထားတဲ့အလေ့အကျင့်တွေကို ပြုပြင်ရမယ်၊ အခုခေတ်နဲ့ ကိုက်ညီတဲ့ မှန်ကန်တဲ့ ပညာရှာနည်းတွေကို သင်ပေးရမယ် ဆိုတာဟာ အဆင့်မြင့်ပညာမှာ တာဝန်ယူနေတဲ့ ဆရာ ဆရာမတွေအတွက် အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကို အောင်အောင်မြင်မြင်ကျော်လွှားနိုင်မယ်ဆိုရင် ကျွန်မတို့ နိုင်ငံရဲ့ အနာဂတ်အတွက် အားလုံးစိတ်အေးရမှာပါ။ အခုမှ မူလတန်းကျောင်းမှာစပြီး ပြုစုပျိုးထောင်နေတဲ့ ကလေးတွေကြီးလာတဲ့အထိ စောင့်နေလို့မရပါဘူး။ အခုချက်ချင်း ဒီနေ့ ဒီအချိန်ကနေစပြီး ကျွန်မတို့နိုင်ငံတိုးတက်ရေးအတွက် ဝိုင်းဝန်း ကူညီပံ့ပိုးနိုင်တဲ့ လူငယ်တွေ ပညာတတ်လူငယ်တွေ မွေးထုတ်ဖို့ဆိုတာ အခုအဆင့်မြင့် ပညာရေးစနစ်ရဲ့ အကြီးဆုံး စိန်ခေါ်မှုကြီးဖြစ်လို့ ဒီစိန်ခေါ်မှုကို အောင်အောင်မြင်မြင် ကျော်လွှားဖို့ဆိုတာ ကျွန်မတို့ အားလုံးမှာ တာဝန်ရှိပါတယ်။ အစိုးရဝန်ထမ်းဖြစ်တဲ့ ဆရာ ဆရာမတွေမှာလည်း တာဝန်ရှိပါတယ်။ ကျောင်းသူ ကျောင်းသားတွေမှာလည်း တာဝန်ရှိပါတယ်။ ပုဂ္ဂလိကဆိုင်ရာ စီးပွားရေးအသိုင်းအဝိုင်းမှာတောင် တာဝန်ရှိပါတယ်။ အရေးကြီးဆုံးက မိဘတွေမှာ တာဝန်ရှိပါတယ်။ မိဘတွေက သားသမီးတွေကို မှန်ကန်တဲ့စိတ်နှလုံးသားတွေ၊ မှန်ကန်တဲ့ တန်ဖိုးထားမှုတွေရှိဖို့ကို ကူညီဆောင်ရွက်ပေးမှ အဆင့်မြင့်ပညာရေးစနစ်မှာ ရုန်းကန်နေရတဲ့ ဆရာ ဆရာမတွေအတွက်လည်း အကူအညီရမှာပါ။ အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မှာပါ။ အောင်မြင်မယ်ဆိုတာလည်း ကျွန်မယုံကြည်ပါတယ်။ အောင်မြင်မယ်ဆိုတာ ယုံကြည်လို့ အောင်မြင်မယ်လို့လည်း ကျွန်မပြောနိုင်ပါတယ်။ အထက်တန်းပညာ၊ အဆင့်မြင့်ပညာမှာပါဝင်နေတဲ့ ပုဂ္ဂိုလ်အသီးသီးကလည်း အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဆက်ပြီးတော့ ကြိုးစားသွားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။ ။

# ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာသည့်ကိစ္စရပ်များကို ဆောင်ရွက်ခဲ့သူ ဒေါက်တာကိုဖီအာနန်

ခင်လေးမြင့်အောင်



ကိုဖီအာနန်နှင့် ၎င်း၏မိသားစု

ဓာတ်ပုံ - (Kofi Annan Foundation)

သူ့ အတွက်ပေးမည့် လွမ်းသူ့ပန်းများအစား သူတည်ထောင်ထားသည့် ကိုဖီအာနန်ဖောင်ဒေးရှင်းသို့ တတ်စွမ်းသလောက် ကူညီပေးကြရန်အတွက် သူ့မိသားစုက တစ်ကမ္ဘာလုံးရှိ သူ့အတွက် ဝမ်းနည်းပူဆွေးကြသူများကို ဩဂုတ် ၂၃ရက်တွင် ပန်ကြားလိုက်သည်။ သူဆိုသည်မှာ ဩဂုတ် ၁၈ ရက်က ကွယ်လွန်သွားသူ မစ္စတာကိုဖီအာနန် ဖြစ်သည်။ မစ္စတာကိုဖီအာနန်၏ ဈာပန အခမ်းအနားကို အက္ကရာမြို့တွင် ကျင်းပနိုင်ရေးအတွက် ဂါနာနိုင်ငံအစိုးရအဖွဲ့ကလည်း ပြင်ဆင်နေပြီး နယူးယောက်နှင့် ဂျီနီဗာတို့တွင်လည်း ကုလသမဂ္ဂ၏ အောက်မေ့ဖွယ် အခမ်းအနားများ ကျင်းပရန်အတွက် ပြင်ဆင်နေကြပြီဖြစ်သည်။

**မိတ်ဆွေကောင်းတစ်ဦး**

အာဖရိကတိုက်အတွက် မစ္စတာကိုဖီအာနန်ကို ဆုံးရှုံးရခြင်းသည် ကြီးစွာသောဆုံးရှုံးမှုကြီး ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့နိုင်ငံအတွက်လည်း မစ္စတာကိုဖီအာနန်သည် မေ့ပျောက်၍ မရနိုင်သည့် မိတ်ဆွေကောင်းတစ်ဦးဖြစ်သည်။ ရခိုင်ပြည်နယ် အဖြစ်အပျက်များကြောင့် မြန်မာနိုင်ငံအပေါ် တစ်ကမ္ဘာလုံးက ပြင်းထန်သည့် ဝေဖန်ပြစ်တင်မှုများ ရှိနေချိန်တွင် ငြိမ်းချမ်း၊ လုံခြုံ၊ တိုးတက်အောင်မြင်စေလိုသောဒေါက်တာကိုဖီအာနန်သည် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် ပြဿနာများကို ထာဝရဖြေရှင်းပေးမည့်အဖြေများ ကူညီရှာဖွေပေးနိုင်ရန်အတွက် အကြံပေးကော်မရှင်ကို ဦးဆောင်ပေးခဲ့သည်။

“မိမိအား ဒေါက်တာကိုဖီအာနန်ကို ချီးကျူးခွင့်ပေးစေလိုပါကြောင်း၊ ၎င်း၏ အရည်အချင်းနှင့် အောင်မြင်မှုများသည် မရေမတွက်နိုင်ပါကြောင်း၊ သို့သော် မိမိတို့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရန် ဆွေးနွေးနေခိုက် မိမိတို့အတွက် ၎င်း၏ အရေးပါခဲ့ပုံကိုသာ အဓိကတင်ပြရန် သင့်တော်ပါကြောင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ အမြစ်တွယ်နေသော ပြဿနာများကိုဖြေရှင်းရာတွင် မိမိတို့အားအကြံဉာဏ်ပေးမည့် တာဝန်ကို လက်ခံရယူရန် စိတ်သဘောထားကောင်းမွန်ပြီး အကောင်းမြင်စိတ်ဓာတ်ရှိသည့် ဒေါက်တာကိုဖီအာနန်က သဘောတူညီခဲ့ကြောင်း” ဩဂုတ် ၂၁ ရက်တွင် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့သည်။

ရခိုင်အရေးပြဿနာကဲ့သို့ပင် များပြားလှသည့် ကုလသမဂ္ဂ၏ အရေးကိစ္စများကိုလည်း ဖြေရှင်းပေးခဲ့သူ ဖြစ်သည်။ ၁၉၆၂ ခုနှစ်ကတည်းက ကုလသမဂ္ဂတွင် အလုပ်ဝင်ရောက်ခဲ့သူလည်း ဖြစ်သည်။ ဂျီနီဗာရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် တာဝန်ကိုထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလတွင် ကိုဖီအာနန်သည် သတ္တမမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးကို တာဝန်ပေးခြင်း ခံခဲ့ရသည်။ ဝေဖန်သူများရှိခဲ့သော်လည်း ဒေါက်တာကိုဖီအာနန်သည် သူ့သက်တမ်းတစ်လျှောက် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာသည့် ကိစ္စရပ်များကို ဆောင်ရွက်ခဲ့မှုသည် ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် မမေ့နိုင်သည့် အမှန်တရားဖြစ်ခဲ့ပြီး ကမ္ဘာ့သမိုင်းတွင် ကျန်ရစ်နေတော့မည် ဖြစ်ပါသည်။



**ကိုဖီအာနန်၏ နှစ် ၈၀ ပြည့်မွေးနေ့ကို မြေးငယ် Atta နှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနေစဉ်။**

ဓာတ်ပုံ - (Kofi Annan Foundation)

**“လူတိုင်းသည် မိမိတို့၏သမိုင်းကို ကိုယ်တိုင်ဖန်တီးဆေးခြယ်ကြရသည်ဖြစ်ရာ မစ္စတာကိုဖီအာနန်သည် လူသားတို့အတွက် ယနေ့ခေတ်၏ ရှေ့ဆောင်ကြယ်တစ်ပွင့်အဖြစ် သူ့ဘဝကို ပြဋ္ဌာန်းခဲ့သူ ဖြစ်သည်။ သူသေဆုံးရခြင်းအပေါ် တစ်ကမ္ဘာလုံးက နှမြောတသ ဖြစ်ကြရသည်။ ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများ ချုပ်ငြိမ်း၍ ငြိမ်းချမ်းရေးသည် သူ၏ရည်မှန်းချက် ဖြစ်သည်။ မြန်မာ့ရက်စွဲများတွင်လည်း ရခိုင်ပြည်နယ်အတွက် တတ်စွမ်းသမျှ အကျိုးပြုခဲ့ရှာသည့် သူ့ကိုထည့်သွင်းမှတ်သားရမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် မိတ်ဆွေတစ်ဦးအဖြစ် တည်ရှိခဲ့သူဖြစ်”**

**အကောင်အထည်ဖော်ဆောင်ရွက်ခဲ့**

မြန်မာနိုင်ငံအစိုးရသည် ဒေါက်တာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် ၈၈ ချက်အနက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး ဖော်ဆောင်ရန်ရည်ရွယ်သည့် အကြံပြုချက် ၈၁ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကျန်အကြံပြုချက်များမှာ ရေရှည်ဖော်ဆောင်ရမည့် အကြံပြုချက်များဖြစ်သည့်အတွက် တစ်ဆင့်ချင်း ဖော်ဆောင်သွားမည် ဖြစ်သည်။

“ဒေါက်တာကိုဖီအာနန်၏ လုပ်ဆောင်ချက်နှင့် ၎င်းကော်မရှင်၏အကြံပြုချက်များမှ တွေ့ရသော ၎င်း၏ ကရုဏာ၊ ရိုးသားဖြောင့်မတ်မှုနှင့် ရဲစွမ်းသတ္တိတို့သည် ၎င်း၏ပညာ ပြည့်ဝမှု၊ အတွေ့အကြုံ ကြွယ်ဝမှုတို့ကို ထင်ဟပ်ခဲ့ပါကြောင်းနှင့် ၎င်း၏ ချဉ်းကပ်မှုနည်းလမ်းမှာ အပြုသဘောဆောင်ပြီး ကရုဏာတရားရှိပါကြောင်း”နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထပ်လောင်းပြောကြားခဲ့သည်။

ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းထားသည်။ ယင်းကော်မရှင်သည် ရခိုင်အရေးနှင့် ပတ်သက်သည့် အကြံပြုချက် ၈၈ ချက် ပါဝင်သည့် အပြီးသတ်အစီရင်ခံစာကို ကော်မရှင်ဖွဲ့စည်းအပြီး တစ်နှစ်အကြာ ၂၀၁၇ ဩဂုတ်လတွင် တင်သွင်းနိုင်ခဲ့သည်။ ထို့အပြင် ဒေါက်တာကိုဖီအာနန်သည် သူတွေ့ရှိချက်များအရ ရခိုင်ပြဿနာသည် သိမ်မွေ့နက်နဲကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပြောကြားပေးခဲ့ဖူးသူလည်း ဖြစ်သည်။

အနောက်အာဖရိကနိုင်ငံ၊ ဂါနာနိုင်ငံ တစ်ဝန်းနှင့် နယူးယောက်တွင်ရှိသည့် ကုလသမဂ္ဂဌာနချုပ်တို့တွင် ကိုဖီအာနန်အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် အလံများကို တိုင်တစ်ဝက် လွှင့်ထူခဲ့ကြသည်။

**လူသားချင်းစာနာထောက်ထားမှု**

“အဖေဟာ ကျွန်တော်တို့ဘဝမှာ ချစ်ခြင်းတရားကိုရော၊ ငြိမ်းချမ်းခြင်းကိုရော နက်နက်ရှိုင်းရှိုင်း သိရှိစေဖို့အတွက် သင်ကြားပြသပေးခဲ့ပါပြီ၊ ငြိမ်းချမ်းတဲ့နေရာကို ရောက်ရှိခံစားသွားပါပြီ”ဟု ၎င်း၏သားဖြစ်သူ Kojo က ပြောကြားသည်။

မြန်မာအစိုးရသည် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်နေပြီ ဖြစ်သည်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူများအား စနစ်တကျ ပြန်လည်နေရာချထားရေးနှင့် ရခိုင်ပြည်နယ် လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော်လျက်ရှိပြီ ဖြစ်သည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း ဒေါက်တာဆူရာကရက်ဆာသီရာထိုင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ဒေါက်တာကိုဖီအာနန်ကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည်လည်း အပြီးသတ်အစီရင်ခံစာကို တင်သွင်းထားခဲ့ပြီး ယင်းအကြံပြုချက်များအပေါ် အခြေခံ၍ အာဆီယံမှ ထင်ရှားကျော်ကြားသည့် သံတမန်တစ်ဦးဖြစ်သည့် သံအမတ် ရိုဆာရီယိုမာနာလို ဦးဆောင်သည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်ကိုလည်း ဖွဲ့စည်းထားခဲ့ပြီး လုပ်ငန်းများ စတင်နိုင်တော့မည် ဖြစ်ပါသည်။

**ရှေ့ဆောင်ကြယ်တစ်ပွင့်**

လူတိုင်းသည် မိမိတို့၏သမိုင်းကို ကိုယ်တိုင်ဖန်တီးဆေးခြယ်ကြရသည်ဖြစ်ရာ မစ္စတာကိုဖီအာနန်သည် လူသားတို့အတွက် ယနေ့ခေတ်၏ ရှေ့ဆောင်ကြယ်တစ်ပွင့်အဖြစ် သူ့ဘဝကို ပြဋ္ဌာန်းခဲ့သူဖြစ်သည်။ သူသေဆုံးရခြင်းအပေါ် တစ်ကမ္ဘာလုံးက နှမြောတသ ဖြစ်ကြရသည်။ ကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခများချုပ်ငြိမ်း၍ ငြိမ်းချမ်းရေးသည် သူ၏ရည်မှန်းချက်ဖြစ်သည်။ မြန်မာ့ရက်စွဲများတွင်လည်း ရခိုင်ပြည်နယ်အတွက် တတ်စွမ်းသမျှ အကျိုးပြုခဲ့ရှာသည့် သူ့ကိုထည့်သွင်းမှတ်သားရမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် မိတ်ဆွေတစ်ဦးအဖြစ် တည်ရှိခဲ့သူဖြစ်သည်။

သူသေဆုံးသွားရခြင်းအတွက် သူ၏ချစ်လှစွာသောမြေးဖြစ်သူ Atta က “နှုတ်ဆက်ပါတယ် ဘိုးဘိုး၊ ကောင်းကင်ဘုံမှာ ပျော်ရွှင်စွာနေပါတော့”ဟု နှုတ်ဆက်ခဲ့သည်။ မစ္စတာကိုဖီအာနန်သည်လည်း သူချစ်ရသည့် မိသားစု၊ မိတ်ဆွေ၊ သူတည်ထောင်ထား၊ ကြိုးပမ်းထားသည့် အရာများစွာတို့မှ ပြန်လည်ရရှိသည့် ချစ်ခြင်းမေတ္တာ ကရုဏာများဖြင့် ထာဝရငြိမ်းချမ်းရာဆီထွက်ခွာသွားခဲ့ပါပြီ။ ။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခု လွှတ်တော်ကမှတ်တမ်းတင်ခြင်း၊ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လွှတ်တော်သို့တင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း၊ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေသည် ဆဋ္ဌမမြောက် နှစ်စဉ်အခွန်အကောက် ဥပဒေဟုဆိုနိုင်ပါကြောင်း၊ အခွန်ဆိုင်ရာ ဥပဒေများသည် နိုင်ငံတော်အတွက် အခွန်ရရှိရေးတစ်ခုတည်းကို ရည်ရွယ်၍ ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြားသောရည်ရွယ်ချက်များပါ ပေါင်းစပ်ပြီး ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေသည် လက်ရှိကျင့်သုံးနေဆဲ ဥပဒေဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်အထိ အကျိုးသက်ရောက်မည့် ဥပဒေဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ဥပဒေကြမ်းမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းပြုစုရာတွင် အခွန်ထမ်းပြည်သူများအပေါ် ကြီးမားသောသက်ရောက်မှုများ မဖြစ်စေရေးအတွက် ပြင်ဆင်ဖြည့်စွက်ချက်များ နည်းနိုင်သမျှနည်းစေရန်နှင့် လက်ရှိအခြေအနေနှင့် တတ်နိုင်သမျှ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် အခွန်နှုန်းများ၊ ကင်းလွတ်ခွင့်များ၊ သက်သာခွင့်ပြုခြင်းများ ပါဝင်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

## ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့် ရွှေစင်ရွှေတုံးတို့အား ကင်းလွတ်ခွင့်ရကုန်စည်များစာရင်းတွင် ဆက်လက်ထည့်သွင်းပြဋ္ဌာန်း

၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းကို အခွန်ထမ်းများ လိုက်နာမှုလွယ်ကူစေရန် ရည်ရွယ်၍ ရေးဆွဲထားပါကြောင်း၊ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်က အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့် စိန်နှင့်မြ၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့် ရွှေစင်ရွှေတုံးတို့အား ကင်းလွတ်ခွင့်ရကုန်စည်များစာရင်းတွင် ဆက်လက်ထည့်သွင်း ပြဋ္ဌာန်းထားပါကြောင်း။

၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ထူးခြားချက် (၂) ချက်ရှိပါကြောင်း၊ ပထမအချက်မှာ "အထူးကုန်စည်ခွန်နှုန်းထားများကို တိုးမြှင့်သတ်မှတ်ခြင်း"ဖြစ်ပြီး ဒုတိယအချက်မှာ "ယခင်က ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုပေးထားသော ဝင်ငွေပမာဏအား ပြောင်းလဲသတ်မှတ်ခြင်း" ဖြစ်ပါကြောင်း၊ ပထမအချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒများကို ပိုမိုထိရောက်စွာဖော်ဆောင်နိုင်စေရန်အလို့ငှာ အချို့သောအထူးကုန်စည်ခွန်နှုန်းထားများကို လက်ရှိ ကောက်ခံလျက်ရှိသည့် နှုန်းထားများအစား ဂျီဒီပီတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုတိုးနှုန်းတို့ကို အခြေခံ၍ နှုန်းထားအသစ်ဖြင့် အနည်းငယ်တိုးမြှင့်ပြီး ပြောင်းလဲသတ်မှတ်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ တိုးမြှင့်ကောက်ခံခြင်းအားဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေအထိုက်အလျောက် တိုးမြှင့်ရရှိလာနိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယထူးခြားချက်မှာ ယခုအခါ နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အထူးအကျိုးရှိစေမည့် ပြဋ္ဌာန်းချက်တစ်ခု ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ ပြည်သူများ၏ နိုင်ငံသားပီသစွာဆောင်ရွက်မှုကို ချီးမြှင့်သည့်အနေဖြင့် ပေးအပ်သည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ယခင်က နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် အခွန်ကင်းလွတ်ခွင့်ကို ကျပ်သိန်းတစ်ရာတိတိအထိ ခွင့်ပြုပေးထားပြီး ယခုအခါတွင် ဖမ်းဆီးရမှုအပေါ် ဆုကြေးငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်သဖြင့် ဝင်ငွေကျပ်သိန်းတစ်ရာ ကန့်သတ်ချက်အား ပယ်ဖျက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်ကာလများက ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းမှရရှိသော ဝင်ငွေသည် ကျပ်သိန်းတစ်ရာထက် ပိုမိုရရှိပါက ဝင်ငွေခွန်ထမ်းဆောင်ရမည် ဖြစ်သော်လည်း ကန့်သတ်ချက်အားပယ်ဖျက်လိုက်ခြင်းကြောင့် ဆုကြေးမည်မျှပင်ရသည်ဖြစ်စေ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်ကြားဖမ်းဆီးပေးသူပြည်သူများအနေဖြင့် လွတ်လပ်စွာ သတင်းပေးတိုင်ကြားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လူသားမျိုးနွယ်အညွန့်တုံးစေမည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဖမ်းဆီးမှုကို ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ပြင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများရောင်းဝယ်မှုမှရရှိသောငွေသည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသော ငွေကြေးများဖြစ်ပြီး ယင်းငွေကြေးများ စီးပွားရေးနယ်ပယ်အတွင်း ဝင်ရောက်လည်ပတ်လာပါက နိုင်ငံ၏ ပုံရိပ်ကိုထိခိုက်နိုင်စေပြီး ဤသို့ပြင်ဆင်ပြဋ္ဌာန်းခြင်းအားဖြင့် နိုင်ငံတော်၏ ပုံရိပ်ကို ကောင်းမွန်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

## လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြ

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က ဖတ်ကြားတင်ပြသည်။

အဆိုပါဥပဒေကြမ်း၏ သဘောထားကွဲလွဲချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း အစည်းအဝေး ၁၆ ကြိမ် ကျင်းပခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၂၂ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁၉ ခုကို ခွင့်ပြုခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဟူ၍ နှစ်မျိုးရှိပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ ကိုးခုတွင် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့်လုပ်ငန်း ၂၂၂ ခုအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇၈ ဘီလီယံ ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၂ ခုက ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၄ ဘီလီယံ တိုးမြှင့်မှုကိုလည်း ခွင့်ပြုခဲ့ပါကြောင်း၊ ခွင့်ပြုခဲ့သည့် လုပ်ငန်းများမှ ကော်မရှင်သို့ သုံးလတစ်ကြိမ် တင်ပြသည့် အစီရင်ခံစာများအရ အမှန်ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄၁ ဘီလီယံ ဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် ဦးစားပေးဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ကြေညာခဲ့ခြင်းကြောင့် စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍများအပြင် လယ်ယာကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း၌ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခဲ့ပြီး အများဆုံး ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ယူနိုက်တက်ကင်းဒန်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ကြပါကြောင်း၊ ၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ မြန်မာနိုင်ငံအတွင်း အများဆုံးရင်းနှီးမြှုပ်နှံခဲ့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြပါကြောင်း။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၌ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၁ ခုတွင် လုပ်ငန်းအသစ် ၁၁၉ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၃၅၈၂ ဘီလီယံဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်း ၂၄ ခုက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ငွေကျပ် ၃၉၅ ဘီလီယံကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏမှာ စုစုပေါင်း ငွေကျပ် ၃၉၇၈ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကဏ္ဍ ၁၀ ခု၌ လုပ်ငန်းပေါင်း ၅၁ ခုတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ငွေကျပ် ၁၅၇၂ ဘီလီယံ ခွင့်ပြုခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအခြေအနေကို ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်ကဏ္ဍနှင့် လုပ်ငန်းအရေအတွက် တိုးတက်ရုံသာမက ရင်းနှီးမြှုပ်နှံမှုပမာဏမှာ သိသိသာသာ တိုးတက်ခဲ့ပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်နေရာပေါင်း ၉၅၇၀၆ ဦးနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ၂၂၁၄၉ ဦးကို အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၊ ပြည်ပမှ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း၊ ဆောင်ရွက်သည့်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အကူအညီပေးရေး ကော်မတီဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြု

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အပေါ်အခြေခံပြီး ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံနှင့် ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခေါ်)ဦးအာလူးတို့က နည်းဥပဒေ၏ စကားရပ်များအပေါ်ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)**

---

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း (ဝက်ထီးကန်) အခြေခံ ရဲတပ်သားသစ်သင်တန်းအမှတ်စဉ် (၁၁၄/ ၁၈ ) သူရတပ်ခွဲ သင်တန်းဆင်းပွဲကို ဩဂုတ် ၂၄ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး နေမျိုးက ဆုရသင်တန်းသား တစ်ဦးအား ဆုချီးမြှင့်စဉ်။**

ခရိုင်(ပြန်/ဆက်)

✪ *ကျောဖုံးမှ*

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အခက်အခဲများကို တွေ့ဆုံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအကြိမ်သည် (၁၉) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်ပြီး ပြီးခဲ့သည့် ဇူလိုင်လအထိ အကြံပြု တင်ပြချက် စုစုပေါင်း (၂၆၂)ချက် ရှိခဲ့ပါကြောင်း၊ အဆိုပါအချက်များအားလုံးကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ကုန်သည်စက်မှုအသင်းချုပ်မှ တစ်ဆင့် ပြန်ကြားပေးပြီး ဖြစ်ပါကြောင်း။

**တိုးတက်မှုများ ရရှိလာနိုင်မည်**

အချို့ကိစ္စရပ်များသည် အချိန်ယူ၍ ဆွေးနွေးညှိနှိုင်းရမည့် လုပ်ငန်းများ ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီ (၅)ရပ်က တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Public-Private Dialogue) များ ပြုလုပ်၍ ပြီးပြတ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ(၅)ရပ်နှင့် အမြဲတမ်းဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းရှင်များ၏ အခက်အခဲများကို အမြန်ဖြေရှင်းဆောင်ရွက်ပေးနိုင်ပြီး တိုးတက်မှုများ ရရှိလာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ပြည်ပကုန်သွယ်မှုအပိုင်းကို ကြည့်လျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၃၅၂၀ အထိ ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါပမာဏတွင် ပုဂ္ဂလိကကဏ္ဍသည် အမေရိကန်ဒေါ်လာ ၂၇၂၄၀ သန်း ပါဝင်နေသဖြင့် (၈၁ ရာခိုင်နှုန်း)အထိ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်အထိ ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၃၀၁၅ သန်းအထိ ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၁၆၅၉ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုအနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁၁၁၂၃ သန်း ပါဝင်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၄၇ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက် ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းပြောကြားစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းပြောကြားစဉ်။



ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းတင်ပြစဉ်။

**ကုန်ကြမ်းပစ္စည်းများ ဦးစားပေးတင်သွင်း**

ကုန်သွယ်မှုနှင့်ပတ်သက်၍ နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိမည့် ပို့ကုန်မြှင့်တင်ရေး (Export Promotion) လုပ်ငန်းများကို ပိုမိုတိုးမြှင့်၍ နည်းလမ်းရှာကြံဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သွင်းကုန်ပိုင်းတွင်လည်း တိုင်းပြည်အတွက် မဖြစ်မနေ အရေးကြီးသည့် ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံနှင့် ပတ်သက်သည့်ပစ္စည်းများ၊ ပြည်ပသို့ ကုန်ချောထုတ်၍ ပြန်လည်တင်ပို့ရာတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများ၊ သွင်းကုန်အတွက် အစားထိုးထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများကို ဦးစားပေး တင်သွင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**စီးပွားရေးအခြေအနေတိုးတက်**

မိမိတို့နိုင်ငံ၏ ယနေ့လိုအပ်ချက်နှင့် ကိုက်ညီသည့် Trade Promotion ကို ဖော်ဆောင်ရာတွင် Export Promotion နှင့် Import Regulation တို့ကို ထိထိရောက်ရောက် ကိုင်တွယ်အသုံးပြုရန် လိုအပ်ပါကြောင်း၊ သို့မှသာ Trade Balance ညီမျှလာမည်ဖြစ်ပြီး စီးပွားရေးအခြေအနေ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ဝင်ရောက်နိုင်မည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ကာလတိုအတွင်း ဝင်ရောက်လာအောင် ကြိုးပမ်းပေးကြရန် လိုအပ်ပါကြောင်း။

**အထောက်အကူဖြစ်စေ**

**"မြန်မာကုမ္ပဏီများ ဥပဒေ"**ကို ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁ ရက်က စတင်ကာ အသက်ဝင်ကျင့်သုံးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ကုမ္ပဏီအသစ်မှတ်ပုံတင်သည့်လုပ်ငန်းနှင့် ပြန်လည်မှတ်ပုံတင်သည့် လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု၏ အစဖြစ်သည့် ကုမ္ပဏီမှတ်ပုံတင်သည့် လုပ်ငန်းကစ၍ Online စနစ်နှင့် အပြည့်အဝမှတ်ပုံတင်နိုင်ရန် ဆောင်ရွက်နိုင်ရုံမက မှတ်ပုံတင်ကြေးငွေပေးချေမှု အပိုင်းကိုပါ e-Payment System နှင့် လုပ်ဆောင်နိုင်ခြင်းသည် အစိုးရ၏ e-Government System ကို အကောင်အထည် ဖော်ဆောင်မှုတွင်လည်း အထောက်အကူဖြစ်စေပါကြောင်း။

ကုမ္ပဏီ မှတ်ပုံတင်ခြင်းကစပြီး ပြည်သူများကို ဝန်ဆောင်မှုပေးနေရသည့် ခွင့်ပြုမိန့်အမျိုးမျိုးကိစ္စများကို Digital နည်းပညာသုံး၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ သို့မှသာ e-Government System ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

**တရားမဝင်ကုန်သွယ်မှုများ**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးကို နှစ်လတစ်ကြိမ် ကျင်းပလျက်ရှိရာ သတ္တမအကြိမ်အထိ ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ အစည်းအဝေးဆွေးနွေးချက်များအရ နယ်စပ်မှတရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုကြောင့် ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများရပ်တည်ရန် ခက်ခဲခြင်း၊ တရားမဝင်ကုန်ပစ္စည်းများ အခွန်ပေးဆောင်မှုမရှိသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် နည်းပညာနှင့် ဈေးကွက်ယှဉ်ပြိုင်မှု အခက်အခဲဖြစ်ပေါ်နေခြင်းတို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသရှိ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး အထူးအဖွဲ့များဖွဲ့စည်း၍ သတင်းအရ တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီး ခွင့်ပြုချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အထူးအဖွဲ့များ ဖွဲ့စည်း၍ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

**ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်**

တမူးနယ်စပ် ကုန်သွယ်ရေး ကုန်သည်များအသင်းမှ တင်ပြခဲ့သည့် ကွမ်းသီးများ တရားမဝင် ဝင်ရောက်နေမှုကြောင့် မြန်မာနိုင်ငံထွက် ကွမ်းသီးများ အိန္ဒိယနိုင်ငံသို့ တင်ပို့ရာတွင် အခက်အခဲဖြစ်ပေါ်နေမှုကိစ္စနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားခဲ့ရာ ထိုင်းနိုင်ငံဘက်မှ တရားမဝင် တင်သွင်းလာသော ကွမ်းသီးများ သယ်ဆောင်လာသည့် ကားများကို ဇွန်လအတွင်းတွင် ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကွမ်းသီးတင်ပို့မှုသည် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် စာရင်းအရ တန်ချိန် ၁၂၃ တန် တင်ပို့နိုင်ခဲ့၍ ယခင်နှစ်ကာလတူထက် တန်ချိန် ၇၁၀ ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

**ပွင့်ပွင့်လင်းလင်း ဆွေးနွေး**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် လုပ်ငန်းရှင်များဘက်က တင်ပြခဲ့သည့် အခက်အခဲများကို အတတ်နိုင်ဆုံးနှင့် အမြန်ဆုံးကြိုးစားဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များ အနေဖြင့်လည်း ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပို့ကုန် သွင်းကုန် လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ကုလားတန်မြစ် ဘက်စုံစီမံကိန်း**

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရခိုင်ပြည်နယ်အတွင်းရှိ ဆိပ်ခံတံတားများ အခြေအနေ၊ ကုလားတန်မြစ် ဘက်စုံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ငွေကြေးတည်ငြိမ်ရေးကိစ္စရပ်များ၊ အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အခက်အခဲများ ရှင်းလင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦး၊ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးပေါဦးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အကြံပြု တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံရေးဆိုင်ရာ ဒုတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးကို မြန်မာ-ထိုင်းနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်များ ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

ယင်းပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်၍ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးတို့မှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် H.E.Ms.Busaya Mathelin ဦးဆောင်သော ထိုင်းနိုင်ငံဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားဟု ဆိုသူများအား ပြန်လည်စိစစ်လက်ခံရာတွင် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရန် ရှေ့ဆက်ပူးပေါင်းလုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အပြင် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးနှင့် လူမှုဖြစ်ရပ်ရေးရာ စီမံခန့်ခွဲရေးတို့အတွက် ထိုင်းနိုင်ငံရှိ စခန်းများသို့ မြန်မာဘက် လူမှုဖြစ်ရပ်ရေးရာ စီမံခန့်ခွဲရေးအဖွဲ့ (Case Management Team) ၏ ဆောင်ရွက်ထားရှိမှုနှင့် မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား တတိယအသုတ်အဖြစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ပြန်လည်လက်ခံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများ ချမှတ်နိုင်ရေး နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိမှုကြောင့် ပြောင်းရွှေ့ရမှုအခြေအနေနှင့် ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရာ ဖွင့်လှစ်ခဲ့သော စခန်းစုစုပေါင်း ၃၉၄ ခုတွင် ၃၄၁ ခု ပိတ်သိမ်းပြီးဖြစ်သည်။

ယခုလက်ရှိအခြေအနေအရ ဖွင့်လှစ်ဆဲစခန်း စုစုပေါင်း ၅၃ ခုတွင် အိမ်ထောင်စု ၄၁၆၁ စု၊ လူဦးရေ ၁၉၂၁၃ ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျပ်သိန်း ၃၀၀၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၄၉၆၈ ဒသမ ၆၁၅ သိန်း ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ၌ ဘွဲ့လွန်သင်တန်း၊ ပါရဂူသင်တန်းနှင့် Doctor of Science သင်တန်းများ တက်ရောက်နေသည့် တပ်မတော်အရာရှိများအား တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားနိုင်ငံတွင် ဘွဲ့လွန်သင်တန်း၊ ပါရဂူသင်တန်းနှင့် Doctor of Science သင်တန်းများ တက်ရောက်နေသည့် တပ်မတော်အရာရှိများအား ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ D. Mendeleev University of Chemical Technology of Russia တက္ကသိုလ်ခန်းမ၌ တွေ့ဆုံသည်။

**ချီးမြှင့်မှုများ ဆောင်ရွက်ပေး**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၀၁ ခုနှစ်မှစတင်၍ ရုရှားနိုင်ငံသို့ တပ်မတော်သား ပညာတော်သင် သင်တန်းသားများ စေလွှတ်ခဲ့ခြင်းဖြစ်ပြီး ဘွဲ့လွန်နှင့် ပါရဂူသင်တန်းသားများအပြင် ရုရှားနိုင်ငံတွင် အမြင့်ဆုံးဘွဲ့ဖြစ်သည့် Doctor of Science ဘွဲ့ရရှိခဲ့သည့် ထူးချွန်ကျောင်းသားများ ထွက်ပေါ်ခဲ့ကြောင်း၊ ထိုသို့ ထွက်ပေါ်လာခြင်းအားဖြင့် မိမိတို့ တပ်မတော်သားအရာရှိများအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အရာရှိများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ ထူးချွန်ခဲ့သည့် အရာရှိများကိုလည်း မိမိတို့အနေဖြင့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကို ကာကွယ်ရန်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းရှိသည့် တပ်မတော် Standard Army အဖြစ် တည်ဆောက်လျက်ရှိကြောင်း။

လူတိုင်းတွင် တူညီသည့် အခွင့်အရေးများရှိကြောင်း၊ မိမိတို့ကြိုးစားမှုအပေါ် မူတည်၍ အဆင့်လိုက်ကွာခြားမှုများ ဖြစ်ပေါ်သွားကြောင်း၊ အားလုံးနံပါတ်တစ် မဖြစ်နိုင်သော်လည်း နံပါတ်တစ်ဖြစ်အောင် ကြိုးစားခွင့်ရှိသည့်အတွက် အားလုံး ကြိုးစားဆောင်ရွက်စေချင်ကြောင်း၊ မိမိတို့ဘဝ တိုးတက်ရာလမ်းကြောင်း မထိခိုက်ရန်အတွက် နေထိုင်မှုမှအစ မိမိကိုယ်ကိုယ် တန်ဖိုးထား၍ ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မည်သည့်နေရာတွင် ရောက်ရှိနေသည်ဖြစ်စေ တပ်မတော်သားကောင်းတစ်ယောက်အဖြစ် နေထိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရပ်ခြားတွင် လာရောက်ပညာသင်ကြားနေကြသူများ ဖြစ်သဖြင့် အားလုံးညီရင်းအစ်ကိုစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့ တပ်မတော်သည် မိသားစုစိတ်ဓာတ်ဖြင့် စုစုစည်းစည်းဖြင့် နေထိုင်၍ အမိန့်နာခံမှုကောင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဆင့်ဆင့်သော ခေါင်းဆောင်မှုများဖြင့် လုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခေါင်းဆောင်လုပ်သူများသည် ခေါင်းဆောင်စိတ်ဓာတ်၊ မိဘသဖွယ်စိတ်ဓာတ်ဖြင့် ညီညွတ်စွာ ကွပ်ကဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်သည့် ခေါင်းဆောင်မှုပညာရပ်များအား သင်တန်းကျောင်းများတွင် လေ့ကျင့်သင်ကြားပေးပြီးဖြစ်ကြောင်း၊ အထက်နှင့်အောက် အပြန်အလှန်လေးစားမှုရှိစွာဖြင့် နေထိုင်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး(ဓာတ်ပုံ) သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အဆိုပါ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံ ပြတိုက်ပန်းခြံသည် ရုရှားနိုင်ငံတွင် လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြီးဆုံး ပြတိုက်ပန်းခြံတစ်ခုဖြစ်ပြီး ရုရှားလူမျိုးများနေထိုင်ခဲ့သည့် အိမ်ပုံစံတူများ၊ အသုံးအဆောင်ပစ္စည်းများနှင့် နေထိုင်စားသောက်မှုပုံစံများ၊ ဥရောပနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံပေါင်း ၂၅၂ နိုင်ငံ၏ နိုင်ငံအလိုက်နေထိုင်မှုပုံစံများနှင့် ယဉ်ကျေးမှုဆိုင်ရာပြခန်းများအား မြေဧရိယာအကျယ်အဝန်း စတုရန်းမီတာ တစ်သောင်းကျော်ပေါ်တွင် ၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပိတ်ရက်မရှိ အမြဲဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

အဆိုပါ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံ ပြတိုက်အတွင်း တည်ထားကိုးကွယ်မည့် ရွှေစည်းခုံပုံစံတူစေတီတော်မှာ ရင်ပြင်တော်အကျယ် ပတ်လည် ၇၂ ပေ၊ စေတီတော်အမြင့် ၂၇ ပေ၊ ဂန္ဓကုဋိတိုက်အကျယ်ပတ်လည် ၃၇ ပေရှိပြီး စေတီတော်၏ စုစုပေါင်းအမြင့်မှာ ၅၄ ပေရှိမည်ဖြစ်သည်။ ထို့အတူ အသရာဒါဘာသာရေးပန်းခြံအတွင်း တည်ထားကိုးကွယ်မည့် ပုဂံခေတ်ဟန်ဓမ္မစကြာမုဒြာ ဗုဒ္ဓရုပ်ပွားတော်မှာ အမြင့် ၁၈ ပေရှိပြီး ကြေးဆင်းတုတော် အမျိုးအစားအား တည်ထားကိုးကွယ်သွားမည်ဖြစ်ပြီး စေတီတော်ပရိဝုဏ်အတွင်း ဗုဒ္ဓယဉ်ကျေးမှုပြတိုက်နှင့် ယောဂီများ တရားအားထုတ်မည့်အခန်းများကို ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၂၁ / ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် )**

**ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ခြင်း**

၁။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီးက လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **၁. ၇. ၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁ / ၂၀၁၄)** ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် နိုင်ငံရေးပါတီများအားလုံး၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကိုလည်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ( **၃.၉.၂၀၁၈ ရက်နေ့ နံနက် ၀၆၀၀ နာရီမှ ၁.၁၁. ၂၀၁၈ ရက်နေ့ ည ၁၂၀၀ နာရီအထိ**) ခွင့်ပြုပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍ တရားမျှတသော၊ အေးချမ်းသာယာသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို အထက်ဖော်ပြပါ ညွှန်ကြားချက်အမှတ် (၁/ ၂၀၁၄)၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်တို့နှင့်အညီ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၁၆/ ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)**

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်သည့် **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ ( People Life Development Party)** အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၂၃/ ၂၀၁၈)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂(ခ)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီစည်းဝေး



**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင် ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပညာရေးသုတေသန** ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော သုတေသနလုပ်ငန်းကို ဆိုသည်။

(ခ) **ပညာရေးစီမံကိန်း** ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်သည့် ပညာရေးစီမံကိန်းကို ဆိုသည်။

(ဂ) **လေ့ကျင့်ရေး** ဆိုသည်မှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်ကြားလေ့ကျင့်ပေးခြင်းနှင့် အခြေခံပညာသင်ကြားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် အထောက်အကူပေးမည့် နည်းပြများအား သင်ကြားလေ့ကျင့်ပေးခြင်းတို့ကို ဆိုသည်။

(ဃ) **ပညာရေးစာရင်းအင်း** ဆိုသည်မှာ ပညာရေးစာရင်းများကို ကောက်ယူခြင်း၊ စုစည်းခြင်းနှင့် ခွဲခြားဆန်းစစ်ခြင်းဆိုင်ရာ ကိန်းဂဏန်းနှင့် အချက်အလက်များကို ဆိုသည်။

(င) **ဖွံ့ဖြိုးမှုမိတ်ဖက်များ** ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ၊ ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများပံ့ပိုး၍ ပူးပေါင်းပါဝင်ဆောင်ရွက်သော နိုင်ငံများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများကို ဆိုသည်။

(စ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးကောင်စီကို ဆိုသည်။

(ဆ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဇ) **သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဦးစီးဌာနနှင့် အဖွဲ့များကို ဆိုသည်။

(ဈ) **ဦးစီးဌာန** ဆိုသည်မှာ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပညာရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

( ခ ) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ဂ ) ပညာရေးသုတေသနလုပ်ငန်းနှင့် ပညာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ပညာရေးစာရင်းအင်းများ ပြုစုနိုင်ရန်၊

(ဃ) အမျိုးသားပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ ပြုစုရေးဆွဲဆောင်ရွက်ရန်၊

( င ) ပညာရေးဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်ကြားလေ့ကျင့်ပေးရန်၊

(စ) အခြေခံပညာသင်ကြားရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်ကြားလေ့ကျင့်ပေးမည့် နည်းပြကောင်းများ မွေးထုတ်ပေးရန်။

**အခန်း(၃)**

**ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းအကြီးအမှူးများ | အဖွဲ့ဝင်များ |
| (၄) | ပညာရေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ | အဖွဲ့ဝင်များ |
| (၅) | ပြင်ပ ပညာရှင်(သုတေသန) | အဖွဲ့ဝင် |
| (၆) | ပြင်ပ ပညာရှင် (စီမံကိန်းကျွမ်းကျင်သူ) | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် ပညာရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် အတည်ပြုပေးခြင်း၊

(ခ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနရှိ ဦးစီးဌာနများအား ပညာရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း။

(ဂ) အမျိုးသားပညာရေးမူဝါဒနှင့်အညီ အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို လေ့လာဆန်းစစ်ခြင်းနှင့် ပြင်ဆင်ရေးဆွဲရာတွင် ဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(ဃ) ပညာရေးစာရင်းအင်းများ တိကျခိုင်မာမှုရှိရေးနှင့် အချိန်မီရရှိရေးတို့အတွက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(င) ဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနများကို ညှိနှိုင်းအတည်ပြုပေးခြင်း။

(စ) အခြေခံပညာသင်ကြားရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနများကို ညှိနှိုင်းအတည်ပြုပေးခြင်း။

(ဆ) ဥပဒေနှင့်အညီ လက်ခံရရှိသော ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများကို ပညာရေးသုတေသနနှင့် ပညာရေးစီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျသုံးစွဲနိုင်ရန် အဆုံးအဖြတ်ပေးခြင်း။

**အခန်း(၄)**

**လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၆။ ကောင်စီသည် -

ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင်များ |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်(လေ့ကျင့်ရေး) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်(သုတေသန) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၇။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ပညာရေးသုတေသနလုပ်ငန်းများကို ချမှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊

(ခ) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ နည်းပညာဖလှယ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ သင်တန်းပေးခြင်းနှင့် ပညာရေးသုတေသနလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဃ) ပညာရေးသုတေသနလုပ်ငန်းများမှ ရရှိလာသည့် ရလဒ်များအပေါ် အခြေခံ၍ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုခြင်း၊

(င) ပညာရေးကဏ္ဍအတွက် တိကျမှန်ကန်သည့် ပညာရေးစာရင်းအင်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ ရယူစုစည်းခြင်း၊ ရရှိသော ပညာရေးစာရင်းအင်းများ၏ ခိုင်မာမှုကို စစ်ဆေးခြင်းနှင့် ကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊ လိုအပ်သော အညွှန်းကိန်းများ တွက်ချက်ထုတ်ပေးခြင်းနှင့် ထုတ်ပြန်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(စ) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ရေးဆွဲအကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ခြင်း၊

(ဆ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီစေရန် လေ့လာဆန်းစစ်ခြင်းနှင့် ပြင်ဆင်ရေးဆွဲခြင်းတို့ကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အခြေခံပညာ ကျောင်းသုံးစာအုပ်များနှင့် ဆရာလက်စွဲများ ပြုစုရေးသားခြင်း၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ပြုစုခြင်းတို့ကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ကောင်စီကပေးအပ်သည့် ပညာရေးသုတေသန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နှစ်စဉ်အစီရင်ခံတင်ပြခြင်း၊

**အခန်း(၅)**

**ဘဏ္ဍာရေး**

၈။ ဦးစီးဌာနသည်-

(က) ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများကို ဥပဒေနှင့်အညီ စိစစ်လက်ခံရမည်။

(ခ) လက်ခံရရှိသော ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် စနစ်တကျသုံးစွဲပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ရမည်။

၉။ ဦးစီးဌာနသည်-

(က) ကောင်စီနှင့် လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကောင်စီနှင့် လုပ်ငန်းကော်မတီတို့၏ အသုံးစရိတ်များကို ကျခံရမည်။

**အခန်း(၆)**

**အထွေထွေ**

၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကောင်စီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ဂ) ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၁။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပညာရေးသုတေသနဥပဒေ (၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၅။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ပုဗ္ဗသီရိမြို့နယ်တွင် အခြေခံငါးမွေးမြူရေး ရက်တိုသင်တန်းဖွင့်



**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် MYCulture စီမံကိန်းတို့ပူးပေါင်း၍ အခြေခံငါးမွေးမြူရေး ရက်တိုသင်တန်းကို ဩဂုတ် ၂၃ ရက်က ဖွင့်လှစ်ရာ နေပြည်တော်ငါးလုပ်ငန်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ယဉ်ယဉ်မိုး တက်ရောက်ဖွင့်လှစ်၍ အမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)**

အဆိုပါသင်တန်းကို နေပြည်တော်ကောင်စီနယ်မြေအတွင်း ငါးထုတ်လုပ်မှုတိုးတက်လာစေရေး၊ငါးစားသုံးမှုမြင့်မားလာစေရေးနှင့် ငါးမွေးမြူခြင်းအတတ်ပညာ မြင့်မားလာစေရေးတို့အတွက် အဓိကရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် MYCulture စီမံကိန်း တာဝန်ရှိသူများက သင်ကြားပို့ချပြီး ဒေသခံတစ်ပိုင်တစ်နိုင် ငါးမွေးတောင်သူ ၃၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**

# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၈၀ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင် ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂။ (ဇ) **ဘဏ္ဍာရေးနှစ်**ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာလ ၁ ရက်တွင်စ၍ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကိုဆိုသည်။"

---



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂျပန်ပါလီမန်ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**စစ်တွေ ဩဂုတ် ၂၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်(WFP)၏ လုပ်ငန်းများကို လေ့လာကြည့်ရှုရန် ရောက်ရှိလာသည့် Mr. Kohjiroh Takano Head of Delegation President of WFP ဂျပန်ပါလီ ကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်နေမှု၊ WFP မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှုနှင့် ဆက်လက်ထောက်ပံ့ပေးမည့် အခြေအနေများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ အဆင်သင့်စီစဉ်ဆောင်ရွက်ထားရှိမှု ကဏ္ဍများအား ဆွေးနွေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

# မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

မောင်တော မြို့နယ် နယ်မြေ(၂) အောင်ဇူနယ်မြေရဲစခန်းမှ ဒုတိယရဲမှူး ထွန်းထွန်းစိုးဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမှတ်(၁၁) နယ်ခြားစောင့်တပ် Nikuchari ကင်းစခန်းမှ Naib Subedar Md. Mahabubur Rahman ဦးစီး ၁၅ ဦးတို့သည် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီမှ ၁၂ နာရီ ၅ မိနစ်ထိ မိမိတို့နိုင်ငံ အသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၄၂ မှ ၄၃ ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ကိုရဲ**



---

# ပုဗ္ဗသီရိမြို့နယ်တွင် လူကုန်ကူးမှုအသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် လူကုန်ကူးမှုကျဆင်းရေး၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ဩဂုတ်လ တတိယပတ်က ရတနာဒီပရပ်ကွက် ဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ထုံးဖိုမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ် နေထက်လင်းက လူကုန်ကူးမှုအန္တရာယ်၊ လူကုန်ကူးခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းစသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ဒေသခံပြည်သူ ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရုပ်ပဗေဒ)**

---

# ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များ မောင်တောမြို့တွင် သတင်းရယူ

**မောင်တော ဩဂုတ် ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေကြသည့် ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့များပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နှစ်နိုင်ငံနယ်စပ်တံတား၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများနှင့် ကြိုဆိုလက်ခံရေးစခန်းများသို့ သွားရောက်၍ သတင်းရယူကြသည်။

ရှေးဦးစွာ သတင်းမီဒီယာအဖွဲ့သည် နှစ်နိုင်ငံ နယ်စပ်တံတားသို့ ရောက်ရှိကြပြီး မှတ်တမ်းဓာတ်ပုံများ ရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးသို့ ရောက်ရှိရာ စခန်း၌စခန်းတာဝန်ရှိသူများက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မီဒီယာအဖွဲ့များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

ယင်းနောက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများအား သွားရောက်တွေ့ဆုံ၍ မှတ်တမ်းဓာတ်ပုံရယူကြသည်။**(အောက်ပုံ)** ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**မျိုးသူဟိန်း၊ ဓာတ်ပုံ-ရာမည**



---

# စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့၏ မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---

# ရေဖြူမြို့နယ်တွင် မွေးနေ့အလှူပွဲ၌ အစာအဆိပ်သင့်သူ ၅၈ ဦးခန့်ဖြစ်

**ရေဖြူ ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ဖောင်းတောကျေးရွာအုပ်စု ဖောင်းတောကျေးရွာအမှတ် (၂) ရပ်ကွက်ရှိ ကလေးငါးနှစ်ပြည့်မွေးနေ့ အလှူပွဲတွင် ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းက အစာအဆိပ်သင့်သူ ၅၈ ဦးခန့် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေဖြူမြို့နယ် ဖောင်းတောကျေးရွာ အမှတ်(၂) ရပ်ကွက်နေ ဦးဖစုသည် မြေးဖြစ်သူ မဖူးသီရိမင်း၏ အသက် ငါးနှစ်ပြည့်မွေးနေ့တွင် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

**ဆေးကုသလျက်ရှိ**

ပြီးနောက် လာရောက်ကြသောဧည့်သည်များအား ကြက်သား၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ မှို (စိုက်ပျိုးရေးမှိုနှင့် တောထဲမှရရှိသောဒေသအခေါ်အဝေါ် ဝါဆိုမှို)တို့ဖြင့် ရောနှောကြော်ထားသော ခေါက်ဆွဲကြော်နှင့်ကြက်သား၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ မှို (စိုက်ပျိုးရေးမှိုနှင့် တောထဲမှရရှိသော ဒေသအခေါ်အဝေါ်ဝါဆိုမှို)တို့ဖြင့် ရောနှောချက်ထားသော ဟင်းချိုနှင့်ရွှေရင်အေးတို့ဖြင့် ဆက်လက်ဧည့်ခံကျွေးမွေးနေစဉ် ၁၁ နာရီခွဲခန့်တွင် ဧည့်သည်များ အော့အန်၊ အကြောတက်၊ ဝမ်းလျှော၊ မူးဝေခြင်းတို့ ဖြစ်ပေါ်လာ၍ ကံပေါက်တိုက်နယ်ဆေးရုံသို့ ကားဖြင့်ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်ဖြစ်၍ တက်ရောက်ဆေးကုသသောလူနာများမှာ ရေဖြူမြို့နယ် ဖောင်းတောကျေးရွာအုပ်စုမှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၅၈ ဦးတို့မှာ မူးဝေ၊ အကြောတက်၊ အော့အန်၊ ဝမ်းလျှော (မစိုးရိမ်ရ) ဖြစ်ပြီး ည ၈ နာရီခွဲတွင် ရောဂါများသက်သာလျက် လူနာအမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၃၉ ဦးတို့ကို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆေးကုသမှုခံယူရန် ကျန်ရှိနေသော လူနာ ၁၉ ဦးကို မနက်ဖြန်တွင် ဆေးရုံဆင်းခွင့်ပြုမည် ဖြစ်ကြောင်း ကံပေါက်တိုက်နယ်ဆေးရုံမှ ဒေါက်တာဇွန်ဖူးငုံ၏ ပြောပြချက်အရ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဇွန်လနှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၈ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၅ ဒသမ ၆၆၅ သန်း ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၄၃၄ ဒသမ ၈၈၉ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$(သန်း) |
| (က) | စက်မှုကဏ္ဍ | ၈ | ၁၇၂.၃၇၅ * | ၂၀ | ၁၀၇.၄၀၄ * |
| (ခ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၆၂.၆၆၀ | ၃ | ၁၂၀.၄၂၃ * |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁ | ၄.၆၃၀ | - | - |
| (ဃ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၂၂.၅၀၀ |
| (င) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | - | - | ၁၄၀.၀၄၈ * |
| (စ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၁၀.၅၁၄ |
| (ဆ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | - | ၁ | ၂၈.၀၀၀ |
| (ဇ) | စိုက်ပျိုးရေးကဏ္ဍ | - | - | ၁ | ၅.၀၀၀ |
| (ဈ) | သတ္တုတွင်းကဏ္ဍ | | ၆.၀၀၀ * | - | - |
| | စုစုပေါင်း | ၁၁ | ၂၄၅.၆၆၅ | ၂၇ | ၄၃၄.၈၈၉ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။**

၂၀၁၈ ခုနှစ် ဇွန်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၃၅,၅၉၆.၀၉၀ သန်းနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၁၀၈,၇၁၇.၁၃၀ သန်းခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၂,၀၇၆.၀၀၀ | - | - |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၂၃,၁၇၀.၀၉၀ | ၆ | ၅၈,၃၃၅.၀၂၀ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃ | ၁,၂၅၀.၀၀၀ | ၅ | ၂,၈၃၃.၄၂၀ |
| (ဃ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | - | | ၁၉,၉၅၀.၀၀၀ * |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၃ | ၂,၈၆၀.၀၀၀ |
| (စ) | လယ်ယာကဏ္ဍ | - | - | ၁ | ၇၀၀.၀၀၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၉,၁၀၀.၀၀၀ | ၄ | ၂၄,၀၃၈.၆၉၀ |
| | စုစုပေါင်း | ၁၂ | ၃၅,၅၉၆.၀၉၀ | ၁၉ | ၁၀၈,၇၁၇.၁၃၀ |

***ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် မပမာဏများထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။**

၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇွန်လ | ဇူလိုင် |
| (က) | လယ်ယာကဏ္ဍ | - | ၁၇၀ |
| (ခ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၁၂၂ |
| (ဂ) | စက်မှုကဏ္ဍ | ၄,၁၅၄ | ၁၄၄၄၂ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁၈ | - |
| (င) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၆၆ |
| (စ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | ၅၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၄၃ | ၂၀၆၉ |
| | စုစုပေါင်း | ၄,၄၁၅ | ၁၆၉၁၉ |

၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇွန်လအတွင်း | ဇူလိုင်အတွင်း |
| (က) | စက်မှုကဏ္ဍ | ၆၂၀ | ၉၆၄ |
| (ခ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၈၉ | ၁၅၉ |
| (ဂ) | အိမ်ရာနှင့် အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁၀ | - |
| (ဃ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၉၀ |
| (င) | လယ်ယာကဏ္ဍ | - | ၁၉ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၁၃ | ၃၀၉ |
| | စုစုပေါင်း | ၉၃၃ | ၁၅၄၁ |

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## မြန်မာအမျိုးသမီးအသင်း အိုလံပစ်ခြေစစ်ပွဲယှဉ်ပြိုင်ရန် ကစားသမား ၂၆ ဦးရွေးချယ်

**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုဝင်ဘာတွင်ကျင်းပမည့် ၂၀၂၀ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၆ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ် ၂၇ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး အောက်တိုဘာတွင် ပြည်တွင်း ခြေစမ်းခရီးစဉ် သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲ ပထမအဆင့်တွင် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် ပထမအဆင့် ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ကစားမည်မဟုတ်ဘဲ ဒုတိယအဆင့် ခြေစစ်ပွဲမတိုင်မီမှသာ ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲ အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်၊ နိုဝင်ဘာ ၁၁ ရက်တွင် နီပေါ၊ နိုဝင်ဘာ ၁၃ ရက်တွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ၁၀ သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမအဆင့် ခြေစစ်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။

ယခုရွေးချယ်လိုက်သည့် ပဏာမလူစာရင်းတွင် **ဂိုး**-ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ခင်သီတာအေး၊ **နောက်တန်း** - ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ငယ်ငယ်ထွေး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း**-ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ နန့်မေသဇင်၊ နုနု၊ ခင်မိုးဝေ၊ **ရှေ့တန်း**-ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်နှင့် နီလာဝင်းတို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

## မြန်မာဘော်လီဘောအသင်း အုပ်စုဒုတိယဖြင့် ရှုံးထွက်အဆင့် တက်ရောက်

**ရန်ကုန် ဩဂုတ် ၂၄**



မြန်မာနှင့် ဂျပန်အသင်း ယှဉ်ပြိုင်နေစဉ်။

အာရှအားကစားပြိုင်ပွဲ အမျိုးသား ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲများကို ယနေ့ နံနက်ပိုင်းမှစ၍ ကျင်းပရာ မြန်မာအသင်းသည် အုပ်စုဒုတိယဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး သုံးပွဲ-နှစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အာရှအသင်းကြီး ဂျပန်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး နောက်ဆုံးပွဲမှကပ်၍ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂျပန်အသင်း၏ ဦးဆောင်မှုကြောင့် နောက်မှလိုက်ကစားရသော်လည်း အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး စတုတ္ထပွဲငယ်တွင် အမာခံကစားသမား ဇော်ထက်အောင် ဒဏ်ရာရခဲ့သောကြောင့် နစ်နာခဲ့ရသည်။ မြန်မာအသင်းသည် ဂျပန်အသင်းကို ၂၀-၂၅ မှတ်၊ ၂၅-၁၇ မှတ်၊ ၁၉-၂၅ မှတ်၊ ၂၅-၂၀ မှတ်၊ ၁၇-၁၉ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းနှင့် ဂျပန်အသင်း၏ နောက်ဆုံးပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ၁၅ မှတ်ရသည့်အသင်း အနိုင်ရမည်ဖြစ်သော်လည်း အမှတ်ကွာဟမှုမှာ တစ်မှတ်သာရှိသောကြောင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာအသင်းမှာ ၁၇-၁၉ မှတ်ဖြင့် ကပ်၍ ရှုံးနိမ့်ခဲ့ရသည်။ မြန်မာအသင်းပါဝင်သော အုပ်စု(ဂ)တွင် ဂျပန်က အုပ်စုပထမ၊ မြန်မာက အုပ်စုဒုတိယရကာ ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့သည်။

အုပ်စုပွဲများမှာ ဩဂုတ် ၂၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ပွဲအားလုံးပြီးဆုံးမှသာ ရှုံးထွက်ပွဲများ ထွက်ပေါ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-asiangames 2018**

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၂၄**

အင်ဒိုနီးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲကို ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့တို့ရှိ အားကစားရုံ၊ အားကစားကွင်း အသီးသီး၌ ယနေ့ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိသည်။

ဆက်လက်၍ မြားပစ်ကွင်း၌ ကျင်းပလျက်ရှိသော မြားပစ်ပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် မြန်မာနိုင်ငံက ထိုက်လင်းဦးနှင့် သီတာနွယ်အတွဲမှ ဘူတန်နိုင်ငံမှ ကစားသမားအတွဲအား ၅း၁ ဖြင့် အနိုင်ရရှိခဲ့ပြီး ၁၆ ဦးအဆင့်သို့ရောက်ရှိကာ ၁၆ ဦးအဆင့်တွင် တရုတ်ကစားသမားအတွဲအား ၅း၁ ဖြင့် အရေးနိမ့်ခဲ့သည်။ ဆက်လက်၍ (Compound Mixed tream) ၁၆ ဦးအဆင့်တွင် မြန်မာနိုင်ငံက ဇင်သူရိန်မှူးနှင့် စုစုလှိုင်အတွဲက တရုတ်(တိုင်ပေ) အသင်းကို ၁၄၈း၁၅၆ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

Jakabaring Shooting Range တွင် ကျင်းပသည့် အမျိုးသမီး ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲတွင် မြန်မာမှ မေပိုးဝါ ယှဉ်ပြိုင်ရာတွင် ရမှတ် ၅၆၀ မှတ်ဖြင့် နိုင်ငံပေါင်း ၄၃ နိုင်ငံတွင် အဆင့် ၂၂ ဖြင့် သာကျေနပ်ခဲ့ရသည်။

ဆက်လက်၍ ပလန်ဘန်းမြို့ရှိ Jakabaring Lake Rowing တွင်ကျင်းပသည့် အမျိုးသမီး လေးယောက်တွဲ မီတာ ၂၀၀၀ အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံက နီလာဝင်းအတွဲက စံချိန် ၇ မိနစ် ၃၃ ဒသမ ၁၇ စက္ကန့်ဖြင့် ခြောက်နိုင်ငံယှဉ်ပြိုင်ရာတွင် အဆင့် ၅ ရရှိခဲ့သည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် မြန်မာအားကစားအသင်းများ တည်းခိုနေထိုင်လျက်ရှိသော Jakabaring Village အတွင်းရှိ Tower -9 တွင် မြန်မာ့လက်ရွေးစင် ရိုးရာလှေလှော်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားများ ပြောကြားသည်။

ယင်းနောက် Dining Hall သို့သွားရောက်ကာ အားကစားသမားများ စားသောက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အမျိုးသမီး သုံးယောက်တွဲ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သော မြန်မာအသင်းကို ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၃ ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၄**

Delivery Van များအား ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းရာတွင်၊ မူဝါဒနှင့် ကိုက်ညီမှုမရှိသော ယာဉ်များအား ဆိပ်ကမ်းပြင်ပသို့ ထုတ်ယူခွင့်ရရှိရန်အတွက် Custom Agent မှတစ်ဆင့် ငွေပေးဆောင်ရခြင်းနှင့် သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ဆိပ်ကမ်းမှပစ္စည်းများ ထုတ်ယူရာတွင် Custom Agent မှတစ်ဆင့် ငွေကြေးပေး၍ ထုတ်ယူနေရသည့် အစဉ်အလာဖြစ်နေခြင်းတို့အား စုံစမ်းဖော်ထုတ်ပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ထပ်မံစစ်ဆေးပေါ်ပေါက်ချက်များအရ ကြီး/ကော် မူဝါဒနှင့် ကိုက်ညီမှုမရှိသော Delivery Van မော်တော်ယာဉ်များ ထုတ်ယူရာတွင် Shinning Star Agency ၏ Agent ထံမှ EO အကောက်ခွန် ဝန်ထမ်းနှစ်ဦးက ငွေကျပ် ၄၄ သိန်းကို လည်းကောင်း၊ Appraiser အကောက်ခွန်မှူးနှစ်ဦးက ငွေကျပ် ၁၁သိန်းကို လည်းကောင်း၊ ဦးစီးအရာရှိက ငွေကျပ် ၁၁ သိန်းကိုလည်းကောင်း၊ Metal Seal တပ်ဆင်ပေးသည့် PC လက်ထောက်အကောက်ခွန်မှူးက ငွေကျပ် ၅၅၀၀၀၀ ကို လည်းကောင်း လာဘ်ငွေများအဖြစ် ရယူခဲ့ခြင်း၊ ကြီး/ကော် မူဝါဒနှင့်ကိုက်ညီမှုမရှိသော Delivery Van ယာဉ် ၁၁ စီး MIPL ဆိပ်ကမ်းမှ ထုတ်ယူရာတွင် လင်းယုန် Agency ၏ Agent ထံမှ တစ်စီးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် EO ဒုတိယအကောက်ခွန်မှူးနှစ်ဦးက ယာဉ်ခုနစ်စီးအတွက် ငွေကျပ်သိန်း ၇၀ ကိုလည်းကောင်း၊ EO အကောက်ခွန်မှူးက ယာဉ်တစ်စီးအတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဒုတိယအကောက်ခွန်မှူးက ယာဉ်သုံးစီးအတွက် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း လက်ခံရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်အရ ပေးအပ်ထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားခြင်း ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် EO အကောက်ခွန်မှူး ဦးကျော်ခိုင်မင်း၊ ဒုတိယအကောက်ခွန်မှူး ဦးနေမင်းထက်၊ ထုတ်/သွင်းဌာနခွဲမှ Appraiser အကောက်ခွန်မှူး ဦးဟန်ဝင်းအောင်၊ အကောက်ခွန်မှူး ဦးမျိုးဝေ၊ ဦးစီးအရာရှိ ဦးဗိုလ်ဗိုလ်၊ လက်ထောက်အကောက်ခွန်မှူး ဦးသန်းအေး-၆၊ ဦးစီးအရာရှိ ဦးမလန်ရှုရွယ်၊ ဒုတိယအကောက်ခွန်မှူး ဦးဇော်နိုင်ဦး၊ ဒုတိယအကောက်ခွန်မှူး ဦးစိုးမင်းသန်းနှင့် ဒုတိယအကောက်ခွန်မှူး ဦးသန်းထိုက်အောင်တို့အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း။

ကြီး/ကော်မူဝါဒများနှင့် ကိုက်ညီမှုမရှိဘဲ တင်သွင်းလာသည့် Delivery Van ယာဉ်များကို ဆိပ်ကမ်းမှ ထုတ်ယူရာတွင် ဆိပ်ကမ်းတာဝန်ကျဝန်ထမ်းများက လာဘ်ငွေများ လက်ခံရယူခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းမရှိဘဲ ယင်းသို့ဆောင်ရွက်နိုင်ရန် မျက်ကွယ်ပြု၍ အဂတိလိုက်စားမှု ကျူးလွန်နိုင်ရန် ပူးပေါင်းကြံစည်ခြင်း (သို့မဟုတ်) အားပေးကူညီခြင်းဖြစ်ခြင်းကြောင့် ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ၊ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်၊ ညွှန်ကြားရေးမှူး ဦးကျော်ညွှန့်အောင်၊ MIPL ဆိပ်ကမ်း ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဦးစီးအရာရှိ ဦးမလန်ရှုရွယ်တို့အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရ လည်းကောင်း အရေးယူဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါနယ်မြေမြို့မရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၈-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၁၁း၀၀ - NHK အစီအစဉ် (အမှားပြုလုပ်ခြင်းမှ တားဆီးပေးသောကိရိယာ)
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၉)
၁၃း၅၀ - "မဆုံးနိုင်သော ချစ်ခြင်းမေတ္တာ"

**ညပိုင်း**

၁၆း၃၅ - "ဂရုပြုလိုက်နာဖွယ် ရထားလမ်းကူးအန္တရာယ်"
၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၅ - "တစ်ခါတစ်ခေါက် ရောက်အောင်လာပါ မြို့လပွတ္တာ"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၁၆)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခြင်း" (မြန်မာဘာသာပြန်)**

# မြိတ်မြို့ ကမ္ဘောဇဘဏ်ခွဲ(၃)၌ ဓားပြခြိမ်းခြောက်ပြီး ငွေလုယူသူအား နှစ်နာရီအတွင်း ဖမ်းဆီးရမိ

**မြိတ် ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လမ်းမကြီးနှင့် နောက်လယ် (၉)လမ်း နောက်လယ်ရပ်ကွက် ပိတောက်ရွှေဝါ ထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲ(၃)၌ ယနေ့ မွန်းတည့် ၁၂ နာရီခန့်က ဓားရှည်ကိုင်ပြီး ဘဏ်အတွင်း ဝင်ရောက်ကာ ခြိမ်းခြောက်၍ ငွေကျပ်ငါးသိန်း လုယူသွားသူအား မြိတ်ခရိုင်ရဲတပ်ဖွဲ့က နှစ်နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




လုယက်မှုဖြစ်ပွားခဲ့သည့် မြိတ်မြို့ ကမ္ဘောဇဘဏ်ခွဲ(၃)ကို တွေ့ရစဉ်။

ဘဏ်အတွင်းသို့ အရိုးတစ်ပေခန့်၊ အသွားတစ်ပေခန့်ရှိ စတီးရိုးတပ် ဓားမကောက်အား ကိုင်ဆောင်ကာ ကောင်တာ(၂)နှင့် ကောင်တာ(၅)မှ ငွေကျပ် ၅၀၀၀၀၀အား ဓားပြခြိမ်းခြောက်၍ ယူဆောင်ပြီး Dream 125 ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သည့် ပြစ်မှုကျူးလွန်သူမှာ မြိတ်မြို့ မြိတ်တောင်နယ်မြေ မြို့သစ်(၇)ရပ်ကွက် ယုဇနလမ်းနေ မင်းမင်းစိုး(ခ)မင်းစိုး ဖြစ်ကြောင်း သိရပြီး မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းကြီးကြပ်ကွပ်ကဲမှုဖြင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်ဖမ်းဆီးခဲ့ရာ ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့် ပြန်လည်ခုခံခဲ့ကြောင်း၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့ မှုခင်းအကူအဖွဲ့မှ ရဲအုပ် ခင်မောင်အေးက သေနတ်ဖြင့် ပစ်ဖောက်ခြောက်လှန့်ဖမ်းဆီးရာ ယောကြီးဝ ချောင်းတောလေ့ဆိပ်တံတား အရှေ့ရှိ ငါးဝယ်ဇောတံတားတွင် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားပြခြိမ်းခြောက်ပြီး ငွေလုယူသူ မင်းမင်းစိုး(ခ)မင်းစိုးအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး(မြိတ်)**

# ကသာမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**ကသာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး မီးရထားသံလမ်းကူးနေရာမှ ငွေကျပ် ၁၉၅ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ရဲအုပ် ကျော်မင်းထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး မီးရထားသံလမ်းကူးနေရာတွင် မူးယစ်ဆေးဝါးသတင်းအရစောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ အောင်ဝင်း(ခ)အာလူး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ငွေကျပ် ၁၉၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ အောင်ဝင်း(ခ)အာလူး အမှတ် ၅ ရပ်ကွက် ၃ လမ်းနေသူအား ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

# ရွှေဘိုမြို့၌ ဓာတ်ကြိုးဖြတ်တောက်ခိုးယူသူများအား ပြည်သူများက ဝိုင်းဝန်းဖမ်းဆီး

**နေပြည်တော် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၅) ရပ်ကွက်ရှိ ကော်မတီ၏ မြို့ရေပေးဝေရေးလုပ်ငန်း၊ အမှတ်(၈)စက်ရေတွင်းသို့ သွယ်တန်းထားသော ဝိုင်ယာကြိုးများကို လူငယ်သုံးဦးက ဖြတ်တောက်ခိုးယူနေသဖြင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၃ ရက် နံနက် ၁ နာရီက အမှတ်(၁၀) ရပ်ကွက်နေ ဟိန်းမင်းလွင် (ခ)ဘယ်ကျော်(၂၂နှစ်)၊ ချမ်းဝင်းမောင်(၂၄ နှစ်)၊ အမှတ်(၃)ရပ်ကွက်နေ အောင်ကျော်တိုး (ခ)ပြွတ်ထောင် (၂၄ နှစ်) တို့ဖြစ်ပြီး ခါတ်တိုင်နှစ်တိုင်တွင် သွယ်တန်းထားသည့် မီးကြိုးလေးချောင်းအနက် မီးကြိုးတစ်ချောင်းကို ဖြတ်တောက်ခိုးယူနေစဉ် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဟိန်းမင်းလွင်(ခ) ဘယ်ကျော်ပါ သုံးဦးအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၄**

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက သပိတ်ကျင်းမြို့နယ် မိုးမိတ်-တွင်းငယ်သွားလမ်းတွင် မင်းအောင်မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ ကို လည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေး-စစ်ကိုင်းသွားကားလမ်း မင်္ဂလာခန်းမအနီး အောင်ဆန်းဝင်းအားရှာဖွေရာ ၎င်းထံနှင့် နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၁၅၀ကို ဖမ်းဆီးရမိသည်။

**ပင်လောင်း**

ဩဂုတ် ၂၃ ရက် ည ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် လိန်းလီတံတား မောင်းတံဂိတ်တွင် အုန်းရွှေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

**ဟိုပုံး**

ထို့အတူ ယင်းနေ့ နံနက် ၈ နာရီက ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် နန့်ခုတ်ကျေးရွာအုပ်စု နန့်ခုတ်ကျေးရွာ အမှတ်(၃)ရပ်ကွက်နေ မဆန်းဆန်းအေး (ခ)မအားမေ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကို လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီတွင် ဟိုပုံးမြို့နယ် လုံပေါကျေးရွာအုပ်စု ဘုရားဖြူကျေးရွာနေ ခွန်မျိုးခမ်း(ခ) ကျော်ဖေ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒလမြို့နယ်၌ စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးပေါက်ကွဲ၍ တစ်ဦးဒဏ်ရာရ

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ၁၁/၁၄ ရပ်ကွက် သုခလမ်း၌ ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးပေါက်ကွဲ၍ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ က ဒလမြို့နယ် ၁၁/၁၄ ရပ်ကွက် သုခလမ်းနေ ဦးမောင်သိန်း (၃၁နှစ်)သည် လမ်းလျှောက်ထွက်စဉ် ၁၁/၁၄ ရပ်ကွက်နှင့် ညောင်ကုန်း ရပ်ကွက်ထောင့်ရှိ ထန်းသုံးပင်အမှိုက်ပုံတွင် ကြေးတုံးဟု ယူဆရသောပစ္စည်းကို ကောက်ယူခဲ့ပြီး နေအိမ်၌ ကျောက်ဖြတ်စက်ဖြင့် ဖြတ်တောက်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲသည့်နေရာအနီး တာဝန်ရှိသူများ စစ်ဆေးရာ စစ်ကျန်ဗုံးသီးဟောင်းထိပ်ဖူးဟု ယူဆရသော ဗုံးအစအနလေးခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဗုံးသီးဟောင်း ပေါက်ကွဲမှုကြောင့် ဦးမောင်သိန်းမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ ဒလဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ကားနှင့်ဆိုင်ကယ် တိုက်မိသဖြင့် တစ်ဦးသေ ၃၄ ဦး ဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၂၄**

ညောင်ဦးမြို့နယ် ချောက်-စဥ့်ကူ-ပုဂံကားလမ်း မိုင်တိုင်အမှတ်(၁၂/၂)အနီး၌ ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီ ၁၀ မိနစ်က အိုအေစစ် ဘော်ဒါဆောင် (ဥယျာဉ်ကျေးရွာ)မှ ကြအိုကျေးရွာအထကသို့ ညောင်ဦးမြို့နယ် ဥယျာဉ်ကျေးရွာနေ သန်းလှိုင်(၄၂နှစ်) မောင်းနှင်ပြီး ကြအိုကျေးရွာနေ မရွှေဇင်မြတ် (၁၆ နှစ်) ပါ ကျောင်းသား ကျောင်းသူ ၃၃ ဦး လိုက်ပါလာသည့် 1J/---- လိုက်ထရပ်ယာဉ်သည် လားရာတူရှေ့မှ ကြအိုကျေးရွာနေ ဟိန်းမင်းသန့်(၁၅နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ လွှမ်းမိုးအောင် (၁၅ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်ကို ကျော်တက်စဉ် ဆိုင်ကယ်ကိုတိုက်မိပြီး တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် မရွှေဇင်မြတ်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးသွားပြီး ခန့်စည်သူကျော် (၁၇နှစ်)ပါ ၃၁ ဦးနှင့် လွှမ်းမိုးအောင်ပါ နှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် သန်းလှိုင်အား စဥ့်ကူနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# အမေရိကန်နှင့်ရုရှား အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကျင်းပ

**ဂျီနီဗာ ဩဂုတ် ၂၄**

အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေး ဂျွန်အာဘော်တန်နှင့် ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး နစ်ကိုလိုင်ပက်ဇ်ရူရှက်ဗ်တို့ ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင် ဂျီနီဗာ၌ အပြီးသတ်ဆွေးနွေးခဲ့ကြပြီး ပူးတွဲသတင်းထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

သို့သော် နှစ်ဖက်စလုံးမှ တိုးတက်အောင်မြင်မှုများရှိသည်ဟု ပြောခဲ့ကြသည်။ ဂျီနီဗာ၌ အမေရိကန်ဘက်မှပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဘော်တန်က ဆွေးနွေးပွဲတွင် တိုးတက်အောင်မြင်မှု ရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်သွယ်ရေးများကို ပြန်လည်ထိန်းသိမ်းထားနိုင်ပြီး သင့်တော်သော ဌာနများနှင့် ချိတ်ဆက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

လက်နက်ထိန်းချုပ်ရေး၊ နှစ်နိုင်ငံအရေးကိစ္စများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်မှောင်ခိုကူးမှုများ၊ ဆီးရီးယားနှင့် အရှေ့အလယ်ပိုင်းအရေးကိစ္စများ၊ ဆိုင်ဘာလုံခြုံရေး ၊ ယူကရိန်းအရေး အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း အမေရိကန်အဆင့်မြင့်အရာရှိကြီးက ပြောသည်။

မကြာမီကျင်းပမည့် အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲတွင် နှောင့်ယှက်ခြင်းမပြုရန်၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် နှောင့်ယှက်ပါက အမေရိကန်ဘက်မှ သည်းခံနေမည်မဟုတ်ကြောင်း၊ အမေရိကန်ကြားဖြတ် ရွေးကောက်ပွဲတွင် ဝင်ရောက်နှောင့်ယှက်ခြင်းမပြုရန်လည်း ကြိုတင်ကာကွယ်မှုများပြုလုပ်ထားကြောင်း ဂျွန်အာဘော်တန်က ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူးကို သတိပေးစကားပြောကြားခဲ့သည်။

ကြာသပတေးနေ့တွင်ပြုလုပ်သော ဆွေးနွေးပွဲသည် ငါးနာရီမျှကြာမြင့်ပြီး လွန်ခဲ့သောလက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ပူတင်တို့ တွေ့ဆုံဆွေးနွေးမှုအပြီး ပထမဆုံးပြုလုပ်သော ရုရှား-အမေရိကန် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖြစ်သည်။




ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး နစ်ကိုလိုင်ပက်ဇ်ရူရှက်ဗ်က လည်း အမေရိကန်အရာရှိများကို ရုရှားနိုင်ငံ မော်စကိုမြို့သို့ လာရောက်ရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# ထရန့်နှင့် အာဘေးတို့ မြောက်ကိုရီးယားအရေး ဖုန်းဖြင့် ဆွေးနွေး

ဝါရှင်တန် ဩဂုတ် ၂၄

**မကြာသေးမီရက်ပိုင်းအတွင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်းသိရပြီး အဆိုပါဆွေးနွေးမှုများတွင် မြောက်ကိုရီးယားအရေးနှင့် လာမည့်ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် နှစ်နိုင်ငံတွေ့ဆုံမှုများအကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။**



ထရန့်နှင့် အာဘေးတို့သည် မြောက်ကိုရီးယားနိုင်ငံအပေါ် ပြင်းထန်သည့် ပိတ်ဆို့တားဆီးမှုများ ဆက်လက်ဆောင်ရွက်သွားရန် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုပြီး သဘောတူခဲ့ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒါးက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ အမေရိကန်နှင့်ကုလသမဂ္ဂက မြောက်ကိုရီးယား နိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ပင်တားမြစ်မှုများကို ချိုးဖောက်မှုဖြင့် အဖွဲ့အစည်းနှစ်ခုနှင့် သင်္ဘောခြောက်စင်းကို ပိတ်ပင်တားမြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့အစည်းများနှင့် သင်္ဘောများသည် မြောက်ကိုရီးယားအလံတင်သင်္ဘောများနှင့် ရေနံထုတ်ကုန်များအား ကူးပြောင်းပို့ဆောင်ရာတွင် ပါဝင်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာနက ပြောကြားခဲ့သည်။ ထို့အတူ အဆိုပါလုပ်ဆောင်မှုမျိုးကိုလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက တားမြစ်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်အား အပြည့်အဝစွန့်လွှတ်နိုင်သည်အထိ ပိတ်ပင်တားမြစ်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အကယ်၍ ပိတ်ပင်တားဆီးမှုများအား ချိုးဖောက်ခဲ့ပါကလည်း ယင်းအကျိုးဆက်ကို ဆက်လက်ခံစားရမည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်က ပြောခဲ့သည်။

ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့ တွေ့ဆုံနိုင်ခြေရှိကြောင်း ထရန့်က သတင်းထောက်များကို ဩဂုတ် ၂၀ ရက်က ပြောကြားပြီးနောက် အဆိုပါဆောင်ရွက်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် ကင်းစင်ရေးအတွက် အထူးဆောင်ရွက်ချက်များကို ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ယုံကြည်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် ဇွန် ၁၂ ရက်က ပြုလုပ်သော ထရန့်-ကင်တွေ့ဆုံပွဲပြီးနောက် ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် ကင်က ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ၎င်း၏ ရည်မှန်းချက်ကို မယိမ်းမယိုင်ဆောင်ရွက်သွားမည်ဟု ပြောခဲ့သလို ထရန့်ကလည်း မြောက်ကိုရီးယားနိုင်ငံအတွက် လုံခြုံရေးဆိုင်ရာ အာမခံချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အဆိုပါအစည်းအဝေးအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် အမေရိကန်-မြောက်ကိုရီးယား ဆက်ဆံရေးအသစ်တည်ဆောက်ရန်နှင့် ကိုရီးယားကျွန်းဆွယ်အတွင်း တည်ငြိမ်အေးချမ်းသော နေရာတစ်ခုတည်ဆောက်ရန်လည်း သဘောတူခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန် - တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲပြီးစီး

**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်နှင့်တရုတ်တို့သည် ၎င်းတို့၏ နောက်ဆုံးအကျော့ ကုန်သွယ်ရေးဆွေးနွေးပွဲကို တိုးတက်မှုသိသာ ထင်ရှားမှုမရှိဘဲ အဆုံးသတ်ခဲ့သည်။ အမေရိကန်ဘဏ္ဍာရေးဒုတိယဝန်ကြီး ဒေးဗစ်မက်ပစ်နှင့် တရုတ်ကုန်သွယ်ရေးဒုတိယဝန်ကြီး ဝမ်ရှူဝင်တို့သည် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့တွင် ဝါရှင်တန်၌ ကုန်သွယ်ရေးဆွေးနွေးခဲ့ကြသည်။

တရုတ် - အမေရိကန် နှစ်နိုင်ငံသည် ကုန်သွယ်ရေးဆိုင်ရာများ အမြင်များဖလှယ်ခဲ့ကြပြီး မျှတသောကုန်သွယ်ရေးဖြစ်လာစေရေး ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်မှ သတင်းထုတ်ပြန်ရေး ဒုတိယအကြီးအကဲ လင်ဆေးဝေါ်တာက ကြာသပတေးနေ့တွင် ပြောသည်။

အမေရိကန်သမ္မတ ထရန့်ကမူ အဆိုပါဆွေးနွေးပွဲမှ အများကြီးမျှော်လင့်မထားဟု တနင်္လာနေ့က ပြောခဲ့သည်။ အမေရိကန်သည် ကြာသပတေးနေ့က တရုတ်သွင်းကုန်များတွင် ဒေါ်လာ ၁၆ ဘီလီယံတန်ဖိုးရှိ အခွန်စည်းကြပ်မှု ထပ်မံပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဩစတြေးလျ ဝန်ကြီးချုပ်အသစ်အဖြစ် စကောက်မောရစ်ဆင်ကို ရွေးချယ်

**ဆစ်ဒနီ ဩဂုတ် ၂၄**

လစ်ဘရယ်ပါတီမှ ပီတာ ဒူတွန်ကို အနိုင်ရရှိပြီးနောက် ဘဏ္ဍာရေးဝန်ကြီး စကောက်မောရစ်ဆင်ကို ဩစတြေးလျဝန်ကြီးချုပ်အသစ်အဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။ မောရစ်ဆင်သည် ဖြုတ်ချခံလိုက်ရသည့် ဝန်ကြီးချုပ်ဟောင်း မဲလ်ကွန်တန်ဘူးလ်၏ မိတ်ဆွေဟောင်းလည်း ဖြစ်သည်။

မောရစ်ဆင်သည် ပါတီတွင်းမဲပေးပွဲတွင် မဲအရေအတွက် ၄၅-၄၀ ဖြင့်အနိုင်ရခဲ့ပြီး ဝန်ကြီးချုပ်အသစ်အဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့သည်လည်း ယခင်ဝန်ကြီးချုပ်ဟောင်း တန်ဘူးလ်ကိုထောက်ခံသူတစ်ဦးဖြစ်ပြီး ဝန်ကြီးချုပ်အသစ်ရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ သို့သော် ပထမအကျော့ယှဉ်ပြိုင်မှုမှာပင် ရှုံးနိမ့်ခဲ့သည်။

သဘာဝပတ်ဝန်းကျင်နှင့်စွမ်းအင်ဝန်ကြီးဖြစ်သည့် ဂျိုရှ်ဖရိုင်ဒန်ဘာ့ဂ်သည် လစ်ဘရယ်ဒုဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။

**အေအက်ဖ်ပီ**

## တောင်ကိုရီးယားသမ္မတဟောင်းကို ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်ချမှတ်

**ဆိုးလ် ဩဂုတ် ၂၄**

တောင်ကိုရီးယားနိုင်ငံ အယူခံတရားရုံးတစ်ရုံးက ဩဂုတ် ၂၄ ရက်တွင် တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟေးအား လာဘ်ပေးလာဘ်ယူမှုများ အပါအဝင် အကျင့်ပျက်ခြစားမှုဆိုင်ရာ စွဲချက်များဖြင့် ထောင်ဒဏ် ၂၅ နှစ်အထိ ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အထက်တရားရုံးသည် အောက်တရားရုံးက ချမှတ်ထားသော သမ္မတဟောင်း ပတ်ဂွမ်ဟေး၏ ထောင်ဒဏ် ၂၄ နှစ်ကို တစ်နှစ်တိုးကာ ၂၅ နှစ်အဖြစ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် အောက်တရားရုံးက ပတ်အပေါ် ချမှတ်လိုက်သည့် ဒဏ်ကြေး ကိုရီးယားဝမ် ၁၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆ သန်း)ထက်များပြားသော ပမာဏဖြစ်သည့် ကိုရီးယားဝမ် ၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈ သန်း) အား ဒဏ်ကြေးအဖြစ် အပိုထပ်ဆောင်းပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ကျန်းမာရေးမကောင်းသော ဖခင်ဖြစ်သူ လီကွန်ဟီထံမှ စီမံခန့်ခွဲမှုအာဏာလွှဲပြောင်းယူနိုင်ရန် ဆမ်ဆောင်း အီလက်ထရွန်နစ် ဒုတိယဥက္ကဋ္ဌ လီဂျေယောင်အား သမ္မတဟောင်း ပတ်ဂွမ်ဟေးက ထောက်ပံ့ကူညီပေးရာတွင် အပြန်အလှန်အနေဖြင့် ၎င်းအား ဆမ်ဆောင်းအုပ်စုမှ ပေးအပ်ခဲ့သော ငွေကြေးနှင့်တူညီသည့် ငွေကြေးပမာဏကို အထက်တရားရုံးက တိုးမြှင့်ကာ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန် အလက်စကာ ပြည်နယ်၌ ငလျင်လှုပ်

**အလက်စကာ ဩဂုတ် ၂၄**
အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် တာနာဂါမီးတောင်အနီးတွင် မကြာသေးမီက ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ရာ ဩဂုတ် ၂၄ ရက် အထိ သေဆုံးဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို မသိရသေးကြောင်း သိရသည်။

ငလျင်သည် ဂရင်းနစ်စံတော်ချိန် ၂၃ ရက် နံနက် ၃ နာရီ ၃၅ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ငလျင်သည် တာနာဂါမီးတောင်အနီးတွင် ဗဟိုပြုလှုပ်ခဲ့ကြောင်း အမေရိကန် ငလျင်တိုင်းတာရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ငလျင်သည် မြောက်လတ္တီကျူ ၅၁ ဒသမ ၅၁ ဒီဂရီနှင့် အနောက်လောင်ဂျီကျူ ၁၇၇ ဒသမ ၈၈ ဒီဂရီတွင် မြေအောက်အနက် ၄၃ ဒသမ ၉ ကီလိုမီတာကို ဗဟိုပြုလှုပ်ခဲ့ကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် လှုပ်ခဲ့သည့် ငလျင်နှင့် ပတ်သက်ပြီး ဆူနာမီသတိပေးထုတ်ပြန်ခြင်း မရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### အိန္ဒိယအနိုင်ရပါတီ ရုံးခန်း ဗုံးပေါက်ကွဲရာ တစ်ဦးသေဆုံး

**နယူးဒေလီ ဩဂုတ် ၂၄**
အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘန်ဂေါ ပြည်နယ်တွင် ဒေသဆိုင်ရာ ထရိုင်နာမိုးလ်ကွန်ဂရက်ပါတီရုံးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြားငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် အနောက်ဘန်ဂေါပြည်နယ် အနောက်မင်ဒနာ ပိုးလ်ခရိုင် မတ်ရမ်ပူကျေးရွာရှိ အနိုင်ရရှိခဲ့သည့် ပါတီရုံးခန်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပါတီရုံးတွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် လူတစ်ယောက်ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရသူများကို ဒေသတွင်း ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း၊ ရရှိခဲ့သော ဒဏ်ရာများသည် စိုးရိမ်ရကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

ထရိုင်နာမိုးလ်ကွန်ဂရက်ပါတီသည် ယင်းပြည်နယ်၏ဝန်ကြီးချုပ် မာမာတာ ဘာနာဂျီးဦးဆောင်သည့် အနိုင်ရပါတီဖြစ်ကြောင်း သိရသည်။

ရုံးခန်းပေါက်ကွဲမှု ဖြစ်ပွားရသည့် အပေါ် အဆိုပါ ပါတီက မည်သည့်မှတ်ချက်ပြုပြောကြားခြင်းမျှ မရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နောက်လာမည့် ဂျပန်ဝန်ကြီးချုပ် ဘယ်သူဖြစ်မလဲ

**တင်လင်းအောင်**

**ဂျပန်အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအနေနဲ့ လာမယ့်စက်တင်ဘာ ၂၀ ရက်မှာ ခေါင်းဆောင်ပိုင်းရွေးကောက်မှုတွေကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီ ရွေးကောက်ပွဲဟာ ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုရင် သတ်မှတ်ရာပန်းတိုင်ကို အရောက်ပြေးနေတဲ့ မြင်းပြိုင်ပွဲနဲ့ခပ်ဆင်ဆင်တူနေပါတယ်။ တစ်ဖက်ကလည်း လက်ရှိဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ တခြားတစ်ဖက်ကလည်း ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ အားပြိုင်မှုကို မျက်ဝါးထင်ထင်တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။**



**ရွေးကောက်တင်မြှောက်မှု ပြုလုပ်**

လက်ရှိ အာဏာရပါတီရဲ့ ရွေးကောက်ပွဲကို လစ်ဘရယ် ဒီမိုကရက်တစ်ပါတီရဲ့ ခေါင်းဆောင်ရွေးချယ်ခြင်းသာမက နောက်လာမယ့် ဂျပန်နိုင်ငံရဲ့ ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်မယ့်သူကိုပါ ရွေးချယ်ချင်လို့ အခုလို ရွေးကောက်တင်မြှောက်မှုကို ပြုလုပ်သွားတာပဲ ဖြစ်ပါတယ်။

လက်ရှိမှာ ဂျပန်နိုင်ငံရဲ့ ဝန်ကြီးချုပ်ဖြစ်နေတဲ့ အသက် ၆၃ နှစ်ရှိ ရှင်ဇိုအာဘေးဟာ နောက်လာမယ့် ရွေးကောက်ပွဲမှာ အနိုင်ရနိုင်ခြေ ပိုများပါတယ်။ ဘာလို့လဲဆိုတော့ လတ်တလောမှာ ပါတီတွင်း ခုနစ်ယောက်မှာ ငါးယောက်လောက်က ရှင်ဇိုအာဘေးကို သဘောကျနေတယ်ဆိုတာ စစ်တမ်းတွေအရ ပေါ်လွင်နေပါတယ်။ အကယ်၍သာ သူ့ကိုထပ်မံရွေးချယ်ခဲ့မယ်ဆိုပါက သူဟာ ဂျပန်နိုင်ငံရဲ့ဝန်ကြီးချုပ်သမိုင်းမှာ သက်တမ်းအရှည်ကြာဆုံး တာဝန်ထမ်းဆောင်တဲ့သူပဲ ဖြစ်ပါလိမ့်မယ်။

**တရားဝင်ကြေညာမယ်**

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ပိုင်း ရွေးချယ်မှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွေကိုတော့ စက်တင်ဘာ ၇ ရက်မှာ စတင်မှာဖြစ်တဲ့အတွက် ရှင်ဇိုအာဘေးဟာ ကိုယ်စားလှယ်လောင်းအဖြစ် လာမယ့်ရက်သတ္တပတ်မှာ တရားဝင်ကြေညာနိုင်ခြေရှိတယ်လို့ သိရပါတယ်။

ရှင်ဇိုအာဘေးကို ယခင်ကလည်း ကန့်ကွက်ခဲ့တာမရှိတဲ့အတွက် သူဟာ သူ့ရဲ့ ဒုတိယမြောက် သုံးနှစ်တာ သက်တမ်းပြန်လည် တာဝန်ထမ်းဆောင်ဖို့အတွက် ၂၀၁၅ ခုနှစ်မှာ ပြန်လည်ရွေးကောက်တင်မြှောက်တာ ခံခဲ့ရပါတယ်။

> **“နိုင်းယှဉ်ကြည့်ရမယ်ဆိုရင် အာဘေးနဲ့ သူ့ရဲ့ ဝန်ကြီးအဖွဲ့ဟာ အမျိုးကောင်းစားရေးနဲ့ အကျင့်ပျက်မှုတွေကြောင့် နာမည်ဆိုး ထွက်ခဲ့တာတော့ရှိပါတယ်။ ဒါပေမယ့် ကာကွယ်ရေး ဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘား ကတော့ အဲဒီလိုမျိုးတော့ မကြားဖူးသေးပါဘူး။ သို့သော်လည်း သူက အာဘေး ကို ယှဉ်ပြိုင်တဲ့အကြိမ်တိုင်း ရှုံးနေတာကို လေ့လာတွေ့ရှိရ ”**

**ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်**

ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားဟာလည်း အသက် ၆၁ နှစ်ရှိပြီဖြစ်ကြောင်း သိရပါတယ်။ သူဟာလည်း ကိုယ်စားလှယ်လောင်းအဖြစ် ဩဂုတ် ၁၀ ရက်မှာ ကြေညာခဲ့ပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေပါတယ်။

လက်ရှိဝန်ကြီးချုပ် ရှင်ဇိုအာဘေးကိုအများက ဆန့်ကျင်မှုမရှိဘဲ ပြန်လည်ရွေးကောက်ခံခွင့်ပြုခဲ့ပါက ဒီမိုကရေစီရဲ့ အနှစ်သာရဟာ လျော့ပါးသွားနိုင်တယ်လို့ ကိုယ်စားလှယ်လောင်းဖြစ်တဲ့ ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘား က ပြောကြားခဲ့ပါတယ်။

**သုံးကြိမ်မြောက်ရှိခဲ့ပြီ**

ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားဟာ အောက်လွှတ်တော်ရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ယခင်က ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ သူ့ရဲ့မူဝါဒတွေအကြောင်းကို ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောကြားခဲ့သူလည်း ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဟောင်း တစ်ဦးအနေနဲ့ အခုလို အာဏာရပါတီရဲ့ ထိပ်ပိုင်းရာထူးတစ်ခုအတွက် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တာဖြင့် သူ့အနေနဲ့ ဒါဟာ သုံးကြိမ်မြောက်ရှိပြီဖြစ်တယ်လို့ သိရပါတယ်။

ယခင်က ရှင်ဇိုအာဘေးဟာ သူ့ရဲ့ စီးပွားရေးမူဝါဒတွေနဲ့ ပတ်သက်ပြီး ဝေဖန်တိုက်ခိုက်တာတွေ ခံခဲ့ရပါတယ်။ သို့သော်လည်းသူဟာ ဒီနေ့အထိ ရပ်တည်နိုင်ခဲ့တာကို ကြည့်ခြင်းအားဖြင့် သူ့ကို ထောက်ခံသူတွေရှိနေသေးတယ်ဆိုတာ ငြင်းမရပါဘူး။

**ထောက်ခံမှုတွေ ရရှိထား**

ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားကိုလည်း အင်အားကြီး လစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ အဖွဲ့ဝင်တွေကလည်း ထောက်ခံကြပါတယ်။ အဲလို ထောက်ခံတဲ့သူတွေအထဲမှာ လက်ရှိ ကာကွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်နေတဲ့ ကာကွယ်ရေးဝန်ကြီး၊ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ်နဲ့ ဒေသတွင်း စီးပွားရေးပြန်လည်ထူထောင်ရေး တာဝန်ခံဝန်ကြီးတို့ကလည်း ထောက်ခံထားတာကို တွေ့ရှိရပါတယ်။

နိုင်းယှဉ်ကြည့်ရမယ်ဆိုရင် အာဘေးနဲ့ သူ့ရဲ့ဝန်ကြီးအဖွဲ့ဟာ အမျိုးကောင်းစားရေးနဲ့ အကျင့်ပျက်မှုတွေကြောင့် နာမည်ဆိုးထွက်ခဲ့တာတော့ရှိပါတယ်။ ဒါပေမယ့် ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားကတော့ အဲဒီလိုမျိုးတော့ မကြားဖူးသေးပါဘူး။ သို့သော်လည်း သူက အာဘေးကို ယှဉ်ပြိုင်တဲ့အကြိမ်တိုင်း ရှုံးနေတာကို လေ့လာတွေ့ရှိရပါတယ်။

အရင်တစ်ခေတ်က အာရှစီးပွားရေးမှာ ခေါင်းထောင်ခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ စီးပွားရေးဟာ အခုအခါမှာတော့ ထင်သလောက်ခရီးမပေါက်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာရှိတဲ့ လူတိုင်းဟာ အလုပ်ကို အလွန်အကျွံလုပ်နေကြရတယ်လို့လည်း သတင်းစာတွေ၊ ဂျာနယ်တွေ နိုင်ငံတကာရေးရာအကြောင်းအရာတွေမှာ ဖော်ပြထားတာတွေ့ရပါတယ်။

**အာရှဘဏ္ဍာရေးအကျပ်အတည်း**

၁၉၉၀ ပြည့်နှစ်နှောင်းပိုင်း အာရှဘဏ္ဍာရေးအကျပ်အတည်းကို နိုင်ငံတိုင်းလိုလို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ သို့သော်လည်း ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်နဲ့ ဂျပန်နိုင်ငံမှာဖြစ်သွားတဲ့ စီးပွားရေးဆိုင်ရာ အခြေအနေတွေကတော့ ကြောက်ခမန်းလိလိပါပဲ။ ဂျပန်နိုင်ငံဟာ သူ့နိုင်ငံကို ရွက်လွှင့်တက်ဖွင့်ရင်း အင်အားပြင်းပြင်းနဲ့ မောင်းနှင်လာခဲ့တာ အာရှမှာ ပြောစမှတ်တောင်ဖြစ်ခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ ခေတ်သစ်အာရှရဲ့ ပထမဆုံး တိုးတက်မှုကိစ္စအပေါင်းကို ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံတစ်ခုဆိုလည်း မမှားပါဘူး။

နိုင်ငံရေး ထင်ပေါ်ကျော်ကြားမှုမှာ တချို့ကလည်း အာဘေးကို အထင်ကြီးလေးစားသလောက် တချို့ကလည်း ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားကို သူ့ရဲ့ ရိုးသားမှုနဲ့ မျှတမှုတွေကြောင့် သူသာလျှင် အနိုင်ရမယ်လို့ ထင်ကြေးပေးလျက်ရှိပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေး**

ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားဟာ အာဘေးရဲ့ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မယ့် အစီအစဉ်တွေကို နှုတ်အားဖြင့် ဝေဖန်မှုပြုနေသူတစ်ဦးလည်း ဖြစ်ပါတယ်။ အာဘေးအစိုးရဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကိုယ်တိုင်ရေးဆွဲဖို့ အဆိုပြုချက်တစ်ခုကို ဖေဖော်ဝါရီလက လွှတ်တော်သို့ တင်သွင်းခဲ့တယ်လို့လည်း ဆိုပါတယ်။

**အလျင်စလို မလုပ်သင့်**

လုံခြုံရေးနဲ့ပတ်သက်ပြီး သဘောထားတင်းမာသူအဖြစ် ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားဟာ နာမည်ဂုဏ်သတင်း ကျော်စောသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စဟာ ခက်ခဲတဲ့ကိစ္စတစ်ခုဖြစ်ပြီး လွယ်လွယ်နဲ့ လုပ်လို့မရဘူးလို့ သူကပြောပါတယ်။ ဘယ်ပြင်ဆင်ချက်မဆို ပြည်သူနားမလည်ဘဲ၊ ပြည်သူကို မတင်ပြဘဲ အလျင်စလို မလုပ်သင့်ကြောင်း သူက ဆက်ပြောပါတယ်။

အာဘေးစီးပွားရေးရဲ့ ကောင်းကွက်လေးတွေကို အသိအမှတ်ပြုသလို ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားဟာ ဒေသတွင်းစီးပွားရေးကိုထောက်ခံအားပေးဖို့၊ ပိုမိုကောင်းမွန်တဲ့နည်းလမ်းတွေကို စတင်ဖို့လည်း လိုလိုလားလားရှိခဲ့ပါတယ်။

**သဘာဝဘေးကာကွယ်ရေး**

ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအစ်ရှီဘားဟာ သဘာဝဆိုင်ရာ ရုတ်ခြည်းဖြစ်လာတဲ့ သဘာဝဘေးဒုက္ခတွေအပေါ် အစိုးရရဲ့တုံ့ပြန်မှုနှေးကွေးတဲ့အပေါ် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ဖို့ ကာကွယ်မှုတွေပိုမိုဆောင်ရွက်နိုင်မယ့် ဝန်ကြီးဦးဆောင်အဖွဲ့အစည်းတစ်ခုကို တည်ထောင်ဖို့ အဆိုပြုထားတယ်လို့တော့ သိရပါတယ်။

ဘက်စုံလွှမ်းခြုံတဲ့ မူဝါဒတွေအပေါ် ပြည်သူတွေ ပိုမိုထင်ရှားစွာသိမြင်နိုင်ဖို့လည်း ကိုယ်စားလှယ်လောင်းတွေဟာ ပြည်သူတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်သင့်ပြီး မဲပေးတဲ့စနစ်တွေကိုလည်း ပြည်သူတွေ ထင်သာမြင်သာရှိအောင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအနေနဲ့ ပြုလုပ်ဆောင်ရွက်သင့်ကြောင်း လွန်ခဲ့တဲ့ရက်အနည်းငယ်က သတင်းစာရှင်းလင်းပွဲမှာ သူက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လာမည့်ဂျပန်ဝန်ကြီးချုပ်အဖြစ် ဘယ်သူ့ကိုရွေးမလဲ၊ ပါတီအကြီးအကဲအဖြစ် ဘယ်သူ့ကို ဆက်လက် တင်မြှောက်မလဲဆိုတာ မကြာတော့တဲ့ အချိန်ကာလတစ်ခုမှာ ဆုံးဖြတ်ပေးသွားမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား -ဆင်ဟွာ**

# ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လုပ်ငန်းအလိုက် ကျွမ်းကျင်မှုသတ်မှတ်ချက်များနှင့် သင်တန်းလက်စွဲများ ရှင်းလင်းခြင်းအခမ်းအနားသို့ တက်ရောက်

**မကွေး ဩဂုတ် ၂၄**

ဟက်ပီးတက်စ် မြန်မာမှ ဦးစီးပြီး မြန်မာနိုင်ငံ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာသင်ကျောင်း လုပ်ငန်းရှင်များအသင်း၏ နည်းပညာအကူအညီကို ရယူကာ မကွေးတိုင်းဒေသကြီးအတွင်းမှ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လူငယ်ကိုယ်စားလှယ်များ ပူးပေါင်းရေးဆွဲကြသည့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှုသတ်မှတ်ချက်များနှင့် သင်တန်းလက်စွဲများအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယမန်နေ့က မကွေးမြို့ ထိန်ထိန်သာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယခုလိုစီမံကိန်းမျိုးကို ကြိုဆိုပါကြောင်း၊ အသက်မွေးပညာသင်တန်းကျောင်းများနှင့် ပူးပေါင်းပြီး ဒေသတွင်းလုပ်ငန်းရှင်များကိုယ်တိုင် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော၊ အရည်အသွေးရှိသော သင်တန်းသားများကို လုပ်ငန်းခွင်များတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း လိုအပ်သည့် အကူအညီများပေးပြီး ပူးပေါင်းဆောင်ရွက်ရန် အထူးအားပေးတိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့အပြင် ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO၊ INGO အဖွဲ့များနှင့် ပြည်သူအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးက အမှာစကားပြောကြားပြီး အလုပ်အကိုင်အတွက် ကျွမ်းကျင်မှု စီမံကိန်းမန်နေဂျာ ဒေါ်ငြိမ်းငြိမ်းအိက စီမံကိန်းအကြောင်း အနှစ်ချုပ်ရှင်းလင်းတင်ပြခြင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာကျောင်း လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအေးမင်းမင်းက လုပ်ငန်းအလိုက် ကျွမ်းကျင်မှု သတ်မှတ်ချက်များနှင့် သင်တန်းများလက်စွဲ ပြုစုမှုအား အနှစ်ချုပ်တင်ပြခြင်း၊ ပြုစုသူများထဲမှ အဖွဲ့ဝင်တစ်ဦးချင်းက ဆိုင်ကယ်ပြုပြင်မှု၊ ဆံပင်နှင့် မျက်နှာအလှပြုပြင်မှု၊ ပန်းရန်ကျွမ်းကျင်မှု၊ အမျိုးသမီးအဝတ်အထည်ချုပ်လုပ်ခြင်း စသည့် သက်မွေးပညာသင်တန်းများ ခေါင်းစဉ်အလိုက် ရှင်းလင်းတင်ပြကာ မေးမြန်း၊ ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ဟက်ပီးတက်စ် မြန်မာ၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာသင်ကျောင်း လုပ်ငန်းရှင်များအသင်း၏ နည်းပညာပံ့ပိုးမှု၊ ဒေသတွင်း လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လူငယ်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု သတ်မှတ်ချက်များနှင့် သင်တန်းလက်စွဲများကို ပြုစုခဲ့ကြပြီး အလုပ်အကိုင်အတွက် ကျွမ်းကျင်မှု စီမံကိန်းသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ လူငယ် အမျိုးသား၊ အမျိုးသမီး ၁၅၀၀ ခန့်ကို ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်၍ လူငယ်သင်တန်းသားများအား လူငယ်အဖွဲ့အစည်းများမှတစ်ဆင့် ဆက်သွယ်သတင်းပေးပို့ခြင်း၊ လုပ်ငန်းရှင် သင်တန်းဆရာများသည် လူငယ်သင်တန်းသားများအား လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှုလေ့ကျင့်ပေးခြင်း အပါအဝင် ဘဝတွက်တာ ကျွမ်းကျင်စရာများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများကိုပါ တစ်ပါတည်း လေ့ကျင့်သင်ကြားပေးနိုင်စေရန် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**



# မန်တုံမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံ

**မန်တုံ ဩဂုတ် ၂၄**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းတို့သည် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသဦးစီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး နမ့်ကုမ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ဝန်ကြီးများက တစ်ဦးချင်းစီ မိတ်ဆက်စကားများပြောကြားကာ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအားရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သက်ဝေက ဒေသဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသူ မြို့မိမြို့ဖများကလည်း တင်ပြဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးတင်ပြချက်များအပေါ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးများနှင့်အဖွဲ့သည် အောင်ချမ်းသာမန်တောက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင် (ပြန်/ဆက်)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ထံသို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ လှူဒါန်း

**ဘားအံ ဩဂုတ် ၂၄**

ကရင်ပြည်နယ်အတွင်း တစ်လကျော်ကြာ ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် ဘေးဒုက္ခခံစားနေကြရသည့် ရေဘေးသင့်ပြည်သူများအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိရာ ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ထံ အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးအန္တရာယ်များတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရောင်နီဦးကုမ္ပဏီလီမိတက်မှ ဦးအောင်ဝင်းက ငွေကျပ် သိန်း ၃၀ ကို လည်းကောင်း၊ သုံးရောင်ခြယ်ပြည်သူ့အကျိုးပြုလူမှုကွန်ရက်က ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းက ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ပခုက္ကူအကျဉ်းထောင်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သွားရောက်စစ်ဆေး



**ပခုက္ကူ ဩဂုတ် ၂၄**

ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ပုဒ်မ (၆၇) နှင့်အညီ အကျဉ်းသူ၊ အကျဉ်းသားများအနေဖြင့် ဥပဒေအရ ရသင့်ရထိုက်သောအခွင့်အရေးများ ရရှိစေရေးအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်သည် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၁ ရက်က ပခုက္ကူအကျဉ်းထောင်သို့ သွားရောက် စစ်ဆေးကြည့်ရှုခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့် အဖွဲ့အား ပခုက္ကူအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေစိုးက အကျဉ်းသူ၊ အကျဉ်းသားများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ထားပေးသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးက ပြစ်ဒဏ်ကျခံရသူများ၏ အဆောင်များနှင့် စားဖိုဆောင်များ၌ သန့်ရှင်းစွာထားရှိမှု ရှိ/မရှိ၊ ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ/မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခြင်း ရှိ/မရှိတို့ကို စစ်ဆေးမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးသည် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများကို လိုက်လံစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင် တရားရုံးများမှ တရားရေးအရာရှိများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် ဩဂုတ် ၂၀ ရက်ကလည်း မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၊ မကွေးခရိုင်တရားရုံး၊ မင်းဘူးခရိုင်တရားရုံးနှင့် သရက်ခရိုင်တရားရုံးတို့ရှိ တရားသူကြီးများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် မှာကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၊ မကွေးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး၊ မင်းဘူးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများသို့ သွားရောက်စစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

**ကိုဇော် (ခတု)**

# အာရှ၏အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး ကုန်စည်ပြပွဲကြီးကို မြန်မာနိုင်ငံသားများ ထိတွေ့နိုင်ရန် သတင်းစာရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၄**

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေသော မြန်မာနိုင်ငံသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်း ဝင်ရောက်လျက်ရှိသည့်အပြင် ပြည်တွင်းထုတ်ကုန်များကိုလည်း နိုင်ငံတကာနှင့် ထိတွေ့နိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လျက်ရှိသည်။

နှစ်စဉ် အောက်တိုဘာလတွင် ဟောင်ကောင်မြို့၌ ကျင်းပလေ့ရှိသည့် အာရှ၏အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး ကုန်စည်ပြပွဲကြီးကို မြန်မာနိုင်ငံသားများ ထိတွေ့နိုင်ရန် ရည်ရွယ်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယမန်နေ့က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်။

"မြန်မာနိုင်ငံမှာရှိနေတဲ့ ကုမ္ပဏီလုပ်ငန်းရှင်တွေ၊ လက်လီလက်ကားရောင်းချသူတွေ၊ ဖြန့်ချိသူတွေ၊ တင်သွင်းတင်ပို့ရောင်းချနေသူတွေကို စီးပွားရေးအခွင့်အလမ်းတွေ ပေးချင်တဲ့အတွက် အခုလိုလာရောက်ရှင်းပြတာပါ"ဟု ပြပွဲကျင်းပသည့် Comasia Ltd. မှ အထွေထွေမန်နေဂျာ Henry Fong က ပြောသည်။

အာရှဒေသ၏ အဓိကထုတ်ကုန်များကိုပြသလေ့ရှိသည့် အဆိုပါကုန်စည်ပြပွဲတွင် ခရီးသွားနှင့်လက်ဆောင်ပစ္စည်းဆိုင်ရာကုန်စည်ပြပွဲ၊ အိမ်တွင်းနှင့်မီးဖိုချောင်သုံး ဆက်စပ်ပစ္စည်းများဆိုင်ရာကုန်စည်ပြပွဲ၊ ကျောင်းသုံးရုံးသုံးပစ္စည်းကိရိယာပြပွဲ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်သန့်စင်ခန်းသုံးဆက်စပ်ပစ္စည်းများ ဆိုင်ရာပြပွဲ၊ ခရစ္စမတ်ပွဲတော် ရာသီအလိုက်ပွဲတော်ဆက်စပ်ကုန်ပစ္စည်းပြပွဲနှင့် အာရှ၏အဆင့်မြင့်ဆုံး အရုပ်နှင့်ဂိမ်းဆိုင်ရာကုန်စည်ပြပွဲများကို အောက်တိုဘာ ၂၀ ရက်မှ စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာမှ အဝယ်တော်များအတွက် တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ရာ ယခုအခါ ၂၆ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ကုန်ပစ္စည်းအရည်အသွေးပိုမိုမြင့်မားပြီး ရွေးချယ်စရာများပြားမည့် အဆိုပါကုန်စည်ပြပွဲကြီးကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ ၂၇ ရက်မှ ၂၉ ရက်အထိ လည်းကောင်း နှစ်ကြိမ်ခွဲ၍ ဟောင်ကောင်မြို့တော်ရှိ ကမ္ဘာ့အဆင့်အတန်းမီခန်းမကြီးတွင် ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် အဆိုပါ ကုန်စည်ပြပွဲကြီးသို့ နိုင်ငံပေါင်း ၁၃၀ ကျော်မှ ဈေးဝယ်သူဦးရေ ငါးသောင်းခန့်တက်ရောက်၍ အရောင်းအဝယ် မြောက်မြားစွာဖြစ်ခဲ့သည်ဟု သိရသည်။ နိုင်ငံပေါင်း ၃၀ ကျော်မှ ကုန်စည်ထုတ်လုပ် ရောင်းချသူပေါင်း ၄၀၈၅ ဦးတို့က ပြခန်းပေါင်း ၅၃၁၅ ခန်း ပါဝင်ပြသခဲ့သည်။ အာရှဒေသရှိ ကုန်စည်ထုတ်လုပ်သူများနှင့် ကမ္ဘာတစ်လွှားမှ အဝယ်တော်များအကြား ထိရောက်စွာချိတ်ဆက်ပေးနိုင်ခဲ့သည့် ကုန်သွယ်ရာနေရာတစ်ခုအဖြစ် ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။




**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ဟန်မြင့်မိုရ်-မြို့ကြီး၊ ရှာင်-အောင်ပန်းတောင်ပေါ်ကားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေ

**တောင်ကြီး ဩဂုတ် ၂၄**

ဟန်မြင့်မိုရ်- မြို့ကြီး၊ ရှာင်-အောင်ပန်းတောင်ပေါ်ကားလမ်းသည် မိုင်အားဖြင့် ၇၉ မိုင် ၁ ဖာလုံရှိကာ ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော ကားလမ်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း နေ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သို့ ဆက်သွယ်သော လမ်းလည်းဖြစ်သည်။ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း အာဆီယံကားလမ်းမကြီးအမှတ် (၁)၊ မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် အာဆီယံကားလမ်းမကြီး အမှတ်(၂) နှင့် ရှမ်းပြည်နယ်တောင်ပိုင်း မန္တလေးမြို့သို့ သွားရာတွင် သာစည်ဘက်မှ ဆက်သွယ်သွားသော ကားလမ်းလည်းဖြစ်သည်။

အဆိုပါကားလမ်းကို ပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမှ မိုင်တိုင်အမှတ် ၀/၀ မှ ၁၆/၆ အထိ ဆယ်မိုင်ခြောက်ဖာလုံနှင့် မိုင်တိုင်အမှတ် ၄၀/၀ မှ ၇၉/၁ အထိ ၃၉ မိုင် တစ်ဖာလုံတွင် မူလအကျယ် ၁၂ ပေမှ ၁၈ ပေ အကျယ်ချဲ့၍ ကတ္တရာခင်းခြင်း၊ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး JICA ODA ချေးငွေဖြင့် FCGC ကုမ္ပဏီက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မိုင်တိုင်အမှတ် ၁၀/၆ နှင့် ၃၂/၅ အထိ ၂၁ မိုင် ၇ ဖာလုံကို ၃၄ ပေ အကျယ် မြေသားပေါ်တင်ခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ရေထုတ်ပြွန်တည်ဆောက် ခြင်း ကျောက်စီရေမြောင်း ၁၃၈၈၅ ပေ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကားလမ်းသည် တောင်ပေါ်ဒေသနှင့် မြေပြန့်ကို ဆက်သွယ်သည့်လမ်းဖြစ်သောကြောင့် အရေးပါသော ကားလမ်းတစ်လမ်း ဖြစ်သည့်အပြင် သယ်ယူပို့ဆောင်ရေးအတွက် အထောက်အကူပြုသော လမ်းဖြစ်ခြင်း၊ နေ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိအထင်ကရနေရာဖြစ်သော မိန်းမရဲသခင်မတောင်၊ မြသပိတ်ရေပြာအိုင်၊ ကျောက်ခေတ်ယဉ်ကျေးမှု ပြဒါးလင်းဂူစသည့် နေရာများသို့ သွားရောက်နိုင်သောလမ်းဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက်ပါ အထောက်အကူပြုသည့် လမ်းဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



# ညောင်ဦး၌ မိုးရာသီအတွင်း မြစ်ရေတင်စနစ်ဖြင့် စပါးနှင့် အခြားသီးနှံများ လျာထားစိုက်ပျိုး

**ညောင်ဦး ဩဂုတ် ၂၄**

ညောင်ဦးမြို့နယ်အတွင်း မြစ်ရေတင်ကြီးငါးခုမှ မြစ်ရေတင်စနစ်ဖြင့် မိုးရာသီတွင် စပါးနှင့်အခြားသီးနှံ ဧက ၆၆၇၀ စိုက်ပျိုးလျက်ရှိကြောင်း ယမန်နေ့က ရေအရင်းအမြစ်ဦးစီးဌာနတာဝန်ရှိသူထံမှ သိရှိရသည်။

အဆိုပါမြစ်ရေတင်ကြီးများတွင် လောကနန္ဒာမြစ်ရေတင်မှ စပါးနှင့် အခြားသီးနှံ စုစုပေါင်း ဧက ၂၅၅၀၊ ကျောက်ကူးမြစ်ရေတင်မှ စပါးနှင့် အခြားသီးနှံ စုစုပေါင်း ၆၃၅ ဧက၊ သူကောင်းတည်မြစ်ရေတင်မှ စပါးနှင့် အခြားသီးနှံ စုစုပေါင်း ဧက ၉၂၀၊ လက်ပန်ခြေပေါ်မြစ်ရေတင်မှ စပါးနှင့် အခြားသီးနှံ စုစုပေါင်း ဧက ၉၆၀၊ ငါ့သရောက်မြစ် ရေတင်မှစပါးနှင့်အခြားသီးနှံ စုစုပေါင်း ၁၆၀၅ ဧကတို့ဖြစ်ပြီး မြစ်ရေတင်ငါးခုမှ စုစုပေါင်းစိုက် ဧက ၆၆၇၀ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မနှစ်ကထက်ပိုပြီး စပါးဧကနှင့် အခြားသီးနှံစိုက်ဧကတို့ကို တိုးမြှင့်လျာထားရာ အခြားသီးနှံများ စိုက်ပျိုးပြီးဖြစ်သော်လည်း စပါးသီးနှံကို ယခုရက်ပိုင်းတွင် စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။ ယခုလို ရာသီအလိုက်နွေနှင့် မိုးစိုက်ပျိုးလျာထားဆောင်ရွက်သည့်အပြင် ဆောင်းသီးနှံကိုလည်း စိုက်ပျိုးရေပေးသွားမည်ဖြစ်သည်။ မြစ်ရေတင်စိုက်တောင်သူများသည်လည်း ယခုနှစ်ဆောင်းသီးနှံကို မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းနှင့် ပူးပေါင်း၍ ဧက ၇၀ ခန့်အထွက်တိုးမြေပဲ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

**ကျော်ဋ္ဌေး(ညောင်ဦး)**

# ငပုတော၌ ဒီဇယ်အင်ဂျင် စက်ပြင်သင်တန်းဖွင့်

**ငပုတော ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော တစ်လုံးထိုးဒီဇယ်အင်ဂျင်စက်ပြင်သင်တန်းဖွင့်ပွဲကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ယမန်နေ့က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းချမ်းတို့က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းမှာ ကျေးလက်နေပြည်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကို တတ်မြောက်ကာ ပညာဖြင့်ရပ်တည်အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်၊ ဆင်းရဲမှုလျော့ကျစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကို ဩဂုတ် ၂၃ မှ စက်တင်ဘာ ၉ ရက်အထိ ၁၅ ရက်ကြာဖွင့်လှစ်ကာ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မြို့နယ်အတွင်းကျေးရွာများမှသင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၇၀ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၈၀ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၁၀/၉၄၀ ကျပ် | ၉၇၅/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၆၀/၉၈၅ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၀ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၁၉ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၄၅ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၇ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ ・ ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၈၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ・ ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ ・ ၈၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ ・ ၆၁၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကိုယ်ပိုင်ရိုက်ကူးထုတ်လုပ်ရန် ငွေကြေး မလုံလောက်မှုကြောင့် ဇာတ်ကားအချို့ ရပ်ဆိုင်းထားရသည့် ညီထွဋ်ခေါင်

**ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးအဖြစ် ပထမဆုံး ခေါင်းဆောင်မင်းသားနေရာကနေ ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့သည့် "သူ့ထက်ကဲ" ရုပ်ရှင်ဇာတ်ကားအပြီး ဆက်လက် ထုတ်လုပ်ရန် ငွေကြေးပိုင်း အခက်တွေ့ခဲ့ရကြောင်း ဆိုလာသူက ယနေ့ခေတ် ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်နေသူ သရုပ်ဆောင် ညီထွဋ်ခေါင် ဖြစ်သည်။ ညီထွဋ်ခေါင်သည် ဇာတ်ကားများ ကိုယ်ပိုင်ရိုက်ကူးထုတ်လုပ်လိုသော်လည်း ဈေးကွက်အနေအထားအရ ၎င်း၏ အဓိကနေရာတွင် သရုပ်ဆောင်မှုကို ပရိသတ်အကြိုက်တွေ့မှု နည်းပါးနေသေးသည်ဟု ထင်မြင်ယူဆထားကြောင်း သိရသည်။**



"ကျွန်တော့်ကိုပဲ ပရိသတ်လက်ခံအားပေးမှုက နည်းနေသေးတာလား၊ လက်မခံသေးတာလားဆိုတာ သေချာတော့မသိတော့ပါဘူး။ ဇာတ်ပို့အနေနဲ့ပဲ ပရိသတ်က လက်ခံနေတာလည်း ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက အခုဆို ကျွန်တော်ကိုယ်တိုင် ရင်ဆိုင်နေရတာတွေ ရှိတယ်လေ။ အဲ့ဒါကတော့ ရုံအဆင့်ခွဲခြားပြီး ဇာတ်ကားတွေ ပြသမှုစနစ်ကြောင့်ပါပဲ။ ဇာတ်ကားတွေ ရုံမတင်နိုင်တာအများကြီးပါ။ အဲ့ဒါလည်း ကျွန်တော်အထင် နောက်မှာ ပုံအောနေတဲ့ကားတွေအများကြီး။ အဲ့လိုမျိုးသာဆို ကျွန်တော်တို့ အသစ်တွေအနေနဲ့ ဒီနည်းအတိုင်းသာ ဆက်သွားမယ်ဆို လုံးဝအဆင်မပြေနိုင်ဘူးလို့ ထင်ပါတယ်။ ရုံရှင်ကလည်း သူ့အတွက်အဆင်ပြေတဲ့ ကားမျိုးပဲ သူရွေးပြမှာပဲလေ။ အဲဒီတော့ ကျွန်တော်တို့လို သရုပ်ဆောင်အသစ်တွေအတွက်လည်း ဘယ်လိုနည်းတွေနဲ့ ပရိသတ်ထံအမြန်ရောက်နိုင်မလဲဆိုတာ စဉ်းစားဖို့လိုနေပါပြီ"ဟု ပြောသည်။

ယခုနောက်ပိုင်း ရုပ်ရှင်ဇာတ်ကားများအနေဖြင့် အပြိုင်အဆိုင်အဖြစ် ပြသရသည့်အတွက် တစ်ချိန်က မလုပ်ဖူးသော ပရိုမိုးရှင်း ပုံစံများကိုပါ ထုတ်လုပ်သူများ အနေဖြင့် ပြုလုပ်လာသည်များကို တွေ့ရှိနေရသည်။

"အင်အားကြီး သရုပ်ဆောင်များ မသုံးစွဲနိုင်သော ထုတ်လုပ်ရေးများအနေဖြင့် အလွန်ကို စိုးရိမ်နေရတဲ့ ဈေးကွက်တစ်ခုပါ။ ယှဉ်ပြိုင်ကြတဲ့အခါ စောစောက ကျွန်တော်ပြောသလို အသစ်တွေပဲ နောက်ဆုံးရှုံးရတာပါပဲ။ ထုတ်လုပ်သူအနေနဲ့လည်း ဇာတ်ကားရိုက်ကူးပြီးရုံနဲ့ မရပါဘူး။ ပရိုမိုးရှင်းတွေ လုပ်ရ၊ ရုံတင်ရက်ရဖို့ သုံးရက်လောက် စောင့်ရတာတွေ ရှိလာတယ်။ အရင်ကဆို သရုပ်ဆောင်တွေအနေနဲ့ ဗီဒီယိုဇာတ်ကားတွေ ရှိနေတော့ ပြောဖူးတဲ့စကားရှိတယ် "ဗီဒီယိုသက် တစ်မနက်" ဆိုပြီးပြောဖူးတယ်။ အဲဒီနေ့ထွက်တဲ့ ဗီဒီယိုကားက ထုတ်လုပ်သူတွေအတွက် တစ်ရက်တည်းနဲ့ ကိုက်တယ်။ မနက်ထွက်ပြီးတာနဲ့ ညနေဆို ပရိသတ် လက်ထဲရောက်နေပြီ။ အခုဆို ရုပ်ရှင်အသက် သုံးရက်လို့တောင် တင်စားနေရပြီ။ အဲဒီလိုဆို ရုပ်ရှင်လောက အင်မတန် စိုးရိမ်စရာ ဖြစ်နေပါပြီ" ဟု ဆိုသည်။

သရုပ်ဆောင် ညီထွဋ်ခေါင်အနေဖြင့် လတ်တလောတွင် "နာနာဘာဝချစ်သူ" ဇာတ်ကားကြီးတွင် ပါဝင်သရုပ်ဆောင်ထားပြီး ဇာတ်ကားများကိုလည်း မိမိ၏နေရာ မပျောက်ရန်အတွက် ရိုက်ကူးနေရကြောင်း သိရသည်။

**ကိုလင်း**

## အဓမ္မပြုကျင့်သည်ဟု သီဟတင်စိုးအား စွပ်စွဲခဲ့သူများကို ဩဂုတ် ၂၉ ရက် ရုံးထုတ်စစ်ဆေးမည်



အိမ်အကူ အမျိုးသမီးအား အလိုမတူဘဲ အဓမ္မပြုကျင့်သည်ဟု မတရား စွပ်စွဲခံခဲ့ရသော ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးက ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ ခန်းမ၌ သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး ကိုယ်တိုင် ကြုံတွေ့ခံစားခဲ့ရသည်များကို ယခုလို ရှင်းလင်းပြောကြား ခဲ့သည် ။

"ကျွန်တော် မီဒီယာတွေနဲ့ တွေ့ဆုံပြီး ရှင်းပြဖို့ အဲ့အချိန်တုန်းက လုံးဝအဆင်မပြေခဲ့သလို ရှင်းပြချင် ပေမယ့် အခက်အခဲတွေအများကြီး ကြုံတွေ့နေတဲ့ အတွက်မို့ပါ။ အဲဒီအတွက်လည်း ဒီနေ့လုပ်တဲ့ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံတဲ့ပွဲမှာ တောင်းပန်ပါတယ်လို့ ပြောချင်ပါတယ်။


"အခုဖြစ်ပျက်သွားတာတွေဟာ အဲဒီအမျိုးသမီးရဲ့ မဟုတ်မမှန် ပြောဆိုမှုတွေကြောင့်ပါ။ ကျွန်တော်က နှလုံးရောဂါကြောင့် အရက်မပြောနဲ့ ဘီယာတောင် သောက်လို့မရပါဘူး။ ဒါကြောင့်လည်း သူလိမ်ညာ ပြောဆိုတာတွေဟာ သူ့ရဲ့အပြစ်ကို သူပြန်ခံရတာလို့ ကျွန်တော်ပြောပါရစေ။ ကျွန်တော့်ကို ဝန်းရံပေးကြတဲ့ ပရိသတ်တွေ၊ မီဒီယာတွေရဲ့ ဝိုင်းဝန်းကူညီဖြေရှင်းပေး မှုကြောင့် ဒီဖြစ်ရပ်ကနေ လွတ်မြောက်ခဲ့တာလည်း ကျွန်တော်တစ်ယောက်တည်းပဲ ရှိပါသေးတယ်။ ကျွန်တော် ထွက်မတွေ့တာကလည်း ဥပဒေလမ်းကြောင်း အရ ကျွန်တော့်ကို အခွင့်ထူးခံလူတန်းစားတစ်ရပ် အနေနဲ့ မြင်မှာစိုးပါတယ်။ ပြီးတော့ ဥပဒေလုပ်ထုံး လုပ်နည်းအရ အချိန်မတန်သေးလို့ ထွက်မတွေ့တာပါ။ အဲဒီအတွက် အပြေးအလွှားနဲ့ ကင်မရာကျကွဲတဲ့ မီဒီယာသမားတွေတောင် ရှိတယ်ဆိုတာ ကျွန်တော် သိရပါတယ်။ အဲဒီအတွက် စိတ်မကောင်းဖြစ်မိပါတယ်။ စစချင်းတော့ ကျွန်တော့်ကို ရာဇသတ်ကြီး ပုဒ်မ ၃၇၆ နဲ့ သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်ထားတယ်။ အဲဒီတော့ ကျွန်တော်က မဟုတ်တာ မလုပ်ထားတဲ့ အတွက် ကျွန်တော် တွေ့စရာမရှိဘူး။ တကယ်လို့ တွေ့ရင်လည်း လောလောဆယ်က ကျွန်တော် အဖမ်းခံရ မှာပဲလေ။ နောက်ကိစ္စ နောက်မှ ရှင်းဆိုတော့ ကျွန်တော် လက်ထိပ်လည်း အခတ်မခံနိုင်ဘူး။ ဒါကြောင့် ခဏ ရှောင်နေလိုက်တာပါ" ဟု ပြောသည်။

ပထမသတင်းပေးတိုင်ကြားချက်အရ သုဝဏ္ဏနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းနိုင်က ဦးဆောင်ကာ အခင်းဖြစ်ပွားရာ နေရာဖြစ်သော သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပြည်ထောင်စုရိပ်မွန် အိမ်ရာ အသောကလမ်းရှိ သရုပ်ဆောင် သီဟတင်စိုး နေအိမ်တွင်ဖြစ်ပွားခဲ့သည်ဆိုသည့် အဆိုပါ တိုင်ကြားမှုသည် အထောက်အထား ခိုင်လုံမှုမရှိသည့်အပြင် သက်ာမကင်းတွေ့ရှိရခြင်းကြောင့် အိမ်အကူအမျိုးသမီးနှင့် ပွဲစား ဖြစ်သူတို့ကို နယ်မြေရဲစခန်းမှာ ထိန်းသိမ်းထားပြီး ဩဂုတ် ၂၉ ရက်တွင် ရုံးထုတ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု သိရသည်။

**ကိုလင်း**

## နှိမ်ချဆက်ဆံမှုတွေကို သီချင်းအသွင်ဖန်တီးနေသည့် အဆိုတော်ရတနာမိုင်

စတီရီယို ခေတ်ဦးကာလအတွင်း အောင်မြင်ကျော်ကြားခဲ့သည့် အဆိုတော် "မိုင်" က သမီးဖြစ်သူ ရတနာမိုင်နှင့်အတူ တေးစီးရီးတစ်ခွေ ထွက်ရှိရန် ပြင်ဆင်နေကြောင်း သိရသည်။ အဆိုပါ တေးစီးရီးခွေကို မီနီအယ်လ်ဘမ်အဖြစ် ဖန်တီးမည်ဖြစ်ပြီး You Tube တွင် ပရိသတ်များ နားဆင်ခံစားနိုင်ရန် တင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ တေးစီးရီးတွင် မိခင်ဖြစ်သူ စတီရီယို ခေတ်မှ အောင်မြင်ကျော်ကြားခဲ့သည့် မလွမ်းပို တေးသီချင်းအပါအဝင် အခြားသော သီချင်းများစွာကို စုစည်းထားပြီး သီချင်းခုနစ်ပုဒ် မီနီအယ်လ်ဘမ်ကို ထွက်ရှိနိုင်ရန် သမီးဖြစ်သူ ရတနာမိုင်က စီစဉ်နေကြောင်း သိရသည်။




"မေမေမိုင် တစ်ချိန်က အောင်မြင်ခဲ့တဲ့ သီချင်းတွေကို ထွက်ရှိနိုင်ဖို့ အတွက် ကူညီပေးနေတာပါ။ သီချင်း ခုနစ်ပုဒ်ကို မီနီအယ်လ်ဘမ်အဖြစ်နဲ့ ထွက်ရှိမှာပါ။ အမှန်က မိုင်လေးရဲ့ အဆိုလိုင်း မဟုတ်ပါဘူး။ မေမေမိုင်ကို ကျေးဇူးဆပ်ချင်တဲ့အနေနဲ့ ဒီဘက် ခေတ်လိုင်းလည်းဖြစ်အောင် အမေ့ရဲ့ ဆိုပုံဆိုပေါက်တွေလည်း ပရိသတ်တွေ သေချာသိစေချင်တာလည်း ပါပါတယ်။ တစ်ခါတလေရှိတယ်လေ။ အမေ့သီချင်း တွေဆိုပြီး ပျက်စီးသွားတာတွေ ဘာတွေ ဖြစ်မှာ စိုးရိမ်လို့ပါ။ အဲဒီလိုစိုးရိမ်လို့ ဒီဘက်ခေတ်ရော၊ ဟိုဘက်ခေတ်ရော မှုမကွဲဘဲနဲ့ ဆိုထားတာတွေကို ထုတ်ဖို့ ရှိပါတယ်။ သီချင်းတွေကို ပရိသတ်တွေ ပြန်နားထောင်ရင် စိတ်ချမ်းမြေ့ရမယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုရင် အခုခေတ် လူငယ်တွေလည်း နားထောင်ဖူးရအောင် ရယ်၊ မေမေတို့ခေတ်က အသက်အရွယ် ရောက်နေတဲ့သူတွေလည်း ဩော် ငါတို့ ခေတ်က သီချင်းတွေဆိုပြီး ငယ်ဘဝကို အောက်မေ့လို့ရအောင် ပြန်ပြီး သေချာ စီစဉ်ထားပါတယ်" ဟု ပြောကြား ခဲ့သည်။

အဆိုတော် ရတနာမိုင်က ငယ်စဉ်အခါမှစ၍ ယနေ့ ဂီတလောကတွင် ရပ်တည်နေသည့်အချိန်အထိ မိတ်ဆွေအချို့၏ ပေါင်းသင်းဆက်ဆံချိန် အပေါ်စီးမှ ဆက်ဆံခံရခြင်းများကို သီချင်းအဖြစ် ပြန်လည်ဖန်တီးပြီး ယင်းသီချင်းကို တေးရေး နေခြည်ထွန်းထွန်း ရေးသားထားပြီး "အပေါ်ယံများ" ဟု အမည်ပေးထားကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း ထွက်ရှိနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

**ကိုလင်း**

## သရုပ်ဆောင်အလုပ်က ကိုယ်မကျွမ်းကျင်သည့်အလုပ်မို့ အခက်တွေ့ခဲ့ရသူ အလှမယ် ထားထက်ထက်

ထက်မြက်နိုင်ဇင်၏ ဇာတ်လမ်းကို ဆုးခက်မင်း ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ သားညီ ရိုက်ကူးထားသော "လူကြမ်းတစ်ယောက်၏ ဒိုင်ယာရီ" ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁၇ ရက်တွင်စတင်ရုံတင်ပြသခဲ့ပြီး ယင်းဇာတ်ကားကြီးထဲမှ အမှတ်တရ အချို့ကို သရုပ်ဆောင် အလှမယ် ထားထက်ထက် က ယခုလို ပြောကြားသည်။



"၂၀၁၄ ခုနှစ်က ဒီဇာတ်ကားလေး ရိုက်ကူးခဲ့စဉ်က ဝမ်းနည်းစရာတွေ၊ အခက်အခဲတွေ၊ ထူးဆန်းတဲ့ အဖြစ်အပျက်တွေ များစွာရှိခဲ့ကြပါတယ်။ ပထမဆုံး ကန်တော့ပွဲပေးပြီး နောက်ရက်မှာ ဇာတ်ကားစမရိုက်ခင် ဒါရိုက်တာဖြစ်သူ ကိုသားညီရဲ့ အဖေဆုံးတယ်။ ဇာတ်ကားတစ်ခုလုံးရဲ့ အရေးကြီးဆုံးလူ ဖြစ်နေတော့ စိတ်မကောင်း ဝမ်းနည်းမှုတွေ ခဏဘေးချိတ်ပြီး အလုပ်မှာ အာရုံစိုက်၊ ဝမ်းနည်းမှုကို အဖွဲ့သားတွေ မမြင်အောင်ထိန်း၊ ငိုချင်တာကို ထားထက်ထက် ငိုရတဲ့အခန်းမှာ သေချာ Mood အပြည့်နဲ့ရောပြီးငိုချ သင်ပေးခဲ့ရတယ်။

"မကြာဘူး ဇာတ်ကားစရိုက်နေတဲ့အချိန် ထားထက်ရဲ့ဖေဖေ အရေးပေါ် ဆေးရုံတက်ရပြန်တယ်။ ကိုယ့်ရဲ့တကယ့် စီနီယာအကြီးကြီးတွေနဲ့ တူတူရိုက်နေချိန်၊ ကိုယ်တစ်ယောက်တည်းကြောင့် တစ်ဖွဲ့လုံး အဆင်မပြေ မဖြစ်စေချင်တော့ စိုးရိမ်ပူပန်မှု၊ စိတ်မကောင်းဖြစ်မှုတွေ ခဏမေ့ထားပြီး အမေနဲ့အစ်မက ဆေးရုံမှာဆိုတော့ တစ်ယောက်တည်း ပတ်ချာလည်တွေရှုပ်၊ ပထမဆုံးရိုက်တဲ့ ဇာတ်ကားဆိုတော့လည်း စိတ်ဖိစီးမှုတွေကများနဲ့ တော်တော်ပင်ပန်းခဲ့ရတဲ့ ဇာတ်ကား၊ ဇာတ်ဝင်ခန်းထဲမှာ အဖေကို ပြန်အော်ပြန်ပြောတဲ့အခန်းကို အဖေဆေးရုံရောက်နေချိန် တစ်ဖက်မှာ ရိုက်ကူးနေခဲ့ရတော့ ညကြီးမိုးချုပ် ပင်ပန်းပြီး မငိုနိုင်တော့တဲ့အချိန် ဒါရိုက်တာကြီးနဲ့ ဦးလူမင်းက ဘေးကနေ သရုပ်ဆောင်ပုံ သင်ပေးရင်း သူတို့ပဲ မျက်ရည်ကျခဲ့ရတဲ့ အမှတ်တရတွေ၊ နောက်တစ်ခါ ဇာတ်ကားရိုက်နေရင်း လူကြမ်းအစ်ကို ကိုစိုင်းရဲ့ အမေ ဆုံးတယ်။ ညဘက်ကြီးရိုက်နေရင်း ကားထဲမှာ သွားငိုနေတာတွေမှ အမေဆုံးတာသိရပြီး ဒါရိုက်တာနဲ့ ကိုယုန်လေးက ပြန်ပါကွာဆိုပြီး ပြန်လွှတ်ခဲ့ရတယ်။ တကယ့်အလုပ်အပေါ် စေတနာ၊ လေးစားမှုအပြည့်နဲ့ Personal ခံစားချက်တွေ ခဏဖယ်၊ အလေးထားခဲ့ကြတယ်။

"ဇာတ်ကားရိုက်နေရင်း ကားတွေမောင်းဝင်လာတဲ့ အခန်းတစ်ခန်းမှာ ကားမောင်းတဲ့ လူကြမ်းအစ်ကိုက ရုတ်တရက်ကြီး စိတ်လွှတ်ပြီး ကိုထူးခြားက မြေပြင်ပေါ်မှာလှဲနေတာကို တက်ကြိတ်မိခါနီး ကိုယုန်လေးနဲ့ အားလုံးက အတင်း ကားကိုပုတ် ဝိုင်းအော်ကြတဲ့အခါမှ ကပ်သီလေး လွတ်သွားခဲ့တဲ့ အခန်းတွေက အမှတ်တရတွေပါပဲ"ဟု သရုပ်ဆောင် ထားထက်ထက်က ပြောသည်။ **ကိုလင်း**

## "ခ" သုံးလုံးရုပ်ရှင်ထုတ်လုပ်ရေး ဇာတ်ဝင်ခန်းအချို့အတွက် မျက်နှာသစ်သရုပ်ဆောင်များ ရွေးချယ်

"ခ" သုံးလုံး ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးစီးပြုလုပ်သည့် သရုပ်ဆောင်သစ်ရွေးချယ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို)ခန်းမတွင် ပြုလုပ်ခဲ့သည်။ အဆိုပါ ရွေးချယ်ပွဲတွင် အနုပညာဝါသနာရှင် ရွှက်ပုန်းသီး လူငယ် ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၀ တို့ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ "ခ"သုံးလုံးထုတ်လုပ်ရေးအတွက် လိုအပ်တဲ့သရုပ်ဆောင်သစ် ရွေးချယ်တယ်ဆိုပေမယ့် "ခ" သုံးလုံးအတွက်တင်မကဘူး အနုပညာလောကအတွက် နိုင်တဲ့အားနဲ့ တစ်ထောင့်တစ်နေရာက ဖြည့်ဆည်းအားထုတ်တဲ့သဘောပါ။ လောလောဆယ် အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးနှစ်ဦးတော့ ယာယီ သတ်မှတ်ထားတယ်။ အရင် ကျွန်တော်တို့အနေနဲ့ အနုပညာပျိုးခင်းဆိုပြီး သရုပ်ဆောင်တွေလည်း စင်တင်ပေးခဲ့တယ်။ ဒီဘက်ခေတ်မှာက ဗီဒီယိုဈေးကွက်လည်း မရှိတော့ဘူး။ ရုပ်ရှင်မှာလည်း နာမည်ရ သရုပ်ဆောင်တွေပဲ ရိုက်နေကြတယ်။ သရုပ်ဆောင်သစ် ဝင်ရောက်လာဖို့ အခက်အခဲတွေရှိတယ်။ ဒါကြောင့် သရုပ်ဆောင်သစ်တွေ လက်တွဲခေါ်တဲ့သဘောပါ။ သူတို့ ကြိုးစားအားထုတ်မှုအပေါ်မူတည်ပြီး ဇာတ်ဝင်ခန်းတွေမှာထည့်သွင်းသွားမှာပါ။ အခုကတော့ အဓိကဇာတ်ဆောင်နေရာကို ရွေးချယ်တာပါ" ဟု "ခ"သုံးလုံး ရုပ်ရှင်ထုတ်လုပ်ရေးမှ အကယ်ဒမီ ခန့်စည်သူက ပြောသည်။

အဆိုပါ အခမ်းအနားတွင် အကဲဖြတ်ဒိုင်များအဖြစ် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၊ အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီ ခိုင်သင်းကြည်နှင့် နေခြည်ဦး (Beauty By Naychi) တို့က ဆောင်ရွက်ခဲ့ကြသည်။ ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် သရုပ်ဆောင်သစ်များ အပြီးသတ်ရွေးချယ်ခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**


## နိုင်ငံတကာ အနုပညာသတင်း

### နာမည်ကျော်ဒိုင်တစ်ဦးဖြစ်တဲ့ ဆိုင်မွန် ကျော်ကြားသူတို့ လျှောက်လမ်းတွင် ဂုဏ်ပြုခံရ

The X Factor 'American Got Talent' American Idol အစရှိတဲ့ ရုပ်မြင်သံကြား စွမ်းရည်ယှဉ်ပြိုင်မှု ရှိုးပွဲတွေမှာ ဒိုင်တစ်ဦးအဖြစ်ဆောင်ရွက်တဲ့ ဆိုင်မွန်ကို ကြာသပတေးနေ့ကပဲ ဟောလိဝုဒ် ကျော်ကြားသူတို့လျှောက်လမ်းမှာ ကြယ်တစ်ပွင့်နဲ့ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပါတယ်။

ဂုဏ်ပြုချီးမြှင့်ပွဲမှာ ဆိုင်မွန်ဟာ ရှားရှားပါးပါး မိသားစုဓာတ်ပုံရိုက်ခဲ့ပါတယ်။ ဓာတ်ပုံထဲမှာ သူ့ရဲ့ချစ်သူ လောရန်ဆေးဗားမန်း၊ သူတို့နှစ်ဦးရဲ့ သားဖြစ်သူ အီရစ်နဲ့ လောရန်ရဲ့ အရင်အိမ်ထောင်နဲ့ပါလာတဲ့ သားဖြစ်သူ အဒမ်တို့ ပါဝင်ကြကာ မိသားစု စုံစုံညီညီရိုက်ထားတဲ့ပုံလည်း ဖြစ်ပါတယ်။ ဒီပွဲကို မိသားစုနဲ့အတူတက်ပြီး ပျော်ရွှင်စရာအချိန်ကို မိသားစုနဲ့အတူ မျှဝေရတဲ့အတွက် ဆိုင်မွန်ရဲ့မျက်နှာမှာ ကျေနပ်ပီတိတွေကို မြင်တွေ့နေရပါတယ်။

ဆိုင်မွန်ရဲ့ပရိသတ်တွေဟာလည်း ဂုဏ်ယူကြောင်းစာတွေ ဆိုင်မွန်ထံ ပေးပို့ခဲ့ကြပါတယ်။ နောက်ထပ် ဆိုင်မွန်ကို ဂုဏ်ပြုခဲ့ကြသူတွေကတော့ One Direction အဖွဲ့သားဟောင်း လူးဝစ်၊ American Got Talent က လုပ်ဖော်ကိုင်ဖက်တွေဖြစ်ကြတဲ့ ဟိုင်ဒီကာလူမ်၊ မက်ဘီ၊ အဆိုတော်နဲ့ တေးရေးဆရာတွေဖြစ်ကြတဲ့ ဆီနစ်တာ၊ လီယိုနာလူးဝစ်၊ ကယ်လီကလာ့ခ်ဆန်တို့ပဲ ဖြစ်ကြပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**




### ရုပ်ရှင်မင်းသား ဘင်အက်ဖ်လက် သုံးကြိမ်မြောက်အဖြစ် ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်

ရုပ်ရှင်မင်းသား ဘင်အက်ဖ်လက်ဟာ သုံးကြိမ်မြောက်အဖြစ် ပြန်လည်ထူထောင်ရေးစခန်းကို သွားရောက်ပြီး ကုသမှုခံယူခဲ့တယ်လို့ သိရပါတယ်။ သူ့ရဲ့ဇနီးဟောင်း ဂျနီဖာဂါနာကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ပေးခဲ့တာပဲ ဖြစ်ပါတယ်။

ဘင်အက်ဖ်လက်နဲ့ ဂျနီဖာဂါနာတို့မှာ သားသမီးသုံးဦး ရှိပါတယ်။ သူတို့နှစ်ဦးဟာ လက်ထပ်ပြီး ၁၀ နှစ်အကြာ ၂၀၁၅ ခုနှစ်မှာ လမ်းခွဲခဲ့ကြတာပဲ ဖြစ်ပါတယ်။ အဲဒီအချိန်က စလို့ သူတို့ရဲ့မိသားစုဘဝကို သိုသိုသိပ်သိပ်ပဲ နေထိုင်ခဲ့ကြပါတယ်။ သားသမီးတွေကို ပူးတွဲထိန်းသိမ်းခွင့်ရရှိထားပြီး ကလေးသုံးဦးရဲ့အမည်ကတော့ ဆိုဖီယာ၊ ဗိုင်းအိုလက်၊ ဆမ်မြူရယ်တို့ပဲ ဖြစ်ကြပါတယ်။

အသက် ၄၆ နှစ်ရှိပြီဖြစ်တဲ့ ဘင်ဟာ အရက်စွဲလမ်းမှုကြောင့် ပြန်လည်ထူထောင်ရေးစခန်းမှာ နှစ်ကြိမ်တိုင်တိုင် တက်ရောက်ကုသခဲ့ဖူးပြီး ယခုတစ်ကြိမ်မှာလည်း ဇနီးဟောင်းဖြစ်သူ ဂျနီဖာဂါနာကိုယ်တိုင်က သူ့ကို ပြန်လည်ထူထောင်ရေးစခန်းကို သွားရောက်ဖို့ အကြံပေးခဲ့တာ ဖြစ်ပါတယ်။ ဘင်အက်ဖ်လက်ဟာ ၂၀၀၁ ခုနှစ်တုန်းက တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တုန်းက တစ်ကြိမ်၊ အခုတစ်ကြိမ်နဲ့ဆိုရင် သုံးကြိမ်တိုင်တိုင် ပြန်လည်ထူထောင်ရေးစခန်းမှာ တက်ရောက်ကုသခဲ့ပါတယ်။

ဘင်အက်ဖ်လက်ကတော့ သူ့ကိုချစ်တဲ့ မိသားစု၊ သူငယ်ချင်းတွေ အားလုံးနဲ့ တစ်ချိန်က ဇနီးဟောင်း ဂျနီဖာဂါနာကပါ သူ့ကိုဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ သူဟာ ကံအကောင်းဆုံးလူသားပါလို့ ပြောခဲ့ပါတယ်။ သူနဲ့ ဂျနီဖာဂါနာတို့ရဲ့ ကွာရှင်းမှုကိစ္စတွေဟာ အခုထိတိုင် အဆုံးသတ်ဖို့ လိုအပ်နေပါသေးတယ်။ **ဟောလိဝုဒ်လိုက်ဖ်**



ဖျော်



# ဘာသာခြားစကားလုံးများ မွေးစားသည့်အစဉ်အလာ (၈)

**မောင်ခင်မင်(ဓနုဖြူ)**

"မွန်ဆီက တိုက်ရိုက်မွေးစားယူတဲ့ စကားလုံးတွေ ဆရာပြောပြတာ မှတ်သားထားပြီးပါပြီ ဆရာ။ ဆရာကြီးဒေါက်တာလှဘေရဲ့ စာတမ်းကို ရှာပြီး ဖတ်ပါ့မယ်။ မွန်ဆီက တိုက်ရိုက်ယူတာမဟုတ်ဘဲ တခြားဘာသာက စကားလုံးတွေကို မွန်ဆီက တစ်ဆင့် ယူတာတွေလည်းရှိတယ်လို့ ဆရာပြောထားတာ။ အဲဒီစကားလုံးတွေလည်း သိပါရစေဆရာ"

"ဆရာကြီးရဲ့ စာတမ်းထဲမှာတော့ တော်တော်စုံအောင်ပြထားတယ်။ မြန်မာစကားလုံးရော၊ မွန်စကားလုံးရော၊ မူရင်းဘာသာ စကားရဲ့စကားလုံးရော၊ စကားလုံးတွေကို အသံလှယ်ပြီးတော့ သဒ္ဒဗေဒအက္ခရာနဲ့လည်း ပြတယ်။ စာလုံးပေါင်းကို ရောမအက္ခရာနဲ့လည်း လှယ်ပြီးတော့ ပြတယ်။ လေ့လာဖို့ကောင်းပါတယ်"

"ဟုတ်ကဲ့ပါ"

"ကဲ- ဆရာတို့နဲ့ နီးစပ်တဲ့ ပါဠိနဲ့ သက္ကတ စာလုံးတွေကို မွန်က အရင်ယူ၊ မွန်ဆီက တစ်ဆင့် မြန်မာစကားထဲရောက်တဲ့ စကားလုံးတွေဆိုရင် 'ဥမင်' လို စကားလုံးပေါ့။ ပါဠိမှာ 'ဥမ္မင်္ဂ' လို့ ရှိတယ်။ ရှေးမွန်က 'ဥမင်၊ ဥမ္မင်း၊ ဥဟင်' လို့ ယူတယ်။ မြန်မာက 'ဥမင်' လို့ ယူတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ 'ဇာတိပ္ဖိုလ်' တို့၊ 'ကော်ဇော' တို့၊ 'ဇာ' တို့၊ 'ပဝါ' တို့လည်း မွန်ဆီက တစ်ဆင့် ယူတာပေါ့။ အသေးစိတ်မပြောတော့ဘူး။ စိတ်ဝင်စားစရာ စကားလုံးတစ်လုံး ပြောမယ်။ 'ကုလားအုတ်' ဆိုတဲ့ စကားလုံး"

"ဩော်၊ ဟုတ်ကဲ့၊ 'ကုလားအုတ်' က မြန်မာစကားမဟုတ်ဘူးလား ဆရာ"

"ကုလားအုတ်ကို ပါဠိမှာ 'ဩဋ္ဌ' ခေါ်တယ်။ သက္ကတမှာတော့ 'အုရှထရ' ပေါ့။ ရေးရမလွယ်လို့ အသံထွက်ကိုပဲ ပြတာပါ။ အဲဒီ 'ဩဋ္ဌ' ကို မွန်က 'အုတ်' လို့ မွေးစားယူလိုက်တယ်။ အဲဒီ 'အုတ်' ကို မြန်မာက ရှေ့က 'ကုလား' ထည့်ပြီး 'ကုလားအုတ်' လို့ ခေါ်လိုက်တာပဲ။ 'ကုလား' ဆိုတာက တခြားနိုင်ငံက ရောက်လာတဲ့ ဟာတွေကို ခေါ်တာလေ။ 'ကုလားထိုင်' တို့၊ 'ကုလားမန်ကျည်း' တို့လိုပေါ့"

"ဟုတ်ကဲ့ပါ။ စိတ်ဝင်စားစရာကောင်းပါတယ် ဆရာ"

"သက္ကတကို မွန်ဆီက တစ်ဆင့် မွေးစားတာတွေကတော့ 'ပုဏ္ဏား' တို့၊ 'သက်သေ' တို့၊ 'အမတ်' တို့လို စကားလုံးတွေပဲ။ သက္ကတ 'ဗြာဟ္မဏ' ကို ရှေးမွန်က 'ဖုံနး' လို့ ယူတယ်။ မြန်မာမှာ 'ပုဏ္ဏား' ဖြစ်သွားတာပေါ့။ 'သက်သေ' က သက္ကတမှာ 'သာက္ခီ' တဲ့၊ မွန်က 'သက်သီ' လို့ ယူတာ၊ မြန်မာကျတော့ 'သက်သေ' ဖြစ်သွားတာပေါ့"

"ဩော်... ဒါကြောင့် 'သက်သေ' ကို မြန်မာအဓိပ္ပာယ်နဲ့ စဉ်းစားလို့ မရတာကိုး"

" 'အမတ်' က သက္ကတမှာ 'အမာတျ' လို့ရှိတယ်။ ရှေးမွန်မှာ 'အမာတ်' လို့ ရှိတယ်။ မြန်မာက ယူတော့ 'အမတ်' ပေါ့"

"မှတ်သားစရာပါပဲ ဆရာ"

" 'မုတ်သုံ၊ အရက်' ဆိုတဲ့ စကားလုံးတွေက အာရဗီမှာလည်း ရှိတယ်။ မလေးမှာလည်း ရှိတယ်။ 'မုတ်သုံ' က အာရဗီမှာ mawsin၊ မလေးမှာ musim တဲ့။ ရာသီဥတုလို့ အဓိပ္ပာယ်ရတယ်။ မွန်က 'မုသုံ' လို့ ယူတယ်။ မြန်မာကျတော့ 'မုတ်သုံ' ဖြစ်သွားတာပေါ့။ 'အရက်' က အာရဗီမှာရော၊ မလေးမှာရော 'အရက်' ပဲ။ မွန်ကလည်း 'အရက်' လို့ပဲ ယူပြီး မြန်မာဆီရောက်တာပေါ့။ 'ကပ္ပလီ' က အာရဗီမှာ Kāfir လို့ ခေါ်တယ်။ 'ကဖား' လူမျိုးလို့ မြန်မာလိုရေးတယ်။ မွန်က 'ကပ္ပရီ' လို့ယူပြီး မြန်မာက 'ကပ္ပလီ' ဖြစ်သွားတာပေါ့။ 'အလံ' ဆိုတဲ့ စကားလည်း မလေးမှာရော၊ အာရဗီမှာရော ရှိတယ်။ မွန်က 'အလာ၊ အလေမ်' လို့ ယူတယ်"

"ဟုတ်ကဲ့ပါ"

"စကားလုံးတစ်လုံးချင်းရဲ့ အရင်းအမြစ်။ အဲ- ဇာစ်မြစ်ဆိုပါတော့။ အဲဒီ ဇာစ်မြစ်ကို လေ့လာတဲ့အခါ ဘယ်ဘာသာစကားက ဇာစ်မြစ်ဖြစ်တယ်။ ဘယ်လို အဆင့်ဆင့် မွေးစားထားတယ်ဆိုတာ သုတေသနလုပ်စရာတွေ အများကြီးရှိနေတယ်။ သုတေသနလုပ်ဖို့လည်း လိုအပ်တယ်။ အဲဒါ မင်းတို့လူငယ်တွေ ဆက်လုပ်ကြရမယ့်အလုပ်တွေပဲ"

"ဟုတ်ကဲ့ပါ။ တတ်နိုင်သလောက် ကြိုးစားပါ့မယ်ဆရာ"

"ကဲ... ဆက်ပြောရအောင်။ နောက်တော့ အသေးစိတ်လေ့လာကြပေါ့။ သိသာရုံပြောရရင် မြန်မာစကားမှာ 'ဒူးရင်း၊ နာနတ်၊ မင်းကွတ်၊ သာဂူ၊ တုံကင်း' ဆိုတဲ့ စကားလုံးတွေက မွန်က တစ်ဆင့်မွေးစားထားတဲ့ မလေးစကားတွေပဲ"

"ဒူးရင်းသီးက မလေးစကားဆိုတာတော့ ကြားဖူးပါတယ် ဆရာ"

"၁၂ လက်မ တစ်ပေလို့ သုံးတဲ့ 'ပေ' ဆိုတဲ့ စကားက ပေါ်တူဂီစကားတဲ့။ ပေါ်တူဂီမှာ 'ပေ' လို့ပဲ ရှိတယ်။ မွန်က လည်း 'ပေ' လို့ပဲ ယူတယ်။ 'လိမ္မော်' တို့၊ 'လေလံ' တို့လည်း ပေါ်တူဂီစကားတွေပဲတဲ့"

"မှတ်သားထားပါ့မယ်"

" 'ဘရင်ဂျီ' ဆိုတဲ့ စကားကို ကြားဖူးတယ်မဟုတ်လား"

"ပေါ်တူဂီတွေကို ဘရင်ဂျီလူမျိုးလို့ ခေါ်တယ်လို့ ကြားဖူးပါတယ် ဆရာ"

"ရိုမန်ကက်သလစ်ဘာသာဝင်ကို ဘရင်ဂျီလို့ခေါ်တယ်။ ဘရင်ဂျီဘုန်းတော်ကြီးတွေဆိုတာမျိုး သုံးတယ်။ ပါရှန်မှာ Firinjī၊ အာရဗီမှာ firanji လို့ ရှိတယ်။ မွန်က 'ပြေန်ကျော်ဝ' လို့ မွေးစားယူတာ။ မြန်မာကတော့ ဘရင်ဂျီလို့လည်း ရေးတယ်၊ ဗရင်ဂျီလို့လည်း ရေးတယ်၊ ဘုရင်ဂျီလို့လည်း ရေးတယ်။ မွန်ယူတဲ့အသံနဲ့ ပိုနီးစပ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ... 'တရုတ်' ဆိုတဲ့ စကားကတော့ မွန်ဂိုစကားမှာ 'တရုတ်' Truk လို့ ရှိတယ်။ မွန်မှာ 'ကြုက်' လို့ သုံးတယ်။ မြန်မာမှာ တရုတ်လို့လည်း ရေးတယ်။ တရုပ်လို့လည်း ရေးတယ်"

"ဟုတ်ကဲ့ပါ"

"ဆရာကြီး ဦးတင်လှကလည်း မြန်မာစကားလုံးသစ် ဖြစ်ပေါ်ဖန်တီးမှုများ၊ 'ရှေ့ပြေးစုံစမ်းခြင်း' ဆိုတဲ့ စာတမ်းတစ်စောင် ရေးထားတာရှိတယ်။ ဆရာကြီးကလည်း မြန်မာစကားလုံးတွေကို အထူးစိတ်ဝင်စားတဲ့ ဆရာကြီးပေါ့။ ဘာသာခြား မွေးစားစကားလုံးတွေကို စူးစမ်းတဲ့အခါ ဆရာကြီး ဒေါက်တာ လှဘေ ဖော်ပြတဲ့ စကားလုံးတချို့လည်း ပါတာပေါ့။ ဆရာကြီးကလည်း အဲဒီစကားလုံးတွေကို မွန်ဆီက တစ်ဆင့် မွေးစားတာ ဖြစ်နိုင်တယ်လို့ ပြောတယ်"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးဦးတင်လှ ပြတဲ့အထဲမှာ ဟင်ဒီစကားဆီကယူပြီး မွေးစားတဲ့ စကားလုံးတွေဆိုပြီး 'ကချလာ၊ မလိုင်၊ ကြာပွတ်၊ ဂေါ်ဖီ၊ ဂုန်နီ၊ ရှာလကာ' စတဲ့ စကားလုံးတွေ ပြထားတယ်။ 'ကလောင်၊ ကာကီ၊ ဒါလီ၊ ခါသာ၊ ပန်ကာ' ဆိုတဲ့ စကားလုံးတွေကတော့ ဟိန္ဒူစတန်နီဘာသာဆီက ယူတဲ့စကားတွေလို့ ပြတယ်"

" ဟုတ်ကဲ့ပါ "

" ကော်ပြန့်၊ ကွာစိ၊ လန်ချား၊ တီကွေး၊ အီကြာကွေး၊ တိုဟူး၊ မြူစွမ်၊ တုံကင်း၊ သမွန် ဆိုတဲ့ စကားလုံးတွေကတော့ တရုတ်ဆီက ယူတာတဲ့"

" ဟုတ်ကဲ့ပါ ဆရာ"

" ငံပြာရည်တို့၊ ဆန္ဒွင်းမကင်းတို့၊ မုန့်လက်ဆောင်းတို့ကတော့ ထိုင်းဘာသာစကားက ယူတာလို့ ဖော်ပြထားတယ်"

" ဆရာ ငံပြာရည်ဆိုတာ ငန်တဲ့အရည်မဟုတ်လား ဆရာ။ င သေးသေးတင် ' ငံ ' လို့ ရေးတာ စာလုံးပေါင်းမှားနေတယ်ထင်တယ် "

" ငံပြာရည်က ' နံပ္လာ' ဆိုတဲ့ ထိုင်းစကားကလာတာ။ ' နံပ္လာ ' ကနေ ငံပြာဖြစ်သွားတာလို့ ပညာရှင်တွေက ဖော်ပြကြတယ်။ ငန်တဲ့အဓိပ္ပာယ်ကို ဆိုလိုတာမဟုတ်ဘူး"

" ဩော်--- ဟုတ်ကဲ့ပါ "

ကဲ--- ဒီလောက်ဆိုရင် မြန်မာစကားထဲဝင်လာတဲ့ မွေးစားစကားတွေရဲ့ သဘောကို တော်တော်တီးမိခေါက်မိလောက်ပါပြီ။ အရင်တုန်းက မြန်မာနဲ့ဖြစ်ဖြစ်၊ မွန်နဲ့ဖြစ်ဖြစ် လူမျိုးချင်း၊ ဘာသာစကားချင်း ဆက်သွယ်ထိတွေ့ရာက အခုလို မွေးစားစကားလုံးတွေ ဝင်လာတာကို ဘာသာစကားတွေရဲ့ ဖြစ်ရိုးဖြစ်စဉ် သဘာဝတစ်ခုအဖြစ် စဉ်းစားကြည့်နိုင်ပါတယ်"

" ဆရာ ခုခေတ်မှာရော မွေးစားစကားလုံးအသစ်တွေ ဝင်နေတယ် မဟုတ်လား ဆရာ "

" ဝင်တာပေါ့။ ခုခေတ်မှာ တရုတ်၊ ဂျပန်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ကိုရီးယား စတဲ့နိုင်ငံတွေနဲ့ ထိတွေ့ပြီး သူတို့ဆီကဝင်လာတဲ့ စကားလုံးတွေ အသစ်အသစ်တိုးပွားနေတာ လေ့လာကြည့်ရင် တွေ့မှာပေါ့။ အင်္ဂလိပ်စကားလုံးသစ်တွေလည်း အများကြီးဝင်နေတာပဲလေ။ ကဲ- ဆရာက အရင်တုန်းက ဝင်လာတဲ့ မွေးစားစကားလုံးတွေအကြောင်း တော်တော်ပြောပြီးပြီ။ အခုခေတ်မှာ ဝင်လာတဲ့ မွေးစားစကားလုံးတွေအကြောင်း မင်းတို့ဆီက ကြားချင်သေးတယ်"

" ကြိုးစားပါ့မယ် ဆရာ "

**"စကားလုံးတစ်လုံးချင်းရဲ့ အရင်းအမြစ်။ အဲ- ဇာစ်မြစ်ဆိုပါတော့။ အဲဒီဇာစ်မြစ်ကို လေ့လာတဲ့အခါ ဘယ်ဘာသာစကားက ဇာစ်မြစ်ဖြစ်တယ်။ ဘယ်လို အဆင့်ဆင့် မွေးစားထားတယ်ဆိုတာ သုတေသနလုပ်စရာတွေ အများကြီးရှိနေတယ်။ သုတေသနလုပ်ဖို့လည်း လိုအပ်တယ်။ အဲဒါ မင်းတို့လူငယ်တွေ ဆက်လုပ်ကြရမယ့် အလုပ်တွေပဲ"**

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာ ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

## ရန်ကုန်မြို့ကို သန့်ရှင်းလှပပြီး စည်းကမ်းဥပဒေနှင့် ကိုက်ညီသည့် မြို့ဖြစ်ရန် ယခုနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ပြောကြား

ရန်ကုန် ဩဂုတ် ၂၄

**ရန်ကုန်မြို့ကို သန့်ရှင်းလှပပြီး စည်းကမ်းဥပဒေနှင့် ကိုက်ညီသည့်မြို့ဖြစ်ရန် ယခုနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားလိုက်သည်။**




ယနေ့ ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာ ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

### လူထုက ဥပဒေကိုသိရှိပြီး လိုက်နာဖို့လို

ရှင်းလင်းပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် "YCDC ပြုပြင်ပြောင်းလဲရေးကို ရှေ့ဆက်ဆောင်ရွက်သွားနိုင်ဖို့အတွက် YCDC ဥပဒေတစ်ရပ်ကိုတော့ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်ပြီးဖြစ်ပါတယ်။ ဒီအခြေအနေက အစိုးရသစ်ရဲ့ သမိုင်းမှတ်တိုင်တစ်ခုအနေနဲ့ ပြုပြင်ဆောင်ရွက်သွားရတော့မှာဖြစ်ပါတယ်။ YCDC ဥပဒေသစ်ကို ကျွန်တော်တို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ YCDC ဥပဒေအသစ်ကို လူထုကြားမှာ အသိပညာပေးမှုတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လူထုက ဥပဒေကို သိရှိဖို့လိုပါတယ်။ သိရှိမှုကနေ လိုက်နာနိုင်ဖို့လိုပါတယ်။ လိုက်နာမှုမရှိဘူးဆိုရင် ဥပဒေအရ အရေးယူဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ စည်းကမ်းကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်နိုင်ဖို့ လိုပါတယ်။ ဈေးဆိုင်တွေဟာ အများပြည်သူ လမ်းလျှောက်တဲ့နေရာမှာ ကျူးကျော်နေမှု မရှိဖို့လိုပါတယ်။ လိုင်စင်မဲ့ ဖွင့်လှစ်ထားတဲ့ ဆိုင်တွေကိုလည်း အခု ဥပဒေသစ်မှာ ဒဏ်ရိုက်မယ်။ ဆက်လက်ကျူးလွန်နေရင် ဥပဒေလမ်းကြောင်းအရ အရေးယူ အပြစ်ပေးနိုင်တဲ့ အခြေအနေမျိုးနဲ့ ပိတ်သိမ်းနိုင်ဖို့အတွက် ဆက်လက်ပြီး ကြိုးပမ်းသွားနိုင်ဖို့ YCDC ဥပဒေသစ်ကို ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီဥပဒေကိုလည်း အောက်တိုဘာမှာ ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှု ထိထိရောက်ရောက်အရေးယူမယ်

ဆက်လက်၍ ၎င်းက "ပြည်သူလူထုရဲ့ တောင်းဆိုလာမှုအနေအထားအရ ရန်ကုန်မြို့ထဲမှာ ကားပါကင်တွေ ပြန်လည်သတ်မှတ်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ လမ်းတွေပေါ်မှာ ကားတွေကို စည်းကမ်းမဲ့ ရပ်နားထားတဲ့ အခြေအနေတွေ၊ လမ်းတွေပေါ်မှာ ကားတွေကိုရပ်နားထားပြီးတော့ ဂိုဒေါင်လို အသုံးချနေတာတွေ၊ ဆိုင်ဖွင့်နေတာတွေကို ကြုံနေရပါတယ်။ ပြည်သူလူထုက ဒီအခြေအနေအပေါ်မှာ များစွာ တိုင်ကြားမှုတွေရှိနေပါတယ်။ လမ်းဘေးမှာ ကားရပ်မယ်ဆိုရင် စနစ်တကျရပ်နိုင်ဖို့ အတွက် YCDC က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအပြင် ကားရပ်နားတဲ့အခြေအနေမှာလည်း ထိုက်သင့်တဲ့ အခကြေးငွေပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ စနစ်ကျမှုတစ်ခုကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် ကားပါကင်တွေ ပြန်လည်ဆောင်ရွက်နိုင်ဖို့အတွက် YCDC ဘက်ကနေ ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီအပြင် လမ်းပေါ်မှာ စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုတွေ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်မှုတွေကိုလည်း YCDC ဥပဒေသစ်အရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုတွေကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြို့တော်ကြီးဟာ တကယ့်ကို သန့်ရှင်းလှပပြီးတော့ စည်းကမ်းဥပဒေနဲ့ကိုက်ညီတဲ့ မြို့ဖြစ်နိုင်ဖို့အတွက် ကျွန်တော်တို့ ဒီနှစ်အတွင်းမှာ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

### လျှပ်စစ်မီးပိုမိုပေးနိုင်ရန်ကြိုးစားသွားမည်

ထို့အပြင် ဝန်ကြီးချုပ်က အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းပြောကြားရာတွင် ယခုအခြေအနေတွင် လျှပ်စစ်မီးကို လုံလောက်စွာပေးနိုင်သည့်အဆင့်တစ်ခုကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ လျှပ်စစ်မီးမရရှိသေးသည့်နေရာနှင့် ပိုမိုတိုးမြှင့်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးစနစ် ပိုမိုကောင်းမွန်လာစေရန် တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ပထမအဆင့် ဆောင်ရွက်ရာတွင် ယခုအချိန်အထိ အောင်မြင်မှုများ ရရှိနေကြောင်း၊ ထို့အပြင် ကမ္ဘာ့ဘဏ်နှင့် JICA တို့၏ အကူအညီဖြင့် မြစ်ထွက်ပေါက်များ၊ မြို့တွင်း ချောင်းလက်တက်များတွင် ရေတံခါးများ တပ်ဆင်နိုင်ရန်နှင့် YCDC ၏ ဘတ်ဂျက်ဖြင့် မြစ်ချောင်းများကို ပြုပြင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း၊ ရန်ကုန်မြို့၏ လမ်းမကြီးများပေါ်တွင် ဘတ်စ်ကားမှတ်တိုင် ၅၀၀ ခန့် တည်ဆောက်နေကြောင်း၊ SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်နိုင်ရန်နှင့် နယ်ပယ်အသီးသီးမှာ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ဆောင်ရွက်ခဲ့ကြောင်း။

### ရေကြီးရေလျှံမှုနှင့် လမ်းများမပျက်စီးရန် ရေနုတ်မြောင်းများ ဆောင်ရွက်သွားမည်

ရန်ကုန်မြို့သည် ရွှေ့ပြောင်းလုပ်သားများ များပြားကြောင်း၊ ထို့ကြောင့် ရွှေ့ပြောင်းလုပ်သားများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြင့် အိမ်ရာများကို ရောင်းချပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မြေကွက်လပ်များနှင့် ပတ်သက်ပြီး အသစ်ဖော်ထုတ်မည့်ဇုန်များ၊ နေရာများ၌ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည့် စက်ရုံ၊ အလုပ်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံပါက ၎င်းတို့အား အခွင့်အလမ်းများပေးနိုင်ရန်အတွက် ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ယင်းနေရာများ၌ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြင့် အိမ်ရာများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အရည်အသွေးကောင်းမွန်သည့် လမ်းများကို စနစ်တကျ ဆက်လက်ခင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန်နှင့် လမ်းများ မပျက်စီးစေရန် ရေနုတ်မြောင်းများကို အဓိကဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းများကို ပိုမိုကောင်းမွန်သည့် နေရာများတွင် တည်ဆောက်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ လက်ရှိ ဆိပ်ကမ်းများကို ဖျက်သိမ်းသွားမည်မဟုတ်ဘဲ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်သည့် အခြေအနေသစ်များကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ရန်ကုန်မြစ်အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး ပြင်ဆင်ဆောင်ရွက်နေ

ဒလတံတားကြီးကို မကြာမီကာလအတွင်း တည်ဆောက်ပြီးစီးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ၊ ရန်ကုန်မြစ်၏ အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ရန်ကုန်မြို့ဟောင်းကို စိမ်းလန်းသည့် မြို့ပြအမွေအနှစ်များဖြင့် ဆက်လက်ထားရှိပြီး ရန်ကုန်မြို့၏ တစ်ဖက်ကမ်း၌ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စိမ်းလန်းသည့် မြို့ကြီးများ ဖြစ်လာနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလအထိ) အတည်ပြုမိန့်များ ခွင့်ပြုပေးခဲ့သည့်အခြေအနေများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(မတ်လအထိ) အစည်းအဝေး ၁၃ ကြိမ်ကျင်းပ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၆ ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခု စုစုပေါင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၂ ခုတို့အား အတည်ပြုမိန့် ထုတ်ပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ မတည်ရင်းနှီးငွေပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၈၄၄ သန်းနှင့် မြန်မာငွေကျပ် ၁၃၇၄၃ ဒသမ ၆၃၆ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်း ၁၈၅၇၅ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုပမာဏအလိုက် ခွင့်ပြုမိန့်များနှင့် အတည်ပြုမိန့်များ ထုတ်ပေးခဲ့သည့် အခြေအနေများအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလအထိ) တစ်နိုင်ငံလုံး၌ လုပ်ငန်းအရေအတွက် ၁၅၃ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်း ၅၂၀၅၆၂၃ ဒသမ ၇၁၁ စီးဝင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းအရေအတွက် ၆၂ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်း ၁၂၆၃၇၅၈ ဒသမ ၇၄၃ စီးဝင်နိုင်ခဲ့သည်။

### ကျေးရွာ ၂၀၆ ရွာ ဓာတ်အားရရှိရေး လျာထားဆောင်ရွက်လျက်ရှိ

ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးခဲ့မှုများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၂၁၂၆ ရွာရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာပေါင်း ၉၉၅ ရွာ၊ အခြားနည်းဖြင့် မီးလင်းပြီး ကျေးရွာ ၃၀၉ ရွာ စုစုပေါင်း မီးလင်းပြီးကျေးရွာ ၁၃၀၄ ရွာ မီးလင်းပြီးဖြစ်၍ မီးလင်းရန်ကျန်ကျေးရွာပေါင်း ၈၂၂ ရွာဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ နှစ်နှစ်တာကာလအတွင်း မီးလင်းပြီးကျေးရွာ ၉၃ ရွာ တိုးတက်၍ မီးလင်းပေးနိုင်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ဘဏ်ချေးငွေနှင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (National Electrification Plan)ဖြင့် ဆောင်ရွက်နေသော NEP ပထမအဆင့်တွင် ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၀၆ ရွာကို ဓာတ်အားစနစ်မှ တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်ချက်များအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအလိုက် ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်များထုတ်ပေးခဲ့သည့်အခြေအနေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလအထိ) တစ်နိုင်ငံလုံး၌ လုပ်ငန်းအရေအတွက် ၃၄၅ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၁၉၅၇ ဒသမ ၇၆၂ စီးဝင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းအရေအတွက် ၂၄၉ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၁၃၉ ဒသမ ၈၈၄ သန်း စီးဝင်နိုင်ခဲ့သည်။

### ဝင်ငွေနည်းပြည်သူများ နေရေးအဆင်ပြေစေရန် အိမ်ရာစီမံကိန်းဆောင်ရွက်ပေး

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာလိုအပ်ချက်ရှိပြီး ဝင်ငွေနည်းသော ပြည်သူများနေရေးအဆင်ပြေစေရန်အတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ယုဇန တန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၁)၌ အခန်းပေါင်း ၆၅၆ ခန်း၊ အပိုင်း(၂)တွင် အခန်းပေါင်း ၂၂၄ ခန်း၊ ကနောင်တန်ဖိုးနည်းအိမ်ရာစီမံကိန်း၌ အခန်းပေါင်း ၆၆၄ ခန်း၊ လှိုင်သာယာမြို့နယ်တွင် ရွှေလင်ဗန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂)၌ အခန်းပေါင်း ၁၆၀၊ အပိုင်း(၃)၌ အခန်းပေါင်း ၅၀၄ ခန်း စုစုပေါင်း အခန်း၂၂၀၈ ခန်းအား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအရ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် နှစ်နှစ်တာကာလအတွင်း စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ၁၈၃၂၀ ဒသမ ၁၂၁၁၅ သန်းဖြင့် လမ်းအရှည် ၁၁၇ မိုင် ၃ ဒသမ ၀၃၇ ဖာလုံ တံတား ၅၅ စင်း၊ ရေပြွန် ၇၅ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-လှမိုး**

# ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း စကားဝိုင်းပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၂၄**

ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာ ငါးလွှာတွင် ပြုလုပ်မည်ဖြစ်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ အရေးပေါ်ကုသမှု ဆေးပညာဌာန ပါမောက္ခ ဒေါက်တာမော်မော်ဦး၊ Vitoria Hospital မှ CEO ဒေါက်တာအေးအေးစန်း၊ Mandalar Hospital မှ CEO ဒေါက်တာဦးစိုးမြင့်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းစကားဝိုင်းသို့ တက်ရောက်လိုသူများအနေဖြင့် STI Myanmar University (MICT Park ) ဖုန်း -၀၁-၃၇၈ ၂၆၆၊ ၃၇၇၉၈၈ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

စာပေမြင့်မှ လူမျိုးတင့်မည်

# အစားအသောက်နှင့် ပတ်သက်သည့် နယ်ပယ်များတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းပို့ချ

**နေပြည်တော် ဩဂုတ် ၂၄**

ASEAN-JAPAN ပူးပေါင်းဆောင်ရွက်မှု အစီစဉ်အရ ASEAN ဒေသတွင်းရှိ တက္ကသိုလ်များနှင့် တွဲဖက်၍ ဆောင်ရွက်သော အစားအသောက်နှင့် ပတ်သက်သည့်နယ်ပယ်များတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များမှ သင်ခန်းစာများပို့ချခြင်းကို ဩဂုတ် ၂၀ ရက်မှ ၂၄ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

ဤသင်တန်းဖွင့်လှစ်ရခြင်းမှာ အစားအသောက်နှင့် ပတ်သက်ဆက်စပ်သော နယ်ပယ်အသီးသီး အစားအသောက် ပြုပြင်ခြင်း၊ သမဝါယမစနစ်၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ သတင်းအချက်အလက်နည်းပညာ၊ ငွေကြေးစီမံခန့်ခွဲမှုတို့တွင် ဂျပန်နိုင်ငံ၌ ဆောင်ရွက်လုပ်ကိုင်နေသည်များကိုသိမြင်လာပြီး မိမိနိုင်ငံအတွင်း မည်သို့ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်မည်ကိုသိရှိလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။




သင်တန်းတွင် သင်တန်းသား သင်တန်းသူများမှာ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများဖြစ်ပြီး ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ၄၆ ဦး၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ငါးဦး၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)မှငါးဦး၊ သမဝါယမ တက္ကသိုလ် (သန်လျင်) မှ ခြောက်ဦး တက်ရောက်ခဲ့ကြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နန်းဆိုင်ဟွမ်က ဤကဲ့သို့ သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးသော ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန(MAFF) နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ အာဆီယံအတွင်းရေးမှူးရုံးတို့ကို ကျေးဇူးတင်ကြောင်း၊ ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန(MAFF) Mr.Atsuhiro Meno က ဤကဲ့သို့သော သင်တန်းများသည် မြန်မာနိုင်ငံအတွက်သာမက ဂျပန်နိုင်ငံအတွက်ပါ အကျိုးရှိကြောင်း၊ အစားအသောက်နှင့် ပတ်သက်သော နယ်ပယ်များတွင် ထုတ်လုပ်ရေးသာမက ဝယ်လိုအား၊ ရောင်းလိုအားများကိုပါ တတ်ကျွမ်းနားလည်သောပညာရှင်များ ပိုမိုမွေးထုတ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံများ ဆိုင်ရာ အာဆီယံအတွင်းရေးမှူး Mr. Eiji Hatano က ဤကဲ့သို့ သင်တန်းအား မြန်မာနိုင်ငံတွင် လေးကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သာမက အခြားတက္ကသိုလ်များပါ ပူးပေါင်းပါဝင်လာနိုင်သည့်အတွက် ဝမ်းမြောက်မိကြောင်း ပြောကြားသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**



မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သတင်းစာဆရာအသင်း ဒုတိယအကြိမ် မြို့နယ်သတင်းစာဆရာ စုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင် အဖွဲ့သစ် တာဝန်ပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက်က ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် သီရိဇေယျနေဝ်ရထာခန်းမ၌ပြုလုပ်ရာ သဘာပတိ မြို့နယ်တရားသူကြီး ဦးဆန်းထွန်းဦး အမှာစကားပြောကြားစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပြစ်ဒဏ်ကျခံနေသူများ အခွင့်အရေးခံစားနိုင်ရေး ကျိုက်စကောစခန်း၌ စစ်ဆေး

**ပဲခူး ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးတင်ဟုန်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်ဆန်း၊ ခရိုင်တရားသူကြီး ဦးတက်ထွန်း၊ ဒိုက်ဦးမြို့နယ်တရားသူကြီး ဦးဇော်ဇော်သန်းတို့နှင့်အတူ ယမန်နေ့က ကျိုက်စကောစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို သွားရောက်စစ်ဆေးခဲ့သည်။

ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၌ စခန်းတာဝန်ခံ ဦးမောင်ထွေးက ပြစ်ဒဏ်ကျခံနေရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် ပြစ်ဒဏ်ကျခံနေသူများ၏အဆောင်များ၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊



ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေး ခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံ မေးမြန်းကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သန့်စင်(ပဲခူး)**

# မော်လမြိုင်ကျွန်းတွင် ဆွေသဟာမေတ္တာပေါင်းကူးတံတားနှစ်စင်း တည်ဆောက်ပြီးစီး၍ ပြည်သူများ သွားလာရေးအဆင်ပြေ

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၄**

မော်လမြိုင်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့ရှိ အလှူရှင် ၁၂ ဦးတို့ စုပေါင်းဆောက်လုပ်လှူဒါန်းသော ဖြန့်ကြီးမြစ်ကျိုးကျေးရွာအုပ်စု ကွင်းတုံး-မယ်တလိုင်းကျေးရွာ ချောင်းကူးဆွေသဟာမေတ္တာပေါင်းကူး အမှတ် ၁ နှင့် အမှတ် ၂ ချောင်းကူးတံတား နှစ်စင်းအား တံတားတည်ဆောက်ရေးအဖွဲ့က ဆောက်လုပ်ခဲ့ရာ ဩဂုတ် ၂၂ ရက်တွင် အချောသပ်ဆောက်လုပ်ပြီးစီးသွားပြီ ဖြစ်သည်။

ယင်းတံတားနှစ်စင်း မတည်ဆောက်မီက ကွင်းတုံး-မယ်တလိုင်း ကျေးရွာအပါအဝင် ကျေးရွာချင်းဆက်လျက်ရှိသော ကျေးရွာ ကိုးရွာတို့မှ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပေါင်းစုံမှ ပြည်သူများသည် ကွင်းတုံး-မယ်တလိုင်း ချောင်းကူးဝါးတံတားပေါ်မှ နေ့စဉ် ခက်ခက်ခဲခဲ ဖြတ်ကူးခဲ့ကြရသည်။

အဆိုပါဆွေသဟာမေတ္တာပေါင်းကူးတံတားအမှတ် ၁ မှာ တံတားအရှည် ၃၅ ပေ၊ အမှတ် ၂ မှာ တံတားအရှည် ပေ ၁၃၀ ရှိပြီး တံတားနှစ်စင်းအလှူရှင် ရန်ကုန်မြို့နေ ဂီတစာဆို ကံ့ကော်တော ဦးမျိုးအောင်-ဒေါ်တင်မာရီ မိသားစု အပါအဝင် အလှူရှင် ၁၂ ဦးတို့က စုပေါင်းပြီး ငွေကျပ် ၁၉၂ သိန်းတန် အာရ်စီ ကွန်ကရစ်တံတားနှစ်စင်းကို မတည် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ယင်း ကွင်းတုံး-မယ်တလိုင်း ဆက်သွယ်ရေးတာလမ်း တည်ဆောက်ပြီးစီးနေခြင်းနှင့် ကွင်းတုံး-မယ်တလိုင်း ချောင်းကူးတံတားနှစ်စင်း ဆောက်လုပ်ပြီးစီးနေခြင်းတို့ကြောင့် ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီက ဒေသခံကျောင်းသား ကျောင်းသူ ၂၀၀ ကျော်နှင့် ကျေးရွာပေါင်းစုံမှ ပြည်သူများ ချောင်းကူးတံတားပေါ်မှ စိတ်ချမ်းမြေ့စွာ ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**



# ဆားလင်းကြီးမြို့ ကျားတက်ရွာရှိ စာသင်ကျောင်းတွင် ခူကောင် (ဆိတ်တုတ်ပိုးကောင်)များ ကျရောက်နေသဖြင့် အရေးပေါ်ကျောင်းပိတ်ခဲ့ရ

**ဆားလင်းကြီး ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက စတင်၍ ခူကောင် (ဆိတ်တုတ်ပိုးကောင်)များစွာ ကျရောက်နေသဖြင့် အရေးပေါ် ကျောင်းပိတ်ထားရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်က ပြောသည်။

ကျားတက်ကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျရောက်နေသော ခူကောင် (ဆိတ်တုတ်ပိုးကောင်) **(ယာပုံ)** များနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် အန္တရာယ်ကျရောက်နိုင်သောကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ခံကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ တိုက်နယ်ဆရာဝန်၊ ရပ်မိရပ်ဖများ ဆွေးနွေးတိုင်ပင်ပြီး မြို့နယ်ပညာရေးမှူးထံသို့ သတင်းပေးကာ ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကျောင်းဆင်းပေးခဲ့ပြီး ကျောင်းကို ခေတ္တနှစ်ရက်ပိတ်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီပိုးကောင်က ခုခံအားနည်းတဲ့သူတွေ ကိုက်ခံရမယ်ဆိုရင်တော့ ဆိုးဆိုးရွားရွား ဖြစ်သွားနိုင်တဲ့ အခြေအနေမျိုးထိရှိတယ်လို့ တိုက်နယ်ဆရာဝန်က သေချာရှင်းပြတယ်။ ဆရာတစ်ယောက်ကလည်း ဒီကောင်က ဆိတ်တုတ်ကောင်လို့ ခေါ်တယ်။ ဆိတ်ကို တုပ်ရင် ဆိတ်သေတဲ့အထိ ဖြစ်တယ်လို့ ပြောပြတယ်၊ ကလေးတွေ အန္တရာယ်ဖြစ်သွားနိုင်တာကြောင့် ကြိုတင်ကာကွယ်တာ ပိုအဆင်ပြေတယ်ဆိုပြီး ဒီနေ့ကစပြီး ကျောင်းကို နှစ်ရက် ပိတ်ထားပါမယ်”ဟု ကျားတက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်က ပြောသည်။

ကျောင်းသား ကျောင်းသူ စုစုပေါင်း ငါးဦးနှင့် ဆရာမ လေးဦး ခူကောင် (ဆိတ်တုတ်ပိုးကောင်) အကိုက်ခံခဲ့ရကြောင်း၊ အကိုက်ခံရသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာမများကို တိုက်နယ်ဆရာဝန်က တာဝန်ယူ၍ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းအတွင်း ကျရောက်နေသည့် ခူကောင် (ဆိတ်တုတ်ပိုးကောင်)များကို ကျားတက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တာဝန်ခံကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ တိုက်နယ်ဆရာဝန်နှင့် ဝန်ထမ်းများ၊



နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ပုညကုသလအသင်းမှ အသင်းဝင်များ၊ ဒေသခံလူငယ်များက ဆေးဖျန်း၍ နှိမ်နင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

**ကောင်းမွန်**

**၂၀၁၈ ခုနှစ် မေလတွင် အသက် ၄၀ အရွယ်သာ ရှိသေးသည့် အီမန်နျူရယ် မက်ခရွန်အနေဖြင့် ပြင်သစ်နိုင်ငံသမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ပြုပြင်ပြောင်းလဲမှု အများအပြား ဆောင်ရွက်လျက်ရှိပါသည်။ သမ္မတမက်ခရွန်၏ မြောက်မြားစွာသော ပြုပြင်ပြောင်းလဲမှုများအနက် လူထုကနှစ်သက်လက်ခံသည့် ပြောင်းလဲမှုများရှိသလို အချို့သောပြုပြင်ပြောင်းလဲမှု အစီအစဉ်များမှာ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍမှ အင်အားစုများ၏ တုံ့ပြန်မှုများနှင့် ကြုံတွေ့ရသည်များလည်း ရှိခဲ့ပါသည်။ သာဓကအားဖြင့် ရထားပို့ဆောင်ရေးကဏ္ဍ ပြောင်းလဲရေးအစီအစဉ်မှာ ရထားပို့ဆောင်ရေး လုပ်သားများ၏ ကာလကြာရှည် ကန့်ကွက်ဆန္ဒပြမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။**

၁၉၂၀ ပြည့်နှစ် အစောပိုင်းကာလများက ပြင်သစ်နိုင်ငံ ရထားပို့ဆောင်ရေးလုပ်ငန်း၌ အလုပ်လုပ်ကိုင်လိုသူနည်းပါးခဲ့ပါသည်။ သို့ဖြစ်၍ ၁၉၃၇ ခုနှစ်တွင် နိုင်ငံပိုင်လုပ်ငန်းအဖြစ် ပြောင်းလဲတာဝန်ယူပြီးနောက် ရထားပို့ဆောင်ရေး (SNCF)ကုမ္ပဏီ၌ အလုပ်လုပ်ကိုင်လိုသူ များပြားလာစေရန် အထူးအခွင့်အရေးများကို ခံစားခွင့်ပြုထားခဲ့သည်။ ဥပမာအားဖြင့် ရထားမောင်းသူများကို သာမန်ပင်စင် ယူခွင့်ပြုသည့် အသက်ထက် ၁၀ နှစ်စော၍ အသက် ၅၂ နှစ်တွင် ပင်စင်ခံစားခွင့်ပြုထားသလို မိသားစုများကို အထူးနှုန်းဖြင့် ခရီးသွားခွင့်ပြုထားသည်။ နှစ်စဉ် ဆေးခွင့်များကို အလွယ်တကူ ခံစားခွင့်ပြုလွန်းသဖြင့် ပြင်သစ်နိုင်ငံ၏ ရထားပို့ဆောင်ရေး လုပ်သားများအနေဖြင့် မနာမကျန်းဖြစ်လွန်းလှသည်ဟု ရယ်သွမ်းသွေးခံသည်အထိ ဖြစ်ခဲ့ပါသည်။

သမ္မတမက်ခရွန်၏အစိုးရက ပြင်သစ်နိုင်ငံ၌ ရထားပြေးဆွဲမှု ကုန်ကျစရိတ်များသည် အခြားသော ဥရောပနိုင်ငံများထက် ၃၀ ရာခိုင်နှုန်း ပိုမိုဈေးကြီးကြောင်း ထောက်ပြခဲ့ပြီး ယူရို ၄၇ ဘီလျံခန့် ကြွေးမြီတင်ပြီး အရှုံးပြနေသည့် နိုင်ငံပိုင် SNCF ကုမ္ပဏီအနေဖြင့် အသုံးစရိတ်များကို လျှော့ချရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ဥရောပရထားပို့ဆောင်ရေးဈေးကွက်နှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်ပြောင်းလဲမှုများကို မလွဲမသွေ လုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ ရထားဝန်ထမ်းများကလည်း ရာသက်ပန်ဝန်ထမ်းခန့်ထားမှုအစီအစဉ်၊ ဝန်ထမ်းအသစ်များအတွက် ပင်စင်အာမခံချက်များအပေါ် အစိုးရမှ ပြန်လည်စိစစ်ခဲ့ခြင်းနှင့် နိုင်ငံပိုင် SNCF လုပ်ငန်းကို ရှယ်ယာစပ်တူ ကုမ္ပဏီတစ်ခုအဖြစ် ပြောင်းလဲမည့် အစီအစဉ်များအပေါ် ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။

### အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ကြရ

အလုပ်သမားသမဂ္ဂများ၏ ဖိအားပေးမှုများကြောင့် ယခင် အစိုးရအဆက်ဆက်လက်ထက်၌ ရထားပို့ဆောင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ရုပ်သိမ်းခဲ့ရသည့် အစဉ်အလာရှိခဲ့သဖြင့် သမ္မတမက်ခရွန် လက်ထက်၌ ထွက်ပေါ်လာမည့်ရလဒ်ကို စိတ်ဝင်တစား စောင့်ကြည့်မှုများ ရှိခဲ့ကြပါသည်။

အလုပ်သမားသမဂ္ဂများ၏ ကန့်ကွက်မှုများ ရှိလင့်ကစား ပြင်သစ်အောက်လွှတ်တော်က ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပသည့်အစည်းအဝေး၌ ရထားပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဥပဒေမူကြမ်းကို မဲခွဲဆုံးဖြတ်ပြီး ကနဦးအတည်ပြုခဲ့ပါသည်။ သို့ဖြစ်၍ ပြင်သစ်နိုင်ငံ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အကြီးမားဆုံး အလုပ်သမားသမဂ္ဂဖြစ်သည့် General Confederation of Labour (CGT) က ဥပဒေကို ရှုတ်ချခဲ့သလို SNCF လုပ်သားများကလည်း ဧပြီလ ၁၈ ရက်နေ့မှစတင်၍ ဇွန်လကုန်အထိ ငါးရက်လျှင် နှစ်ရက်ကြာ သပိတ်မှောက်ဆန္ဒပြသည့်နည်းဖြင့် တုံ့ပြန်ခဲ့ကြပါသည်။ နိုင်ငံတကာသို့ ပြေးဆွဲနေသည့် ရထားပို့ဆောင်ရေးလုပ်ငန်းပိုင်းတွင်လည်း ရထားစီးရေလျှော့၍ ပြေးဆွဲခဲ့ပါသည်။ ဆန္ဒပြမှုများမှာ သုံးလအထိကြာမြင့်ခဲ့ရာ နှစ်ပေါင်း ၃၀ အတွင်း သက်တမ်းအကြာဆုံး ဆန္ဒပြမှုအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။ ဆန္ဒပြမှုများကြောင့် နေ့စဉ်ခရီးသွားပြည်သူ ၄ ဒသမ ၅ သန်းခန့်မှာ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။

သမဂ္ဂခေါင်းဆောင်များက ၎င်းတို့ ကြိုတင်စီစဉ်ခဲ့သည့်အတိုင်း ၂၀၁၈ ခုနှစ် ဇွန်လကုန်အထိ ဆန္ဒပြမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သလို သဘောထားတင်းမာသည့် (CGT) အလုပ်သမားသမဂ္ဂကလည်း ဆန္ဒပြမှုများကို ဇူလိုင်လအထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့ပါသည်။ ပြင်သစ်လူမျိုးအများစုက အစိုးရ၏ ပြုပြင်ပြောင်းလဲမှုအစီအစဉ်အပေါ် ထောက်ခံခဲ့ကြပြီး သမဂ္ဂအဖွဲ့များ၏ တောင်းဆိုချက်များမှာ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း၊ အစိုးရအနေဖြင့် အလျှော့မပေးသင့်ကြောင်း ပြောကြားခဲ့ကြပါသည်။

ကန့်ကွက်ဆန္ဒပြမှုအစီအစဉ်၏ အစပိုင်းတွင် လုပ်သားထု၏ ၃၄ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့ကြသော်လည်း ဇွန်လ ပထမပတ်တွင် ဆန္ဒပြလုပ်သားအင်အားသည် ၁၂ ဒသမ ၇၈ ရာခိုင်နှုန်းသာရှိတော့ကြောင်း စစ်တမ်းများအရ သိရှိရပါသည်။

ကန့်ကွက်ဆန္ဒပြမှုများအပေါ် ပြည်သူတို့၏ စိတ်ဝင်စားမှုလျော့နည်းလာသလို ထောက်ခံမှုလည်း မှန်းသလောက် မရရှိခဲ့သဖြင့် ဇူလိုင်လတွင် ဆန္ဒပြရန်စီစဉ်ထားမှုများကို ရုပ်သိမ်းခဲ့ကြပါသည်။

ရထားပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဥပဒေမူကြမ်းကို ၁၃-၆-၂၀၁၈ ရက်နေ့တွင် ထပ်မံမဲခွဲဆုံးဖြတ်ခဲ့ရာတွင် သမ္မတမက်ခရွန်၏ Republic On The Move (LREM) ပါတီမှ လွှတ်တော်အမတ်အင်အား အများစုရထားသည့် ပြင်သစ်အောက်လွှတ်တော်၌ ထောက်ခံမဲ ၄၅၂ မဲ၊ ကန့်ကွက်မဲ ၈၀ နှင့် ကြားနေမဲ ၂၇ မဲတို့ဖြင့် အတည်ပြုခဲ့ပါသည်။ ဆက်လက်၍ နောက်တစ်ရက်တွင် ပြင်သစ်အထက်လွှတ်တော်မှလည်း အတည်ပြုခဲ့ရာ သမ္မတမက်ခရွန်အစိုးရနှင့် အလုပ်သမားသမဂ္ဂတို့အကြား ဧပြီလမှစတင်ခဲ့သည့် အားပြိုင်မှုတွင် အစိုးရဘက်က အားသာခဲ့ကြောင်း တွေ့ရှိရပါသည်။

> **“သမ္မတမက်ခရွန်၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များက တစ်မျိုးနှင့်တစ်မျိုး မရိုးစေရ။ ယခုလည်း ပြုပြင်ပြောင်းလဲရေးအစီအစဉ်တစ်ခု ထွက်ပေါ်လာရာ ယင်းမှာ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ တစ်နည်းအားဖြင့် flexicurity ဆိုသည့် ပြုလွယ်ပြင်လွယ်သည့်လုံခြုံရေး (သို့တည်းမဟုတ်) လူမှုဖူလုံရေးပုံစံသစ် အကောင်အထည်ဖော်ရေးပင် ဖြစ်”**

ကာလကြာရှည် ဆန္ဒပြမှုများကြောင့် သယ်ယူပို့ဆောင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတို့အပေါ် ထိခိုက်မှုများရှိခဲ့ပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း စီးပွားရေးဝန်ကြီး ဘရူနိုလီမာရီက ပြောကြားခဲ့ပါသည်။ ဆန္ဒပြမှုများကြောင့် မူလကတည်းက အရှုံးပေါ်လျက်ရှိသည့် SNCF အနေဖြင့် ခန့်မှန်းဆုံးရှုံးမှု ယူရိုသန်း ၄၀၀ ခန့်ရှိခဲ့ကြောင်း သိရှိရပါသည်။

### အောင်မြင်မှုတစ်ရပ်

ပြင်သစ်အစိုးရအနေဖြင့် SNCF ၏ ကြွေးမြီ ယူရို(၄၇) ဘီလီယံအနက် ယူရို ၃၅ ဘီလီယံကို တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ပြီး အသစ်ဖန်တီးဖော်ထုတ်ထားသည့် SNCF ရှယ်ယာများကို ရောင်းချသွားမည်မဟုတ်ကြောင်း ကတိပြုခဲ့ပါသည်။ အပြန်အလှန်အားဖြင့် အလုပ်သမားသမဂ္ဂများက အသစ်ရေးဆွဲမည့် သဘောတူညီချက်နှင့်ပတ်သက်၍ ဆွေးနွေးပွဲများကို စတင်ရန် သဘောတူညီခဲ့ပါသည်။ သမဂ္ဂခေါင်းဆောင်များအနေဖြင့် မကြာမီတာဝန်ယူတော့မည့် ရထားပို့ဆောင်ရေးလုပ်ငန်း အော်ပရေတာအသစ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ၎င်းတို့၏ လက်ရှိဝန်ထမ်းများအတွက် လုပ်ငန်းအာမခံချက်များ အပါအဝင် အထူးအခွင့်အရေးအချို့ကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သမ္မတမက်ခရွန်အနေဖြင့် နိုင်ငံ၌ အမြစ်တွယ်နေသော SNCF ၏ အထူးအခွင့်အရေးခံစားမှုများကို ပြုပြင်ပြောင်းလဲရန် ၎င်း၏အစီအစဉ်များကို နောက်တွန့်ခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ရာတွင် လနှင့်ချီသော ဆန္ဒပြမှုများအကြား SNCF ပြုပြင်ပြောင်းလဲရေးအတွက် သမ္မတမက်ခရွန်နှင့် ဝန်ကြီးချုပ် အက်ဒွပ်ဖိလစ်တို့၏ ကြိုးပမ်းချက်များမှာ အောင်မြင်မှုတစ်ရပ်အဖြစ် တွေ့ရှိရပါသည်။

သမ္မတမက်ခရွန်၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များက တစ်မျိုးနှင့်တစ်မျိုး မရိုးစေရ။ ယခုလည်း ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ခု ထွက်ပေါ်လာရာ ယင်းမှာ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ တစ်နည်းအားဖြင့် flexicurity ဆိုသည့် ပြုလွယ်ပြင်လွယ်သည့်လုံခြုံရေး (သို့တည်းမဟုတ်) လူမှုဖူလုံရေးပုံစံသစ် အကောင်အထည်ဖော်ရေးပင် ဖြစ်သည်။

သမ္မတမက်ခရွန်အနေဖြင့် မဲဆွယ်ပွဲများ၌ ပြင်သစ်နိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဆန်းသစ်ရန် အဓိကမူဝါဒများအနက် ဥရောပမြောက်ပိုင်း နော့ဒစ်နိုင်ငံများပုံစံ (သို့တည်းမဟုတ်) “ပြုလွယ် ပြင်လွယ်သည့် လုံခြုံရေး” ပုံစံကို ကျင့်သုံးရေးလည်း ပါဝင်ပါသည်။ ပြုလွယ်ပြင်လွယ်သည့် လူမှုဖူလုံရေးပုံစံမှာ အလုပ်အကိုင်နှင့် ဈေးကွက်အကြား ပျော့ပျောင်းညင်သာမှု၊ လူမှုဖူလုံရေးဆိုင်ရာ လုံခြုံမှု၊ တက်ကြွသည့် အလုပ်အကိုင်ဈေးကွက်တို့ ပေါင်းစည်းထားသည့် အခြေအနေဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယင်းပုံစံမှာ ၁၉၉၀ ပြည့်နှစ်များက ဒိန်းမတ်နိုင်ငံမှ စတင်အခြေခံခဲ့ပြီး ကမ္ဘာတစ်ဝန်း ဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်၏ စိန်ခေါ်မှုများကို အောင်မြင်စွာ စီမံခန့်ခွဲ၍ ပုံမှန်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ခန့်ထားမှုတို့ကိုဖြစ်ပေါ်စေသည့် စနစ်အဖြစ် သိမြင်ကြပါသည်။ ဒိန်းမတ်နိုင်ငံအနေဖြင့် ပျော့ပျောင်းညင်သာမှုနှင့် လူမှုဖူလုံရေးဆိုင်ရာ လုံခြုံမှုတို့အပြင် တက်ကြွသည့် အလုပ်အကိုင်ဈေးကွက် မူဝါဒကိုပါ ပေါင်းစည်းထည့်သွင်းထားပါသည်။

### လုပ်ငန်းလည်ပတ်မှုအခြေအနေ

ပျော့ပျောင်းညင်သာမှု စည်းမျဉ်းမှာ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးအပေါ် အခြေခံပြီး လုပ်ငန်းလည်ပတ်မှုအခြေအနေ မကောင်းချိန်တွင် အလုပ်သမားကို ရပ်နားခွင့်ပြုထားပြီး လုပ်ငန်းလည်ပတ်မှုအခြေအနေ ပြန်လည်ကောင်းမွန်လာချိန်တွင် အလုပ်သမားသစ်များ ငှားရမ်းအသုံးပြုနိုင်ခွင့်ရှိသည်။ အလုပ်သမားများဘက်တွင်လည်း အလုပ်လက်မဲ့အကျိုးခံစားခွင့်စနစ်အောက်မှ မြင့်မားသည့် လုံခြုံမှုအစီအစဉ်များနှင့် တက်ကြွသည့် အလုပ်လုပ်ကိုင်ခွင့်စနစ်တို့ကို ခွင့်ပြုထားပါသည်။ သို့ဖြစ်၍ ဒိန်းမတ်နိုင်ငံ၌ ပုဂ္ဂလိက ကဏ္ဍမှ လုပ်သားအင်အား ၂၅ ရာခိုင်နှုန်းမှာ နှစ်စဉ် အလုပ်အကိုင် ပြောင်းလဲလျက်ရှိကြောင်း၊ ဒိန်းမတ်လူမျိုးများအနေဖြင့် ကမ္ဘာတစ်ဝန်း ဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်အပေါ် အပြုသဘောရှုမြင်ကြပြီး အလုပ်အကိုင် ဆုံးရှုံးရမည့်အရေးအပေါ် များစွာပူပန်ကြခြင်း မရှိကြောင်းလည်း စစ်တမ်းများက ဖော်ပြကြသည်။ ပြုလွယ် ပြင်လွယ်သည့် လူမှုဖူလုံရေးပုံစံ၏ ဘုံမူဝါဒများမှာ ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို ဦးဆောင်ဦးရွက်ပြုသွားမည့် မူဝါဒများအဖြစ် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်း ဥရောပကောင်စီက ချမှတ်ထားကြောင်းလည်း သိရှိရပါသည်။

ပြုပြင်ပြောင်းလဲရေးနှင့်အတူ တွန်းအားပေးမှုအဖြစ် လုပ်ငန်းပြောင်းလဲလုပ်ကိုင်မည့် အလုပ်သမားများကို အခြေအနေသစ်အတွက် လေ့ကျင့်သင်တန်းပေးခြင်းများလည်း ပါဝင်သလို အလုပ်ခန့်ထားရေးနှင့် လုပ်ငန်းလည်ပတ်မှုအခြေအနေ မကောင်းချိန်တွင် အလုပ်မှ ရပ်နားရေးကိစ္စရပ်များတွင် ကုမ္ပဏီများအနေဖြင့် ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သမ္မတ အီမန်နျူရယ်မက်ခရွန်၏ အစိုးရအဖွဲ့အတွင်း ပြုလွယ်ပြင်လွယ်သည့် လူမှုဖူလုံရေးပုံစံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို တာဝန်ခံဆောင်ရွက်မည့်သူက အလုပ်သမား ဝန်ကြီး မဒမ်မြူရယ် ပင်နီကို ဖြစ်သည်။ ပြင်သစ်အစိုးရအဖွဲ့အတွင်း အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် လူသိများပြီး ပြင်သစ်နိုင်ငံ၏ အကြီးဆုံးစီးပွားရေးလုပ်ငန်းနှစ်ရပ်၌ အလုပ်အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ဖူးသူတစ်ဦး ဖြစ်သည်။ မဒမ်ပင်နီကို အနေဖြင့် ပြင်သစ်နိုင်ငံ၏ ကျယ်ပြန့်ရှုပ်ထွေးခဲ့သည့် အလုပ်သမားဥပဒေကို ဦးဆောင်ကိုင်တွယ်လျက်ရှိရာ ကမ္ဘာတစ်ဝန်း ပြောင်းလဲမှုများနှင့်အညီ အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စရပ် အများအပြားရှိလာကြောင်း၊ ပြင်သစ်နိုင်ငံသားများအနေဖြင့် တစ်ဦးနှင့်တစ်ဦး အချင်းများနေမည်ဆိုပါက အောင်မြင်မှုရမည်မဟုတ်ကြောင်း အင်တာဗျူးတစ်ခု၌ ဖြေကြားခဲ့ပါသည်။

မဒမ်ပင်နီကိုအနေဖြင့် အပြောင်းအလဲများအတွက် အဓိကနေရာမှ ပါဝင်လျက်ရှိပြီး ယခုအခါ ပြင်သစ်ပုံစံ ပြုလွယ်ပြင်လွယ်သည့် လူမှုဖူလုံရေး၏ နောက်တစ်ဆင့်အတွက် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ထိရောက်မှုမရှိသည့် စွမ်းရည်လေ့ကျင့်ရေးအစီအစဉ်များ၊ အလုပ်လက်မဲ့အစီအစဉ်များကို ပြန်လည် ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း သိရှိရပါသည်။ ၎င်းက သမ္မတမက်ခရွန်၏ “သေမြေကြီး ရှင်ရွှေထီး” မူနှင့်အညီ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုအခါ အစိုးရအနေဖြင့် လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ အလုပ်အကိုင်သစ် သောင်းနှင့်ချီ၍ ဖန်တီးဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာလျက်ရှိကြောင်း၊ ပြောင်းလဲမှုနှင့်အတူ ကြောက်ရွံ့မှုလည်း တွဲလျက် ပါလာတတ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိအခြေအနေအတိုင်း ရပ်တန့်မနေသင့်ကြောင်း အင်တာဗျူးတစ်ခု၌ ပြောကြားခဲ့ပါသည်။

### ဆက်လက်လုပ်ဆောင်ရန်များ ကျန်ရှိ

ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း အနည်းငယ်ပြန်လည်ဦးမော့လာသော်လည်း ၉ ရာခိုင်နှုန်း အထက်တွင် တန့်နေဆဲဖြစ်ရာ ဂျာမနီနိုင်ငံနှင့်ယှဉ်လျှင် နှစ်ဆပိုများကြောင်း တွေ့ရှိရပါသည်။ လူငယ် ငါးပုံတစ်ပုံခန့်မှာ အလုပ်လက်မဲ့ဖြစ်နေပြီး အလုပ် လက်မဲ့ ၄၀ ရာခိုင်နှုန်းမှာ နှစ်နှစ်ကျော်သည်အထိ အလုပ်အကိုင်မရှိသူများ ဖြစ်ကြပါသည်။ တစ်ချိန်တည်းတွင် လုပ်ငန်းရှင်များအနေဖြင့် ကွန်ပျူတာကျွမ်းကျင်သူများ၊ ရေပိုက်ပြင် ကျွမ်းကျင်သူများနှင့် အခြားအတွေ့အကြုံရှိသည့် အလုပ်သမားများကို ရှာဖွေလျက်ရှိရာ ယင်းကဲ့သို့ အလုပ်အကိုင်နေရာပေါင်း ၃၃၀၀၀၀ ခန့်မှာ လစ်လပ်လျက်ရှိကြောင်း၊ နိုင်ငံတကာအကြံပေးအဖွဲ့တစ်ခုဖြစ်သည့် မက်ကင်ဇီအင်ကုမ္ပဏီ၏ ခန့်မှန်းချက်အရ ပြင်သစ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် ကျွမ်းကျင်လုပ်သားပေါင်း ၂ ဒသမ ၂ သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြင်သစ်နိုင်ငံကဲ့သို့ ခေတ်မီဖွံ့ဖြိုးပြီး ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံ၌ပင် မပြောင်းလဲ၍ မဖြစ်တော့ဟု ပြောကြားနေချိန်တွင် ကျွန်တော်တို့ နိုင်ငံအနေနဲ့ရော ပြုပြင်ပြောင်းလဲရေးအတွက် မည်သို့ လုပ်ဆောင်ကြမည်နည်း။

တိုးတက်ဖို့တစ်ခုတည်း မျှော်လင့်နေ၍ မဖြစ်ချေ။ လုပ်နိုင်ကိုင်နိုင်ရှိမည့်၊ လုပ်ခွင့်သာမည့် အခြေအနေကောင်းများ (conducive environment) ဦးစွာဖန်တီးဖော်ထုတ်ပေးရန် လိုအပ်မည်။ ပြုပြင်ပြောင်းလဲရေးအတွက် ဒီမိုကရေစီနည်းလမ်းတကျ တင်မြှောက်ခံရသည့် အစိုးရလက်ထက် မကြာသေးမီနှစ်များအတွင်း ခေတ်နောက်ကျနေသည့်၊ လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုမရှိသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို တတ်နိုင်သမျှ ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးပြဋ္ဌာန်းမှုများလည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရသည်။ သို့စေကာမူ ပြည်သူတို့၏ လူမှုစီးပွားရေးအခြေအနေ အရပ်ရပ် တိုးတက်မြင့်မားစေရန် ဆက်လက်လုပ်ဆောင်ရန်များ ကျန်ရှိနေသေးသည်။

မိမိတို့နိုင်ငံ၌ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ အခိုင်အမာရှိနေသော်လည်း လက်တွေ့ပိုင်းကျင့်ကြံအားထုတ်မှု၊ လိုက်နာအကောင်အထည်ဖော်မှု အပိုင်းတို့တွင် ပိုမိုတိုးတက်ခိုင်မာအောင် လုပ်ဆောင်ရန် လိုနေသေးသည်။ ဥပဒေကို နားလည်ဖို့၊ စည်းမျဉ်းစည်းကမ်းတွေကို နားလည်သဘောပေါက်ဖို့၊ သဘောပေါက်နားလည်ပြီး လက်တွေ့ကျင့်သုံးဖို့ တော်တော်လုပ်ယူရဦးမည်။ ယင်းအတွက် အခြေအနေကောင်းများ ဖော်ထုတ်ပေးရန် လိုနေသေးသည်။ ထို့ပြင် နည်းပညာအသစ်အဆန်းတွေကိုလည်း အစဉ်လေ့လာနေဖို့လိုမည်။ လေ့လာတတ်ကျွမ်းနိုင်ရန် ပညာသင်တွေအများအပြား စေလွှတ်ပေးရန်လိုသည်။ လေ့ကျင့်ပေးရာမှာလည်း လက်ရှိအချိန်သာမက နောင် ၁၀ နှစ်၊ ၁၅ နှစ်မှာ ဖြစ်လာနိုင်သည့် အခြေအနေများကို ကြိုတင် မှန်းဆနိုင်ရန်၊ ယင်းအတွက် အသင့်ပြင်ထားနိုင်ရန် လေ့ကျင့်ပေးရမည်။ လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရမည်။

ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းဆောင်ရွက်ရာတွင် အစိုးရ၏ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ချက်များ၌ ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းနိုင်မှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုစသည့်အပိုင်းများကို အလေးပေးပြောဆိုမှုများနှင့်အတူ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေးအတွက် လေ့ကျင့်သင်ကြားပေးရေး၊ ဝန်ထမ်းမိသားစုများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေး၊ လုပ်ငန်းခွင်တိုးတက်မှုရှိစေရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုမည်ဖြစ်ပါသည်။

ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး ဆိုသည့်အတိုင်း မပြုမပြင်၊ မပြောင်းမလဲဘဲ နေလို့ကတော့ နောင်အနှစ် ၂၀ လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဆိုတာ လေထဲဆောက်သည့် တိုက်အိမ်ကြီးအဖြစ်သာ ရှိနေမည်ဟု မှတ်ယူမိသည်။ ။





## ဖခင်အမည်မှန်

မင်းလှမြို့ အထက(မင်းလှ) တက္ကသိုလ်ဝင်တန်း(E)မှ မယမင်းချို့နှင့် အလက (တူးမြောင်း) ပဥ္စမတန်းမှ မနေခြည်ဝင်းတို့၏ဖခင်အမည်မှန်မှာ ဦးတင်ဦး ၇/မလန(နိုင်)၀၈၆၇၁၅ ဖြစ်ပါကြောင်း။

**ဦးတင်ဦး**

## ပြောင်းလဲခေါ်ပါရန်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ် စစ်ချောင်းကျေးရွာအုပ်စု လမုတန်းကျေးရွာနေ ဦးဝင်းကြည် ၁၄/ဝခမ(နိုင်)၀၅၃၆၇၆၏သမီး မအေးအေးမာအား မမြတ်မွန်မွန်ချစ် ၁၄/ဝခမ(နိုင်)၂၃၀၄၅၉ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်မွန်မွန်ချစ်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/2897၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/5155၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၂၀၂၈၈ Honda Dream C100 P, MIG ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ထွေးရီ ၁၄/ပသန(နိုင်)၀၁၄၃၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/ပေါင်းလောင်း-၃)၊ မြေကွက်အမှတ် ၅၈၁၊ ၅၈၂၊ ဧရိယာ ဝဒသမ၁၁၀ဧကရှိ ဒေါ်ဟေမာအမည်ပေါက်မြေကွက်အား ဒေါ်နန်းရွှေပိန်း (ဘ)ဦးဆွဲငင်း ၁၃/မဆတ(နိုင်)၀၀၂၀၆၃ မှမြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင် ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်းနေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### အမရပူရမြို့နယ်တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၃

ဒေါ်နီနီဝင်း နှင့် ၁။ ဦးထွန်းမြင့်
၂။ ဒေါ်သင်းသင်းနွယ်
၃။ ဦးဇော်မျိုးအောင်

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ လေးစုရပ်၊ လေးစုတိုက်နယ်နေ ဦးထွန်းမြင့်နှင့် ဒေါ်သင်းသင်းနွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်နီနီဝင်းက သင့်အပေါ်၌ "ချေးငွေကျပ် ၅၀၀၀၀၀၀ိ/-(ကျပ်သိန်းငါးဆယ်တိတိ)နှင့် နစ်နာကြေးငွေကျပ် ၃၀၀၀၀၀၀ိ/-(ကျပ်သိန်းသုံးဆယ်) စုစုပေါင်းငွေကျပ် ၈၀၀၀၀၀၀ိ/-(ကျပ်သိန်းရှစ်ဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၇ ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူက တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်အတူ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ဝေဖြိုးနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**အမရပူရမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၂၃၂)၊ ဧရိယာ ဝဒသမ၁၄၆ဧကရှိ ဒေါ်ဆောင်မေအေး(ဘ)ဦးဘိုလေး ၇/ရကန(နိုင်)၀၀၀၀၉၉ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခမ်းငွေ(ဘ)ဦးအိုက်ဆိုင် ၁၃/တကန(နိုင်)၀၄၆၁၅၄မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် ဒ-၃၁၁၄၃၊ ဧရိယာဝဒသမ၁၄၆ဧကရှိ ဒေါ်စိုးယဉ်မြင့် ၉/မနမ(နိုင်)၀၈၉၁၃၅ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခမ်းငွေ(ဘ)ဦးအိုက်ဆိုင် ၁၃/တကန(နိုင်)၀၄၆၁၅၄မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် ဒ-၄၈၁၆၊ ဧရိယာ ဝဒသမ၀၈၂ ဧကရှိ ဦးကိုလေး(ဘ)ဦးတင်လေး ၉/လဝန(နိုင်)၀၅၇၉၄၃ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်အေးအေးစိုး(ဘ)ဦးစိုးပိုင် ၁၂/တမန(နိုင်)၀၀၀၅၈၀မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်ရှိ မြေကွက်အမှတ် (ဥ-၆၀၅၆)၊ ဒေါ်မေငြိမ်းချမ်း ၁၂/လကန(နိုင်)၀၂၇၃၄၇ (ဘ)ဦးစိုးမြင့် အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်စန်းငွေ ၁၄/ဝခမ(နိုင်)၀၉၃၀၉၇၊ (ဘ) ဦးစိန်ဝင်းမှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေကွက်ယာယီချထားပေးသည့် စလစ်မိတ္တူ၊ အဆောက်အအုံ ဆောက်လုပ်ခွင့်မိတ္တူ၊ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

အောင်လံမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(A)မှ မစုစန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၈/ဆပဝ(နိုင်)၀၅၇၆၅၇ ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

## မိခင်အမည်မှန်

ထခွဲ လ(၂)ရွှေပြည်သာ တက္ကသိုလ်ဝင်တန်း(C)မှ မောင်မျိုးမင်းသန့် ၁၂/ရပသ(နိုင်)၀၆၂၃၁၀၏ မိခင်အမည်မှန်မှာ ဒေါ်မြမြနွယ်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့ ရွာထောင် အထက တက္ကသိုလ်ဝင်တန်း(C)မှ မစံပယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းမြင့် ၈/အလန(နိုင်)၁၂၀၂၉၅ ဖြစ်ပါကြောင်း။

**ဦးဆန်းမြင့်**

## အမည်မှန်

ဦးခင်စိုး ၇/ညလပ(နိုင်)၀၆၂၅၃၁၏ သမီး လှိုင်သာယာမြို့နယ် အထက(၈) တက္ကသိုလ်ဝင်တန်း(A)မှ မပိုးအိမ်ဖြူ မေမျိုးခင်၏ အမည်မှန်မှာ မပိုးအိမ်ဖြူ ဖြစ်ပါကြောင်း။

**မပိုးအိမ်ဖြူ**

## ဖခင်အမည်မှန်

အောင်လံမြို့ ပြလို့ အထက တက္ကသိုလ်ဝင်တန်း(C)မှ မရီရီဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး ၈/အလန(နိုင်)၁၀၄၁၃၄ ဖြစ်ပါကြောင်း။

**ဦးသန်းဦး**

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၇)၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မအိစန္ဒာထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၇/ပမန(နိုင်)၁၁၅၈၅၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(H)မှ မခင်ရတနာ၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော် ၈/အလန(နိုင်)၁၀၉၈၉၇ ဖြစ်ပါကြောင်း။

**ဦးခင်ဇော်**

## မွေးသက္ကရာဇ်အမှန်

ဦးမျိုးအောင်၏သမီး အထက(၆) အင်းစိန် တက္ကသိုလ်ဝင်တန်း(A)မှ မသဇင်ထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၀-၂၀၀၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6571 ယာဉ်လက်ဝယ်ရှိသူ U ZAYAR PHYO 9/KAPATA (N)184539 က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၁၄၅)၊ ဧရိယာ ဝဒသမ၁၄၆ဧကရှိ ဒေါ်ခင်သန္တာ ၁၂/ဥကမ(နိုင်)၀၃၃၆၂၅ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခမ်းငွေ(ဘ)ဦးအိုက်ဆိုင် ၁၃/တကန(နိုင်)၀၄၆၁၅၄မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ပြုံး
**အသက်(၈၄)နှစ်**

ဦးမျိုးတင့်ထွန်း (ဒုတိယအမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်နိုင်နိုင်လင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်ပြုံး အသက်(၈၄)နှစ်သည် ၁၈-၈-၂၀၁၈ရက်(စနေနေ့) ည ၉း၁၇နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ငွေ (အမြဲတမ်းအတွင်းဝန်၊ သမဝါယမကဏ္ဍ)နှင့် ဖနီး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ ရေကန် ပိဋကတ်သုံးပုံ ဒါယိကာမကြီး**
## ဒေါ်ခင်အေးမြင့်
**အသက်(၈၄)နှစ်**

Myanmar Maritime University, Department of Shipping Management တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ဆွေဆွေဇင်၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်ခင်အေးမြင့်သည် ၁၉-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆရာမနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Post Graduate Diploma in Shipping Management (12th Batch)**
**မှ ချစ်တပည့် ကျောင်းသူကျောင်းသားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီ (ရေတာရှည်)
**အသက်(၈၃)နှစ်**

တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်းအသင်းဝင် ဒေါ်ညိုညိုဝင်း၏မိခင် ဒေါ်ရီရီ အသက်(၈၃)နှစ်သည် ၂၂-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း**
**သဘာဝခေါ်သံဖောင်ဒေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းဦး
**ပါမောက္ခ(ငြိမ်း)၊ ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်**
**အသက်(၈၀)**

ဒို့များရဲ့ သင်ဆရာ၊ မြင်ဆရာ ဦးသန်းဦး (ပါမောက္ခ၊ ငြိမ်း)သည် ၁၉-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စီးပွားရေးတက္ကသိုလ်(၁၉၆၇-၇၁)**
**ကျောင်းသား/ကျောင်းသူများ**

## ဦးတင်မောင်ဦး (ရေးမြို့)
**(Chief Engineer C.S.L Shipping Ltd)**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ဦးလော်ခြံလမ်း၊ အမှတ် ၁၃နေ ဦးမောင်မောင်-(ဒေါ်တင်ကြည်)တို့၏သား၊ ကိုစိုးသိန်း-မဥမ္မာ၊ကိုစိုးမိုး[Master Mariner (F.G),C.S.L Shipping Ltd)-ဒေါက်တာဖြူဖြူဝင်း(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ထားဝယ်တက္ကသိုလ်)၊ ကိုအောင်ဇော်မင်း (MD MNSC Company Ltd)-မသက်မာဝင်း(UNOPS)တို့၏အစ်ကို၊ မစိုးသက်မြတ်နိုးဦး၊ မယွန်းရတီဦး၊ မအင်ကြင်းလပြည့်ဦးတို့၏ချစ်လှစွာသောဖခင်သည် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) ဘန်ကောက်စံတော်ချိန် (၁၇း၁၇)နာရီတွင် Bangkok Bumrungrad International ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းအေး(ခ)ကိုညီ(သံတွဲ/တောင်ကုတ်) (ရှိုင်းထမင်းဆိုင်)
**အသက်(၅၂)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ဘုရင့်နောင်လမ်း၊ (၁)ရပ်ကွက်နေ (ဦးလှအေး-ဒေါ်သိန်းကြည်)တို့၏သား၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်နေ ဦးထွန်းတင် (သ/မ၊ ငြိမ်း)-(ဆရာမ ဒေါ်သန်းကြည်)တို့၏သားသမက်၊ ဦးမြင့်သိန်း-ဒေါ်ကြည်အေးတို့၏မောင်၊ ဦးဝင်းကြည်၊ ဦးဝင်းငွေ-ဒေါ်သီတာထွန်းတို့၏အစ်ကို/ညီ၊ မခိုင်ဇင်သိမ့်၊ မဝါဝါသိမ့်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်မြအေးသွယ်(ရှိုင်းစတိုး)၏ချစ်လှစွာသောခင်ပွန်း ဦးဝင်းအေးသည် ၂၄-၈-၂၀၁၈ရက် နံနက် ၉နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်၊ ကြိတ်တန်းလမ်း၊ အမှတ် ၃၉၊ ပထပ်/ဝဲနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသန်းငွေဇော်
**ဒါရိုက်တာ-မြကန်အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်**
**အသက် (၅၁)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၅၆၉)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မိုးမိုးသူ၏ချစ်လှစွာသောခင်ပွန်း ဦးသန်းငွေဇော် (ဒါရိုက်တာ-မြကန်အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်)သည် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြကန်အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်မိသားစု**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်မမ
**(ခင်မမနှင့် သားများ ကုန်ပဒေသာတိုက်)**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့နေ[ဦးဘရှင် (KSM-ATM) မြို့တော်ဝန်-ဒေါ်ခင်လေးငယ်(သီရိစန္ဒာဒေဝီ)]၏မြေး၊ လွှတ်တော်ဝတ်လုံတော်ရ ဦးလှဖေ-ဒေါ်ခင်မိမိတို့၏ တစ်ဦးတည်းသောသမီး၊ [ဦးသာဝင်း(ခ)သခင်သာဝင်း] (ပုလောအသင်းဥက္ကဋ္ဌ၊ ပြည်သူ့ဘဏ်ဒါရိုက်တာ၊ ဗျူဟာမှူးစစ်ဝန်ကြီးရုံး၊ ဗမာ့ကာကွယ်ရေးတပ်မတော်)၏ချစ်လှစွာသောဇနီး၊ (ဦးကြည်မင်းဝင်း)၊ ဦးနေမင်းဝင်း၊ ဦးလမင်းဝင်း၊ ဦးစန္ဒာထူးမင်းဝင်း၊ [ဦးနေဦး(ခ)မိုးမင်းဝင်း]၊ [ဦးမဏ္ဍာဖူးမင်းဝင်း(ခ)ထွေး]၊ ဦးသီဟဦးမင်းဝင်း(ခ)တိုးတိုး (Best Make Up Artist asia award)၊ Capt. ဦးသူရမှူးမင်းဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၄ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၈-၂၀၁၈ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [၂၆-၈-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် အမှတ် ၂၆၊ နတ်မောက်လမ်း၊ (Royal Lake)၊ ကန်တော်ကြီး၊ တာမွေမြို့နယ်နေအိမ်မှ ကားများစတင်ထွက်ခွာ၍ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဆရာမကြီးဒေါ်ဝင်းခင် (ငြိမ်း)
**အလက(မြို့မ)၊ (ကျောက်တန်းမြို့နယ်အသင်း ကန်တော့ခံ)**
**အသက်(၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မင်းလမ်း၊ အလယ်ပိုင်းရပ်ကွက်၊ အမှတ် ၃၃နေ (ဦးထွန်းစိန်-ဒေါ်ရင်မေ)တို့၏သမီး၊ (ဦးခင်အောင်-ဒေါ်အုံးကြည်)၊ (ဦးသန်းရွှေ)၊ ဒေါ်စိန်ရှင်၊ ဒေါ်တင်လှိုင်တို့၏ညီမ၊ (ဦးသိန်းဦး)-ဒေါ်မြင့်ရီ၊ ဦးအုန်းစန်း-ဒေါ်ခင်မူ၊ (ဦးစန်းမြင့်)-ဒေါ်သူဇာရွှေ၊ ဒေါ်သန်းသန်းစိုး(မြို့မအလက၊ ငြိမ်း)၊ ဒေါ်အေးအေးပြုံး (မြို့မအလက၊ ကျောက်တန်း)တို့၏ အဒေါ်၊ ဒေါက်တာသူဇာဇင်၊ ကိုအောင်ကျော်ကျော်-ဒေါက်တာကြည်ပြာလွင်၊ မောင်သက်ပိုင်ဇော်၊ မရူပါဖြိုး၊ မသဥ္ဇာသိမ့်သိမ့်ထွန်း(UPG)၊ ဗိုလ်ကြီးသန်းမင်းထွန်း-မမြင့်မြတ်သူတို့၏အဘွားသည် ၂၄-၈-၂၀၁၈ရက် (သောကြာနေ့)နံနက် ၃း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်သိန်း
**ဂုဏ်ထူးဆောင်နာယက**
**မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ထွေးဖြူ၏ခင်ပွန်း၊ ဦးမျိုးကျော်ဦး(တွဲဖက်အတွင်းရေးမှူး)၏ဖခင် ဦးကျော်သိန်းသည် ၁၉-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်သင်သင် (လေယာဉ်ပျံတိုက်)
**ရေဦးမြို့**
**အသက်(၇၃)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ချမ်းသာရပ်၊ တရုတ်တန်းလမ်း၊ လေယာဉ်ပျံတိုက်နေ(ဦးဘထောင်-ဒေါ်သန်းစိန်)တို့၏သမီး၊ (ဦးဘမောင်-ဒေါ်တင်ကြူး)တို့၏သမီးချွေးမ၊ (ဦးခင်မောင်ငွေး)၏ဇနီး၊ ကိုသွေးဦးငွေး-မခင်ဆွေဝင်း၊ ကိုဇာနည်ငွေး-မကြူကြူ၊ ဒေါက်တာကျော်သူရိန်-ဒေါက်တာခင်ကုဋေကြွယ်ငွေးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဦးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယကာကြီး**
## ဦးစံမြင့်(ခ) S.MUNUSAMY
**B.A, R.L**
**တရားလွှတ်တော်ရှေ့နေ(သဃ်န်းကျွန်းမြို့နယ်တရားသူကြီးဟောင်း)**
**တပ်ကြပ်ကြီးစာရေး၊ငြိမ်း၊ တပ်မတော်မှတ်တမ်းရုံး)**
**(မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအမျိုးသားဗဟိုအဖွဲ့ချုပ် အတွင်းရေးမှူးဟောင်းနှင့် အခြေပြ ဟိန္ဒူဓမ္မကျမ်းများပြုစုသူ)**
**(မော်လမြိုင် အထက-၂၊ ကျောင်းသားဟောင်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊(၁)ရပ်ကွက်၊သီရိမာလာလမ်း၊အမှတ် ၃၂နေ ဒေါ်ရီရီနု(ခ)ဒေါ်နီလာ၏ချစ်လှစွာသောခင်ပွန်း ဦးစံမြင့်(ခ)S.MUNUSAMY သည် ၂၂-၈-၂၀၁၈ရက် နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၈-၂၀၁၈ရက်တွင် ရေဝေးဟိန္ဒူသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစံမြင့်(ခ) S.MUNUSAMY
**B.A, R.L**
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၇၃)နှစ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီ ရွေးချယ်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစံမြင့် (ခ) S.MUNUSAMY သည် ၂၂-၈-၂၀၁၈ရက် နံနက် ၁း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်ရွှေ(ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင်**

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ရီတင်
**B.A.Ed, B.Ed:**
**အထက်တန်းပြ(ငြိမ်း)**
**အသက်(၇၈)နှစ်**

၁၉-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားခဲ့သော မိခင် ဒေါ်ရီတင် အသက်(၇၈)နှစ် ဆေးရုံတက်ရောက်စဉ်က အထူးစောင့်ရှောက်ကုသပေးခဲ့သော သမားတော်ကြီး ဒေါက်တာဒေါ်ခင်သန္တာအေး၊ ကိုယ်တိုင်လာရောက်အားပေးပါသော သမားတော်ကြီး ဒေါက်တာဒေါ်ခင်ထွေး၊ အနီးကပ်ပြုစုပေးပါသော မြောက်ဥက္ကလာပ လကမ္ဘာဆေးရုံမှ ဆရာဝန်များ၊ သူနာပြုအုပ်ဆရာမကြီး၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းအားလုံးအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ Facebook, Email တို့ဖြင့် ဆက်သွယ်မေးမြန်းအားပေးကြသူများ၊ ကွယ်လွန်သွားပြီးချိန်တွင် နာရေးကိစ္စအဝဝတို့ကို မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော မြသက်တင်ဆောက်လုပ်ရေး(MTT Construction Co.,Ltd)မှ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ၊ သက်န်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ခဲ့ကြသူများ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဖခင်ကြီး၏ ချစ်ခင်ရင်းနှီးသောမိတ်ဆွေများ၊ မိခင်ကြီး၏ ချစ်ခင်ရင်းနှီးသော ဆရာ၊ ဆရာမမိတ်ဆွေ သူငယ်ချင်းများ၊ မိခင်ကြီး၏ ချစ်တပည့်များ၊ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကြောင်(ခ)ဦးလေးမြင့်
**အသက်(၈၂)နှစ်**

(ဦးစစ်ရောင်-ဒေါ်အေး)တို့၏သား၊ ဒေးဒရဲ၊ ရုံးကြီးကွက်သစ် ဖလမ်းနေ (ဒေါ်မြခင်)၏ခင်ပွန်း၊ သား ငါးယောက်၊ သမီး သုံးယောက်တို့၏ဖခင်၊ (ဒေါ်ကျင်လှ-ဦးစံ)၊ (ဦးချစ်ပု)တို့၏ညီ၊ (ဦးစန်းလွင်)၏အစ်ကိုသည် ၂၄-၈-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(ခ)ဦးဗိုထုံး
**(ဟသ်ာတမြို့)**
**အသက်(၈၀)**

ဟသ်ာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ၄လမ်း၊ အမှတ် ၃၃၈နေ (ဦးအောဝါး-ဒေါ်ကြည်)တို့၏သား၊(ဒေါ်ခင်မာမာ)၏ခင်ပွန်း၊ ကိုနိုင်ထွန်းအောင်-မအိအိခိုင်(ခေတ္တ-စင်ကာပူ)တို့၏ချစ်လှစွာသောဖခင်သည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကြက်သွန်ရိုး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအုန်းကျော်
**ဌာနခွဲမှူး၊ စက်မှု(၂)(ငြိမ်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၁လမ်း၊ အမှတ် ၂၇၊ ခြောက်လွှာ(A)နေ (ဦးတင့်-ဒေါ်မြင့်)တို့၏သား၊ ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း၊ (ဦးအေးရွှေ)-ဒေါ်အေးအေးချို၊ ဦးသန့်ဇင်-ဒေါ်ခင်သိန်း၊ ဦးအောင်မြင့်-ဒေါ်မြမြလွင်၊ ဦးတင်အေး-ဒေါ်ခင်သန်းဆင့်၊ ဦးမင်းအောင်-ဒေါ်ဖြူဖြူစိန်တို့၏အစ်ကို၊ ဦးလေးနိုင်ဦး-ဒေါ်ဝင်းဝင်းမြင့်၊ ဦးမြင့်ကျော်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဝင်းမြင့်အောင်-ဒေါ်မာလာ၊ ဒေါ်နှင်းအေးဝင့်တို့၏ဖခင်၊ မြေးငါးယောက်၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီးသည် ၂၂-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်သန်းသန်းမြင့် (ကျောက်ဖြူ)
**ကျောင်းအုပ်ဆရာမကြီး (အမက-၂၀၊ မြောက်ဥက္ကလာပ)**
**အသက်(၅၂)နှစ်**

ကျောက်ဖြူမြို့၊ မြစ်နားတန်း၊ ကမ်းနားလမ်းဈေးအနီးနေ (ဦးစောမောင်-ဒေါ်ရွှေကြည်)တို့၏သမီး၊ ဦးစံရွှေ-ဒေါ်ခင်ခင်အေး၊ (ဦးစံငွေ)-ဒေါ်မြင့်ရီ၊ (ဦးအောင်သာကျော်)-ဒေါ်သန်းညွန့်၊ ဦးကျော်ငြိမ်း-ဒေါ်စန်းလွင်တို့၏ညီမ၊ ဦးဇော်နိုင်၏ဇနီး၊ မောင်အောင်သူရနိုင်၊ မအေးသန္တာနိုင် (သတ္တမတန်း-C ၊ အထက-၁၊ မြောက်ဥက္ကလာပ)တို့၏မိခင်သည် ၂၄-၈-၂၀၁၈ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမက-၂၀၊ မြောက်ဥက္ကလာပ နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမက-၂၀ ကျောင်းဝင်းအတွင်းရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ တံတား ဒါယိကာမကြီး**
## ဒေါက်တာခင်မိုးမိုးစီ(ခ)မိုးမိုးစီ (တောင်တွင်းကြီး)
**ဒု-ညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန**
**အဏုမြူစွမ်းအင်ဌာန(ရန်ကုန်)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရေဝတီလမ်း၊ အမှတ် ၁၃(က)၊ မြေညီထပ်နေ ဦးကြည်လင်း-(ဒေါ်ခင်တီ)တို့၏သမီး၊ ကိုစိုးအောင်-(မသင်းသင်းစီ)၊ ကိုခင်မောင်ဝင်းစီ-မန္တယ်နီဝင်းတို့၏ညီမ၊ ကိုစသိန်းလွင်-မမင်းမင်းစီ၊ ကိုခင်မောင်လွင်စီ-မခင်သန်းထိုက်၊ ကိုစည်သူအောင်-မမော်မော်စီတို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးကြည် (ရေကျော်)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မြောင်းကြီးလမ်း၊ (၉)ရပ်ကွက်၊ အမှတ် ၂၀နေ (ဦးစောအောင်-ဒေါ်ငြိမ်းခင်)တို့၏သမီး၊ ဦးသက်တင်-ဒေါ်နုနုခင်၊ (ဦးတင်စိန်)-ဒေါ်သန်းသန်းဝင်း၊ (ဦးဝင်းနွယ်)-ဒေါ်စိုးစိုးဝင်း (အထက-၃၊ ပုဇွန်တောင်)၊ (ဒေါ်ချိုချိုဝင်း)၊ ဦးနိုင်အောင် (LANN PYI MARINE CO.,LTD)-ဒေါ်မျိုးသူဇာနိုင်(ထုတ်လုပ်ရေးဌာန)YCDC၊ ဦးမျိုးနိုင်-ဒေါ်ခင်စန်းလှိုင်တို့၏မိခင်၊ ဦးငွေးကို-ဒေါ်တင်တင်မာတို့၏အဒေါ်၊ မြေး ၁၅ယောက်၊ မြစ် ကိုးယောက်တို့၏ဘွားဘွားကြီး၊ (ဦးစိန်ထွန်း)၏ဇနီးသည် ၂၄-၈-၂၀၁၈ရက်(သောကြာနေ့)နံနက် ၅း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်မင်းဝင်း(ခ)
## တရုတ်ကြီး
**B.A (Myanmar)**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၅)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ် ၄၆၅နေ (ဦးဝင်း၊ လဝကဦးစီးအရာရှိ၊ ငြိမ်း) - ဒေါ်ကြည်တင်တို့၏သား၊ဦးထွန်းထွန်းဦး-ဒေါ်အေးအေးမြိုင် (လူမှုဖူလုံရေး၊ မ/ဒဂုံ)၊ ဒေါ်ယဉ်ယဉ်ဝင်း၊ ဒေါ်ဥမ္မာဝင်း (အမက-၃၀၊ သာကေတ)၊ဦးဇော်မျိုးဝင်း(လဝကမှူး၊ ကြည့်မြင်တိုင်)-ဒေါ်ခင်တိုးဝင်း၊(ဦးနေမျိုးအောင်)တို့၏ညီ/မောင်၊ ဦးဇင်မင်းဝင်း (Premier Plastic Industries Co., Ltd) - ဒေါ်သီတာဦး (Naw Trading)၊ ဦးတိုးတိုးတို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဘကြီး၊ ဦးလေးသည် ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၈ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/1173, Toyota Pobox NCP 55, S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ချို ၁၂/သလန(နိုင်)၀၂၂၃၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

# ပြည်ပကုန်သွယ်မှုမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၃၅၂၀ ဆောင်ရွက်နိုင်ခဲ့

## ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်အမှာစကားပြော



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
သတင်းစဉ်

**ရန်ကုန် ဩဂုတ် ၂၄**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁*

## တွေ့ဆုံပွဲသို့ တက်ရောက်မည့် လုပ်ငန်းရှင်များအား အသိပေးခြင်း

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီ ၁၅ မိနစ်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) မှ အလှူရှင်များ၊ အစိုးရနှင့် ပုဂ္ဂလိကဘဏ် လုပ်ငန်းရှင်များနှင့် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ကြားထားပြီး ဖြစ်သည်။

ဖိတ်ကြားထားသူများအနေဖြင့် လူဝင်ခွင့်နှင့် ယာဉ်ဝင်ခွင့်ကတ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁) နေပြည်တော်တွင် ဩဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီမှ ၂၇ ရက် မွန်းတည့် ၁၂ နာရီအထိ ထုတ်ပေးမည်ဖြစ်ပြီး ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ ၀၆၇၃၄၀၇၆၃၅၊ ၀၆၇၃၄၀၇၀၂၆ နှင့် ၀၆၇၃၄၀၇၇၄၆ တို့ ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက် ပန်းခြံရှိ ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်မည့် မြေနေရာနှင့် ပြခန်းများအား ကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် မော်စကိုမြို့မှ ၁၀၇ ကီလိုမီတာအကွာအဝေးရှိ ကာလုဂါပြည်နယ် မာရိုစ်မြို့အနီး ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံရှိ ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်မည့် မြေနေရာအား ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံရှိ ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်မည့် မြေနေရာအား ကြည့်ရှုကြပြီး ရုရှားနိုင်ငံပြခန်း၊ ဥရောပပြခန်းများနှင့် အရှေ့တောင်အာရှ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁*


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံရှိ ပြခန်းများ ကြည့်ရှုလေ့လာစဉ်။

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ
ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

ထိခိုက်ဒဏ်ရာနှင့် အရိုး၊ အကြောခွဲစိတ်မှုနယ်ပယ်တွင်
နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော ဆရာဝန်ကြီး
ဒေါက်တာမောင်ဝင်း
MBBS, MD, Consultant Orthopedics, Chief, Sports medicine, Orthopedic Department
၁.၉.၂၀၁၈ မှ ၉.၉.၂၀၁၈ ထိ

နှလုံးရောဂါ အထူးကုသမားတော်ကြီး
ဒေါက်တာမောင်မောင်ခင်
MBBS, MD, Internal Medicine / Cardiology
Assistant Professor of Cardiovascular Medicine, University of South Florida College of Medicine, USA
၁၃.၉.၂၀၁၈ မှ ၂၆.၉.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂